
www.burmeseclassic.com

# မင်းပုည

# ဝိညာဉ်တစ်ခုရဲ့ဆန္ဒ




www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် - ၄၀၁၉၉၅၁၂၀၀
မျက်နှာဖုံးခွင့်ပြုချက် - ၄၀၁၂၉၂၀၀၇
စီစဉ်သူ - ကိုဖြိုး (စိန်မိုးထံစာပေ)
မျက်နှာဖုံးပန်းချီ - သန်းဇော်သစ်
ထုတ်ဝေသူ - ဒေါ်ခင်သင်းနွယ် (သင်းစာပေ)
အမှတ် ၁၀/ရတနာမြိုင်လမ်း၊
တာမွေမြို့နယ်၊ ရန်ကုန်။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ - ဦးကျော်စိန် (ကျောက်စိမ်းပုံနှိပ်တိုက်)
အမှတ်(၁၇၁)၊ ၃၃ လမ်းအထက်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

(ပထမအကြိမ်)
(၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ)

အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၂၀၀

မင်းပုညာ ၈၉၅.၈၃
ဝိညာဉ်တစ်ခုရဲ့ဆန္ဒ/ မင်းပုညာ။ -ရန်ကုန်၊
သင်း စာပေ၊ ၂၀၀၇ ။
၁၆၇-စာ ၊ ၁၃.၂၁ × ၂၀.၈၃ စင်တီ၊
( ၁ ) ဝိညာဉ်တစ်ခုရဲ့ဆန္ဒ

# မင်းပုညာ

# ဝိညာဉ်တစ်ခုရဲ့ဆန္ဒ

စီစဉ်သူ ကိုဖြိုး

စိန်မိုးထံစာပေ

www.burmeseclassic.com

"အဘရဲ့အသက်တာ၊ သုံးရာကျော်နေပြီ
အဘလူတစ်ယောက်ကို စောင့်နေတာ၊
သူ့ကိုတွေ့ပြီးတာနဲ့ အဘ
လူလောကအလယ်မှာ
နေရတော့ဘူး။
သူ့ကို တွေ့ပါစေလို့လဲ
အစ်တော်ဆီမှာ
အဓွအတူအညီတောင်းတယ်။

မိနေ့...

လူတစ်ဖက်သားကို လိမ်ညာတာထက်
မိမိစိတ်ကို ပြန်ပြီးလိမ်ညာနေတဲ့သူဟာ
လွန်စွာ သနားစရာကောင်းသလို
မိမိရဲ့ စိတ်ကိုလည်း
နှိပ်စက်နေတာနဲ့ အတူတူပဲ။
တစ်ခုတော့ ပြောချင်တယ်...။

www.burmeseclassic.com

www.burmeseclassic.com

## အဖွင့်

"ကျွန်မကို မသတ်ပါနဲ့"

"မသတ်ပါနဲ့..."

"သေရမှာ ကြောက်လို့ပါ...တောင်းပန်ပါတယ်"

"ကျွန်မ တောင်းပန်ပါတယ်"

"ဝုန်း...."

"ဂျိမ်း..."

# အခန်း(၁)

ထွက်ပေါ်လာတဲ့အသံကြောင့် လွန်စွာထိတ်လန့် တုန်လှုပ်သွားသည်။

"ကိုနန္ဒ. . . ကိုနန္ဒ"

"ရှင်. . . တော်တော် မျှော်နေတယ်မဟုတ်လား"

ကိုနန္ဒသည် အသံပိုင်ရှင်အား ကြည့်လိုက်သည်။

အဖြူရောင်ဝတ်စုံနှင့် မိန်းမချောလေးတစ်ယောက် နှစ်ဆယ်ကျော် သုံးဆယ်ဝန်းကျင်. . .။ အမြင်အာရုံမှာလည်း မိုးတဝါးနှင့် ခေါ်သံများမှာလည်း ရင်ထဲတွင် ထိတ်လန့်ချောက်ခြားနေသည်။

အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားသည့် နက်မှောင်နေသော ဆံပင် များသည် လွင့်ကျနေသည်။ ကုတင်ပေါ်မှာအိပ်နေတဲ့ ကိုနန္ဒသည် ထိုမြင်ကွင်းကြောင့် တုန်လှုပ်ချောက်ခြားနေသည်။

ကိုနန္ဒသည် ချက်ခြင်းထိုင်လိုက်သည်။

အဖြူရောင်ဝတ်စုံနှင့် မိန်းကလေးအား စိုက်ကြည့်နေ

www.burmeseclassic.com



သည်။

ဝင်းသည် ရှေ့မှာရပ်နေတဲ့ မိန်းကလေးကို ရင်းရင်းနှီးနှီး သိသည်။ မိန်းကလေးရောက်ရှိလာတာကို ကိုနန္ဒအတွက် ငှက်ဆိုး တစ်ကောင်ရောက် ရှိလာသလို ထင်မှတ်နေသည်။

"မင်း ဘယ်သူလဲ။ ငါ့အခန်းထဲကို ဘာလာလုပ်တာလဲ၊ အခု ထွက်သွားပါ"

"ထွက်သွားမှာပါ. . . အခုတော့ မဟုတ်သေးဘူး၊ ရှင်း စရာလေးတွေ ရှိသေးတယ်၊ အဲဒါရှင်းပြီးရင် သွားမှာပါ"

"ဘာမှ ရှင်းဖြစ်ရာမလိုဘူး၊ အခုထွက်သွားပါ"

"အဲဒီလိုတော့ သူစိမ်းမဆန်ပါနဲ့ ကိုနန္ဒရယ်။ တစ်ချိန် တုန်းက ကျွန်မကိုအချစ်ဆုံးဆို၊ ဝတီဖူးကိုအချစ်ဆုံးဆို။ အဒီ စကားတွေ ဘယ်ရောက်ကုန်ပြီလဲ၊ ဝတီဖူးဆိုတဲ့ ကျွန်မအစား ဘယ် သူ့ကို ပြောနေပြန်ပြီလဲ"

"မသိဘူး. . . ငါဘာမှမသိဘူး၊ မင်း ငါ့အခန်းထဲက အခုထွက်သွား"

ကိုနန္ဒသည် ပြတ်ပြတ်သားသား ငြင်းဆိုနေသည်။

အဖြူရောင်ဝတ်စုံနှင့် မိန်းကလေးသည် ဝင်းစကားကို နားမထောင်၊ တစ်လှမ်းချင်း ရှေ့ကိုတိုးလာသည်။

ကိုနန္ဒသည် ကြောက်စိတ်များဖြင့် အနောက်ကို ဆုတ်နေ သည်။ တစ်ကိုယ်လုံးချွေးစီးများ ထွက်နေသည်။

အသားများလည်း တစ်စပ်စပ်တုန်နေသည်။

"မထွက်နိုင်ဘူး. . . ကျွန်မ ရှင်နဲ့စကားပြောစရာ ရှိတယ်။ အဲဒါတွေ ပြောခွင့်မရရင် ဘယ်ကိုမှ မသွားဘူး"

"မသိဘူး၊ မကြားချင်ဘူး. . . မင်းအခုထွက်သွား. . .





ထွက်သွား. . ."

ကိုနန္ဒသည် ပြတ်သားစွာ ငြင်းဆိုရင်း၊ ထွက်ပြေးရန်ဟန် ပြင်နေသည်။

"ထွက်ပြေးဖို့ မကြိုးစားပါနဲ့ကိုနန္ဒ၊ ကျွန်မ တံခါးကို သော့ခတ်ထားပြီးမှ ဝင်လာခဲ့တာပါ"

"မင်း. . . မင်း. . . အခု ငါ့အခန်းထဲက ထွက်သွားပါ။ ငါ မင်းကို တစ်ခုခုလုပ်မိလိမ့်မယ်"

"ကျွန်မက သေပြီးသားလူလေ ကိုနန္ဒရဲ့၊ နောက်တစ်ခါ ထပ် မသေရတော့ဘူး၊ အဲဒါ ရှင်သိတယ်မဟုတ်လား"

"မင်း ဘယ်သူလဲ"

"ငါ့ကို ဘာလုပ်မလို့လဲ"

ပြောရင်း နောက်နံရံဘက်ကိုဆုတ်နေသည်။ သူမက ရှေ့ကို တစ် လှမ်းခြင်းတိုးလာသည်။ သူမရဲ့ မီးဟုန်းဟုန်းတောက်လောင် နေတဲ့ အကြည့်များသည် ကိုနန္ဒအတွက် အရည်ပျော်ကျသွားနိုင် သည်။

"ကျွန်မနာမည်ကို ရှင်သိပြီးသားပါ၊ ရှင်က မသိဟန် ဆောင်နေ တော့လဲ ပြောပြရတာပေါ့"

သူမသည် ကိုနန္ဒအား တစ်ချက်ကြည့်လိုက်သည်။

"ပြော. . . မြန်မြန်တာပြော"

"ပြောမှာပါ ကိုနန္ဒရဲ့. . . အဲဒီလောက်လဲ စိုးရိမ်မနေပါ နဲ့၊ ကျွန်မ နာမည် ဝတီဖူး"

"ဟင်. . . ဘယ်လို. . . ဝတီဖူး. . . ဟုတ်လား"

"အမလေး. . . သရဲ. . . သရဲ"

ကိုနန္ဒသည် ကြောက်စိတ်များစွာဖြင့် ထခုန်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝတီဖူးသည် ကိုနန္ဒအနားကို ရောက်ရှိရန်ကြိုးစားနေသည်။ အရှေ့ကိုတိုးလာတဲ့ ဝတ်စုံဖြူမိန်းကလေးကို သေချာကြည့်နေသည်။ ဝတီဖူးမျက်နှာသည် မီးတွေလောင်နေသည်။

ရင်းမြင်ကွင်းသည် လွန်စွာအံ့သြစရာဖြစ်နေသည်။ ခေတ္တအတွင်းမှာ မီးလောင်တာတွေ ပျောက်ကွယ်သွားသည်။ မျက်နှာတစ်ခုလုံး အစွယ်များထင်းနေသည်။ စောစောကတွေ့လိုက်ရတဲ့ ဝတီဖူးမျက်နှာ မဟုတ်တော့၊ အသက်ရှစ်ဆယ်ကျော် အဖွားကြီးမျက်နှာလို ဖြစ်နေသည်။

ခဏအကြာတွင် မျက်နှာတစ်ခုလုံး ရှည်လျားတဲ့အမွေးအမျှင်များ ထွက်လာသည်။

ပုံစံအမျိုးမျိုးပြောင်းနေတဲ့ ဝတီဖူးရဲ့ဖြစ်ရပ်သည် ကိုနန္ဒအတွက် ကြောက်ရွံ့စိတ်ပိုလာသည်။

ကိုယ်ခန္ဓာတစ်ခုလုံး ကြောက်ချွေးများ ရွှဲရွှဲစိုနေသည်။ ဝတီဖူးရဲ့ ဖြစ်ရပ်ကို မကြည့်ရဲအောင် ဖြစ်နေသည်။

"မင်းအခု ငါ့အခန်းထဲက ထွက်သွား"

"ထွက်သွား"

အသံကုန်အောင် အော်ဟစ်နေသည်။

ဝတီဖူးသည် ကိုနန္ဒရဲ့အော်ဟစ်မှုကို ဂရုမစိုက်။ လက်နှစ်ဖက်ကို ရှေ့သို့ဆန့်တန်းလိုက်သည်။

"သွား. . . သွား. . . အခုထွက်သွား"

ပြောဆိုရင်း ကိုနန္ဒသည် သတိလစ်သွားသည်။



# အခန်း(၂)

"ကိုနန္ဒ သတိရလာပြီလား"

ဒေါက်တာ အောင်ကောင်းရဲ့အသံ ဖြစ်သည်။ အသံကြားသည်နှင့် မှိတ်ထားတဲ့ မျက်လုံးများပွင့်လာသည်။ ကုတင်ဘေးမှာ ကြပ်ကိုကိုင်ပြီး ရပ်နေတဲ့ဒေါက်တာကို အထင်းသားတွေ့လိုက်သည်။

ဒေါက်တာရဲ့ဘေးမှာ ရပ်နေတဲ့သူက အသက်နှစ်ဆယ်ကျော် မိန်းမချောလေးတစ်ယောက် ဖြစ်နေသည်။

"သရဲ. . . သရဲ"

ကိုနန္ဒသည် မိန်းကလေးကို တွေ့လိုက်ရ၍ သရဲဟုအော်တာ သရက် ထထိုင်လိုက်သည်။

"ကိုနန္ဒ. . . စိတ်ကို ထိန်းပါ။ ဒီအခန်းထဲမှာ သရဲ ပါဘူး"

"ဟိုမှာ. . . ဟိုမှာ သရဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာလဲ. . . သရဲ၊ ဒီအခန်းထဲမှာ ကိုနန္ဒရဲ့ အိမ်သားတွေပဲ ရှိပါတယ်၊ အဲဒါ သရဲမဟုတ်ပါဘူးကိုနန္ဒ၊ ခင်ဗျားရဲ့ ချစ်သူ ချယ်ရီဦးပါ"

ဒေါက်တာအောင်ကောင်းရဲ့ စကားသည် ကိုနန္ဒအတွက် အထောက်အကူ ဖြစ်သွားသည်။

ချယ်ရီဦးကို သေချာစိုက်ကြည့်နေသည်။

ကိုနန္ဒသည် ကြောက်စိတ်များစွာ လွှမ်းမိုးနေ၍ တွေ့တဲ့ မိန်းကလေးများကို သရဲတစ္ဆေဟု ထင်မှတ်နေသည်။

"မဟုတ်ဘူး. . . မဟုတ်ဘူး. . . ချယ်ရီဦး မဟုတ်ဘူး၊ သူက ဝတီဖူး . . . ဝတီဖူး"

"သွား. . . သွား. . . အခုထွက်သွား. . . မင်းဝတီဖူး"

အနားမှာရပ်နေတဲ့ ချယ်ရီဦးကို ဝတီဖူးဟု ထင်မှတ်ပြီး မောင်းထုတ်နေသည်။

တကယ်တော့. . .

ချယ်ရီဦးသည် ကိုနန္ဒရဲ့ချစ်သူဖြစ်သည်။

ကိုနန္ဒဟာ ဝတီဖူးကြောင့် စိတ်များချောက်ခြားနေသည်။

ကိုနန္ဒသည် စိတ်ဝေဒနာရှင် တစ်ယောက်ဟု သတ်မှတ်၍ မရ၊ လူကောင်းတစ်ယောက်လည်း မခေါ်ဆိုနိုင်. . .။

၎င်း၏ အခြေအနေအမှန်ကို အဖြေဖော်ထုတ်မရအောင် ဖြစ်နေသည်။ တစ်ခါတစ်ရံ ဇနီးသည်ချယ်ရီဦးကို သတိရသည်။ ဇနီးမှန်းသိသည်။ တစ်ခါတစ်ရံ ဘာကိုမှ မမှတ်မိ။

ချယ်ရီဦးကို သရဲတစ္ဆေဟု ထင်မှတ်နေသည်။ ယခုတော့ ချယ်ရီဦးကို သရဲဟု ထင်မှတ်နေသည်။ ဒေါက်တာအောင်ကောင်းသည် အနီးမှာရှိတဲ့ ချယ်ရီဦးကို ကြည့်လိုက်သည်။





ချယ်ရီဦးသည် ကိုနန္ဒရဲ့ဖြစ်ရပ်ကို ဘယ်လိုမှနားမလည်နိုင်အောင် ဖြစ်နေသည်။

"မချယ်ရီဦးအပြင်ကို ခဏထွက်ပေးပါ"

"ကောင်းပါပြီ ဆရာ"

သူမသည် ကိုနန္ဒအားကြည့်ပြီး အပြင်ကိုထွက်သွားသည်။

ကိုနန္ဒသည် သူမကို ဂရုတစိုက်ကြည့်နေသည်။ ဒေါက်တာအောင် ကောင်းသည် မိသားစုဆရာဝန်တစ်ဦးသာ ဖြစ်သည်။ အခုလို ကိုနန္ဒ စိတ်ဝေဒနာခံစားနေချိန်တွင် အနီးကပ်ပြုစုစောင့်ရှောက်ပေးသည်။ အိမ်သားအားလုံးကလည်း ဒေါက်တာအောင်ကောင်းကို အားကိုးကြသည်။

ဒေါက်တာအောင်ကောင်းသည် ကိုနန္ဒကို အကဲခတ်ကြည့်နေသည်။ ကိုနန္ဒရဲ့စိတ်ကိုစစ်ဆေးရန် အိမ်မှာကတည်းက စဉ်းစားခဲ့တဲ့ ဒေါက်တာအောင်ကောင်းသည် ယခုနေ့၌ ကိုနန္ဒကို စစ်ဆေးမှုပြုလုပ်ရန် ဖြစ်သည်။

စိုးရိမ်စိတ်များ လွှမ်းမိုးနေတဲ့ ကိုနန္ဒသည် ဒေါက်တာအောင်ကောင်းရဲ့ ကြိုတင်စီစဉ်မှုကို မသိရှိခဲ့ပေ. . .

ကိုနန္ဒရဲ့စိတ်သည် ခန့်မှန်းရခက်နေသည်။

အရူးတစ်ယောက်ဟု မခေါ်ဆိုနိုင်သလို၊ လူကောင်း ပတတိသည်း မပြောနိုင်. . . မိဘအသိုင်းအဝိုင်းက ချမ်းသာသည်။

ကိုနန္ဒအတွက် အကုန်ခံနိုင်သည်။

ဒေါက်တာအောင်ကောင်းသည် အကောင်းဆုံးကုသမှုများပြုလုပ်ပေးနေသည်။

ထူးဆန်းတာတစ်ခုရှိသည်။

ကိုနန္ဒသည် နေ့ဘက်ထက် ညဘက်များမှာပို၍ စိတ်များ



www.burmeseclassic.com

www.burmeseclassic.com



ဖောက်ပြန်လေ့ရှိသည်။

ညဘက်ရောက်တာနှင့် စိတ်များက ခြောက်ခြားစွာဖြစ်ပြီး ဖောက်ပြန်လေ့ရှိသည်။

တစ်ယောက်တည်းနေရတဲ့အတွက်ကြောင့် ဟုထင်ပြီး၊ အဖော်ထားဖူးသည် မရ။

အဖော်ကိုပင် ကြောင့်ရွံ့ထိတ်လန့်ပြီး အော်ဟစ်ကာ နံရံကို ကုတ်တက်နေသည်။

အဖော်များသည် ကိုနန္ဒရဲ့ဖြစ်ရပ်ကို မြင်ပြီး၊ ၎င်းကိုပါ ကြောက်ရွံ့ကုန်ကြသည်။ ယခု ဒေါက်တာအောင်ကောင်းသည် ကိုနန္ဒအား ကြည့်နေသည်။ စိတ်ဖောက်ပြန်ချင်းမရှိ ခပ်အေးအေး ထိုင်နေသည်။

"ကိုနန္ဒ. . . "

"ဗျာ. . . ဒေါက်တာ"

"ခင်ဗျား. . . ကျွန်တော့်ကို မှတ်မိလား"

"ကျွန်တော် ဘာမှမဖြစ်ပါဘူး ဒေါက်တာ"

ဒေါက်တာအောင်ကောင်းသည် ကိုနန္ဒအား သေချာကြည့် လိုက်သည်။

"ခင်ဗျား. . . ကျွန်တော့်ကို ကတိတစ်ခုပေးပါ"

"ဘာကတိလဲ ဒေါက်တာ"

"တခြားမဟုတ်ပါဘူး ခင်ဗျားစိတ်ထဲမှာ ဘာတွေ ဖြစ်နေသလဲဆိုတာ ပြောပြဖို့ပါ"

"ကျွန်တော် ဘာမှမဖြစ်ပါဘူး ဒေါက်တာ"

"ကျွန်တော်လည်း အဲဒီလိုထင်ပါတယ်၊ ခက်နေတာ တစ်ခုက. . . "





"ကျွန်တော်ကို စိတ်ဝေဒနာရှင်လို့ ပြောမလို့လား ဒေါက်တာ"

ဒေါက်တာအောင်ကောင်းသည် ကိုနန္ဒစကားကို သဘော ကျနေသည်။ စိတ်ထဲမှာပြုံးနေမိသည်။ ကိုနန္ဒသည် သိစိတ်နှင့် မသိ စိတ်နှစ်ခုကို ခွဲမရအောင်ဖြစ်နေသည်။ ဒေါက်တာအောင်ကောင်း သိချင်တာတစ်ခုရှိသည်။ အကြောင်းမှာ ကိုနန္ဒသည် ဝတီဖူးနှင့် ဘယ်လောက်အတိုင်းအတာထိ ပတ်သက်ခဲ့ဖူးသလဲ. . .

ဝတီဖူး သေဆုံးရဟာ ဘာကြောင့်လဲ. . .

ဝတီဖူးကိုသတ်တာ ဘယ်သူလဲ. . .

ရိုးရိုးသားသားမှ ဟုတ်ရဲ့လား. . . ပဟေဠိများစွာကို အဖြေ ထုတ်နိုင်သေး။ ထူးဆန်းတဲ့ အချက်တစ်ခုရှိသည်။ ဝတီဖူးက သေဆုံးသွားတာ မဟုတ်ဘူး၊ ကိစ္စတစ်ခုကြောင့် ခရီးထွက်သွားတာ။ [illegible]မိသားစုများကလည်း ဝတီဖူးခရီးသွားတာဟု ထင်မှတ် နေကြသည်။

ဝတီဖူး ခရီးထွက်သွားတဲ့ အထောက်အထားတွေ ရှိသည်။ [illegible]ဆန်းတဲ့ ဖြစ်ရပ်များ အဖြေထုတ်ရန် ခက်နေသည်။ ဒေါက်တာ အောင်ကောင်းတစ်ယောက်အနေနှင့် ဝတီဖူးသေသွားတာပါလို့ [illegible]

[illegible]ပြောရလောက်အောင် အထောက်အထားများ မတွေ့ရှိရ။ အခက်ဆုံးတစ်ခုက. . . ဝတီဖူး ခရီးထွက်သွားတာမှန်ခဲ့ [illegible]ဒေသ သိရမည်။ ယခု မည်သူမျှမသိကြ. . .

"ခင်ဗျားက လူကောင်းတစ်ယောက်ပဲဗျာ. . . ဘယ်မှာ [illegible]ထဲ"

ကိုနန္ဒ တော့နပ်စွာ ပြုံးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုနန္ဒ"

"ဗျာ. . . ဒေါက်တာ"

"ဝတီဖူးကို သိလား"

"ဟာ. . . ဆရာကလည်း နောက်နေပြန်ပြီ ဝတီဖူးက ကျွန်တော့်ချစ်သူလေ၊ သူ့ကြောင့် ကျွန်တော် အသက်ရှင်နေတာပဲ"

"ဒါဆို ဝတီဖူးက ဘယ်မှာလဲ. . ."

"ခုနကပဲ ဒေါက်တာက အပြင်ထွက်ခိုင်းလိုက်တာပဲ၊ ဒေါက်တာက နောက်နေပြန်ပါပြီ"

"ဩော်. . . ဟုတ်တာပဲ. . . ကျူပ်မေ့သွားတယ် ကိုနန္ဒ စိတ်မဆိုးပါနဲ့ဗျာ"

ကိုနန္ဒသည် ကျေနပ်စွာ ပြုံးလိုက်သည်။

အနားမှာရှိနေတဲ့ ဒေါက်တာအောင်ကောင်းကို ကြည့်လိုက်သည်။ ဒေါက်တာအောင်ကောင်း စိတ်ထဲတွင် ကိုနန္ဒရဲ့ဖြစ်ရပ်ကို သဘောပေါက်သွားသည်။

ကိုနန္ဒသည် ချယ်ရီဦးကို ဝတီဖူးဟု ထင်မှတ်နေသည်။

တကယ်ပဲ မသိတာလား၊ မသိချင်ဟန်ဆောင်နေတာလား။ စဉ်းစားစရာ ဖြစ်လာသည်။

"ရပါတယ်. . . ဒေါက်တာ ကျွန်တော့်ကို တောင်းပန်စရာ မလိုပါဘူး"

"ဒါနဲ့ ကျွန်တော်တစ်ခုလောက် မေးချင်တယ်ကိုနန္ဒ"

"ဘာများလဲ ဒေါက်တာ. . . မေးပါ။ ကျွန်တော် စိတ်မဆိုးပါဘူး"

"ခင်ဗျားနဲ့ ဝတီဖူးက ချစ်သူတွေဆို"





"သိပ်ဟုတ်တာပေါ့ ဒေါက်တာ၊ ဝတီဟာ ကျွန်တော် အချစ်ဆုံးပါ။ ဝတီတလွဲပြီး ဘယ်သူ့ကိုမှ အစားထိုးလို့မရဘူး"

"အေးဗျာ. . . ခင်ဗျားဆီက ဒီစကားကြားရတာ လွန်စွာ ဝမ်းသာပါတယ်"

ဒါပေမယ့် ဒေါက်တာအောင်ကောင်းသည် စကားစကို ဖြတ်လိုက်သည်။ တကယ်တော့ ဒေါက်တာ အောင်ကောင်းသည် ဝတီဖူးနှင့်ပတ်သတ်တာတွေ မေးချင်သည်။

ကိုနန္ဒရဲ့ မိဘများ တားမြစ်ထားမှုကြောင့် မမေးဖြစ်ပေ။ ကိုနန္ဒ မိဘများသည် လွန်စွာချမ်းသာသည်။ တစ်ဦးတည်းသောသားလေးနန္ဒကို အသက်လောက်ချစ်ကြသည်။ ကိုနန္ဒဖြစ်စေချင်တာတွေကို အားလုံးဖြည့်ဆည်းပေးသည်။

ထိုကဲ့သို့ပြုလုပ်ပေးသလို ကိုနန္ဒကလည်း အမြဲတမ်း ပူဆာတတ်သည်။ ကိုနန္ဒသည် မိဘချမ်းသာသလို ၎င်းကိုယ်တိုင်တလည်း လွန်စွာချောသည်။ မိန်းကလေးတွေက ကိုနန္ဒကို ငေးကြည့်တတ်သည်။

ကိုနန္ဒသည် မိန်းကလေးတွေကို စိတ်ဝင်စားတတ်သူမဟုတ်၊ လွတ်လွတ်လပ်လပ် နေတတ်သည်။ ဖူးစာဟု ဆိုရမလား။ ဝတီဖူးကိုတွေ့လိုက်တော့ အချစ်ဆိုတဲ့စိတ်လေး မွေးဖွားထွက်ပေါ်လာသည်။ ဝတီဖူးကို အမြဲတမ်းတွေ့ချင်လာသည်။

ဝတီဖူးသည် ကိုနန္ဒ စွဲလန်းနှစ်သတ်လောက်အောင် ချောမောလှပသည်။ မိဘများက ချမ်းသာကြွယ်ဝနေ၍ သူမရဲ့အလှကို အထောက်အကူ များစွာဖြစ်ပေါ်စေသည်။

ယခုတော့ ကိုနန္ဒသည် ဝတီဖူးရဲ့စိတ်ကြောင့် လောကကြီးအပေါ် အကောင်းမြင်လိုက်၊ မကောင်းမြင်လိုက် ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုနန္ဒသည် ဒေါက်တာအောင်ကောင်းကို တစ်ချက်ကြည့်လိုက်သည်။

"ဒေါက်တာ ဘာပြောမလို့လဲ"

"ဘာမှမဟုတ်ပါဘူးဗျာ. . . ကျွန်တော် တစ်ခြားကိစ္စတစ်ခုကို တွေးမိလို့ပါ"

"ကျွန်တော်နဲ့ ပတ်သက်နေလို့လား ဒေါက်တာ"

"ခင်ဗျားနဲ့ ဘယ်လိုမှ မပတ်သက်ပါဘူး ကိုနန္ဒ"

တကယ်တော့ ဒေါက်တာအောင်ကောင်းရဲ့ စကားသည် မောင်နန္ဒနှင့် တိုက်ရိုက်ပတ်သက်နေသည်။

တားမြစ်ချက်တွေ ရှိနေတဲ့အတွက် မောင်နန္ဒစိတ်တွေ ဖောက်ပြန်ကုန်မှာစိုးရိမ်၍ မေးခွန်းချက်ခြင်း ရုပ်သိမ်းလိုက်ရသည်။

ဒေါက်တာအောင်ကောင်းသည် မောင်နန္ဒအား တစ်ချက်ကြည့်လိုက်သည်။

"ကိုနန္ဒ. . . ဆေးသောက်ကြရအောင်ဗျာ"

"ကျွန်တော့်မှာ ဘာရောဂါမှမရှိဘူးဆို. . .၊အခု ဘာကြောင့် သောက်ရတာလဲ ဒေါက်တာ"

"အားဆေးပါ ကိုနန္ဒ. . . ခင်ဗျားက သိပ်မအိပ်ဘူးလေဗျာ၊ အဲဒါကြောင့်ပါ"

"ကောင်းပါပြီ ဒေါက်တာ"

ဒေါက်တာအောင်ကောင်းသည် ပုလင်းထဲက ဆေးလုံးလေးများကို ထုတ်ယူလိုက်သည်။ မောင်နန္ဒ ဆေးသောက်ပြီးသည်နှင့် ဒေါက်တာအောင်ကောင်းသည် ဆေးသတ္တာကိုယူပြီး ထွက်သွားလေသည်။ မောင်နန္ဒသည် အခန်းတည်းမှာ တစ်ယောက်တည်း ကျန်ရစ်ခဲ့ပေတော့သည်။



# အခန်း(၃)

တိတ်ဆိတ်သောည။

အချိန်သည် ကျန်ခဲ့တဲ့နေ့ကို ကျော်ဖြတ်ပြီး နောက်တစ်နေ့ကို စတင် ဦးဆောင် ကူးဆက်နေသည်။

ပတ်ဝန်းကျင်သည် လွန်စွာတိတ်ဆိတ်နေသည်။

အသက်ရှိလူအများ သက်ရှိအပင်များ သတ္တဝါများသည် အနားယူ အိပ်စက်နေကြသည်။

အိမ်၊ တိုက်များရှိ မီးများပိတ်ထား၍ မှောင်မည်းနေသည်၊

မောင်နန္ဒအခန်းသေးသည် မှောင်မည်းခြင်းမရှိ။ အနုမြူရောင်မီးလေး တစ်လုံးထွန်းထားသည်။ အခန်း၏ကုတင်ပေါ်တွင် မောင်နန္ဒအိပ်စက်နေသည်။

ထိုအချိန်တွင် မောင်နန္ဒသည် အိပ်နေရာမှ ရုတ်တရက်ထလိုက်သည်။ ကိုယ်ပေါ်တင်ထားတဲ့စောင်လေးအား အသာဆွဲချပြီး အခန်းထောင့် စာရေးစားပွဲမှာ ဝင်ရောက်ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



စာရေးစားပွဲရှိ မီးလုံးလေးကို အသာဖွင့်လိုက်ရာ၊ ရုတ်တရက် လင်းထိန်လာသည်။

မောင်နန္ဒသည် စာရေးစားပွဲပေါ်တင်ထားတဲ့ စာအုပ်လေးကို ဖတ်ရန်ယူ လိုက်သည်။ မောင်နန္ဒသည် အစစအရာရာပူပင်စရာမရှိ၊ အအိပ်နှင့်အစား ထိုနှစ်မျိုးသာရှိသည်။

ယခုမိဘများတ ကျန်းမာရေးမကောင်းဟု သတ်မှတ်ပြီး အပြင်ကို သိပ်ထွက်ခွင့်မပြု။ အခန်းထဲမှာသာ အနေများသည်။

မောင်နန္ဒအတွက် စာဖတ်ရတာ အလုပ်တစ်ခုလိုဖြစ်နေသည်။

အချိန်သည် ညဉ့်နက်သန်းခေါင်ချိန် ကျော်နေသည်။

မောင်နန္ဒသည် စာဖတ်ရန် စာအုပ်ကို ဆွဲယူလိုက်သည်။ ဖတ်လက်စ စာမျက်နှာလေးကို လှန်လိုက်သည်။

"အား. . ." . . . . . "အမလေး. . ."

ကျယ်လောင်စွာ ထွက်ပေါ်လာသည့်အသံသည် ဂန်းကျင်ကို လွှမ်းမိုးသွားလေသည်။

"ဝုန်း. . ." . . . . . . . "ဝုန်း. . ."

ထွက်ပေါ်လာတဲ့ အသံနှင့်အတူ မောင်နန္ဒ ရုတ်တရက် ရပ်လိုက်ရာ အနောက်ကိုလဲကျသွားသည်။ အရှိန်နှင့်လဲကျသွား၍ ကိုယ်ခန္ဓာများ နာကျင်သွားပြီး ပို၍နာကျင်သွားတာက ဦးခေါင်းများဖြစ်သည်။ မောင်နန္ဒသည် ရုတ်တရက် ပြန်မထနိုင်အောင် ဖြစ်သွားသည်။

ယခုလိုဖြစ်ရသည်မှာ. . . တခြားမဟုတ်၊ မောင်နန္ဒရဲ့ချစ်သူ ဝတီဖူးပုံ ဖြစ်နေသည်။

စာရေးစားပွဲပေါ်တွင် ဝတီဖူးရဲ့ပုံကို တွေ့လိုက်ရပြီး။





ကြောက်ရွံ့ထိတ်လန့်သွားသည်။

ဓာတ်ပုံစားပွဲပေါ်ကို မည်သည့်အတွက်ကြောင့် ရောက်ရှိလာရသလဲ။ သူ့အခန်းထဲမှာ ဝတီးဖူးရဲ့ဓာတ်ပုံမရှိသည်မှာ ကြာခဲ့ပြီ။ ဘယ်အတွက်ကြောင့် ရောက်ရှိလာရတာလဲ၊ မောင်နန္ဒသည် ဘယ်လိုဖြစ်မှန်းမသိ. . . ဝတီဖူးဓာတ်ပုံ တွေ့လိုက်သည်နှင့် ယခုကဲ့သို့ တုန်လှုပ်ချောက်ခြားတတ်မြဲဖြစ်သည်။

"မောင်နန္ဒ. . . မောင်နန္ဒ"

"မောင်လေး. . . မောင်နန္ဒ တံခါးဖွင့်ပါဦး"

အပြင်မှာ ခေါ်နေကြသော်လည်း. . . မောင်နန္ဒအတွက် ပြန်လည်ထူးနိုင်တဲ့ စွမ်းအားမရှိတော့ အနောက်ကိုလဲကျတဲ့အရှိန်သည် လွန်စွာနာကျင်စေသည်။ ခေါ်နေသူများသည် မောင်နန္ဒအတွက် လွန်စွာစိုးရိမ်နေကြသည်။ မောင်နန္ဒအံထဲမှာ ဘယ်လိုဖြစ်နေသလဲ။ ကိုယ့်ကိုကိုယ်သေကြောင်းများ ကြံစည်နေသလား။ မောင်နန္ဒကတော့ သူတို့ထင်ထားသလိုမဟုတ်။

"ဟဲ့. . . လုပ်ကြပါဦး၊ အထဲမှာ ဘာဖြစ်နေပြီလဲ မသိဘူး၊ ခေါ်လို့ လည်းမရဘူး"

"တံခါးဖွင့်ကြပါ"

အပြင်မှာသာ စိုးရိမ်နေကြသည်။ အခန်းတံခါးကို မည်သူမျှ တွန်းဖွင့်ခြင်းမရှိ၊ မောင်နန္ဒအမေ စကားကိုကြားလိုက်ရတော့မှ သတိရလာသည်။

"သားလေး. . . မောင်နန္ဒ"

"မောင်လေး. . ."

တံခါးကို တွန်းလိုက်ရာ တံခါးသည် စေ့ထားသည်။ ၎င်းတို့သည် အခန်းထဲကိုဝင်လိုက်ကြရာ မောင်နန္ဒသည် လဲကျနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် လဲကျနေတဲ့ မောင်နန္ဒအားပွေ့ထူလိုက်သည်။ ရောက်ရှိသူများမှာ မောင်နန္ဒအမေနှင့် အစ်မများဖြစ်သည်။ သူတို့သည် မောင်နန္ဒအားချစ်ကြသည်။ အားငယ်နေတဲ့ မောင်နန္ဒသည် အမေနှင့် အစ်မများ ရောက်ရှိလာတော့ လွန်စွာဝမ်းသာသွားသည်။

"ဟာ. . . သွေးတွေ"

ထွက်ပေါ်လာတဲ့ အသံကြောင့် မောင်နန္ဒအမေ စိုးရိမ်သွားသည်။

"ဘယ်မှာလဲ. . . ဘယ်မှာလဲ"

"ဒီမှာ နနောက်စေ့ကွဲသွားတာ"

မောင်နန္ဒအမေသည် ထွက်ကျနေတဲ့သွေးများကို စမ်းလိုက်သည်။ လက်များတွင် သွေးစများ စွတ်စိုသွားသည်။

"ဟာ. . . ဟုတ်တယ်. . . ဟဲ့. . . ညီမလေး ဒေါက်တာဆီ ဖုန်းဆက်ပါဦး၊ ဘာဖြစ်သွားလဲမသိဘူး"

"ဟုတ်ကဲ့. . . မမ"

"ဟဲ့. . . သမီး စမ်းကြည့်ပါဦး၊ ဘယ်လိုဖြစ်နေလဲ"

"အဲဒီလောက် မစိုးရိမ်ရပါဘူး၊ တစ်ခုခုကြောင့် လဲသွားတာပဲ ဖြစ်ရမယ်"

"အဲဒါတွေလည်း မသိတော့ပါဘူးဟယ်၊ သားလေး အတွက်နဲ့ ငါလည်း သေမှာပဲ"

"မေမေကြီးကလည်း ဘာမှမဖြစ်ပါဘူး၊ သူ စိတ်သောကဖြစ်နေတဲ့အချိန်မို့ပါ"

"အဲဒီလိုဖြစ်ရတာ ငါ့ကြောင့်ဖြစ်ရတာ"

"မဟုတ်တာဘဲ မေမေကြီးကလည်း"

"သူကို အလိုလိုက်ထားမိလို့ပေါ့၊ သူ့ကို ထိန်းချုပ်





ထားလိုက်ရင် အခုလိုဖြစ်မှာ မဟုတ်ဘူး"

"ဖြစ်ချင်တဲ့သူက ဖြစ်ကိုဖြစ်ရမှာပါ၊ ဘယ်သူမှာမှ အပြစ်မရှိပါဘူး"

"ဆရာဝန်က အခုလာမယ်ပြောပါတယ် မမကြီး"

ထိုအချိန်တွင် ခြံစောင့်တစ်ယောက်နှင့် ထမင်းချက်လင်မယားတို့ပါ ရောက်ရှိလာကြသည်။ သတိလစ်နေတဲ့ မောင်နန္ဒကို ကုတင်ပေါ်သို့တင်လိုက် ကြသည်။

"ဟဲ့. . . ဒေါက်တာ ရောက်မလာသေးဘူးလား"

"ရောက်လာပါပြီ မမကြီး"

ထိုသို့ပြောနေချိန်တွင် ဒေါက်တာရောက်ရှိလာသည်၊ အားလုံးသည် ဒေါက်တာကို နေရာပေးလိုက်ကြသည်။

"ဒေါက်တာ. . . သားလေးကို ကြည့်ပါဦး"

"ဘာမှမဖြစ်ပါဘူး. . . စိုးရိမ်စိတ်ဖြစ်ရတာပါ"

ဒေါက်တာသည် မောင်နန္ဒအားစမ်းသပ်နေသည်၊ သွေးပေါင်ချိန်နေသည်။ ဒေါက်တာသည် မောင်နန္ဒအား ဆေးတစ်လုံးထိုးလိုက်သည်။ မောင်နန္ဒရဲ့ခေါင်းကဒဏ်ရာကို ဆေးများထည့်ပေးပြီး ပြုစုပေးလိုက်သည်။ မိနစ်ပိုင်းအတွင်းမှာ မောင်နန္ဒ သတိရလာသည်၊ အားလုံးသည် ကျေနပ်သွားကြသည်။

မောင်နန္ဒသည် မှိတ်ထားတဲ့မျက်လုံးကို ဖွင့်ကြည့်လိုက်တော့. . .

"ကိုနန္ဒ. . . မထပါနဲ့ဦး"

"ကျွန်တော် ဘာဖြစ်တာလဲ ဒေါက်တာ"

"ကျွန်တော် ဆေးခန်းကို ရောက်နေတာလား"

"မဟုတ်ပါဘူး. . . ခင်ဗျားအခန်းထဲမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာ သားလေးဘာဖြစ်တာလဲလို့ မေးပေးပါ"

ဒေါက်တာသည် မေးခွန်းကို အသိအမှတ်ပြုလိုက်ပြီး ခေါင်းညိတ်လိုက်သည်။ ဒေါက်တာသည် မောင်နန္ဒကို မေးခွန်းထုတ်ရန် စိတ်ကူးမိသော်လည်း ရုတ်တရက်မမေးဖြစ်။

ဒေါက်တာသည် လူနာရဲ့အခြေနေကို ကြည့်ရသည်။ တစ်ဖက်လူရဲ့ဆန္ဒထက် လူနာက ပို၍အရေးကြီးသည်။

လူနာတစ်ယောက်ရဲ့အခြေအနေသည် ဆရာဝန်ကသာ ပိုသိပြီး ဘယ်သူမှ ဆရာဝန်ထက်ပိုမသိပေ. . .။

"သက်သာရဲ့လား ကိုနန္ဒ"

"ဟုတ်ကဲ့. . ."

"ကိုနန္ဒ အပြင်ကပြန်လာတာ အတော်ပင်ပန်းလာတယ်နဲ့ တူတယ်"

"ကျွန်တော် ဒီနေ့အပြင်ကို မသွားပါဘူး ဒေါက်တာ"

"ဒါဆို ဘာဖြစ်လို့ အခုလိုဖြစ်သွားရတာလဲ"

မောင်နန္ဒသည် ဒေါက်တာရဲ့မေးခွန်းကို ရုတ်တရက်မဖြေ။ ပတ်ဝန်း ကျင်ကို အကဲခတ်ကြည့်နေသည်။

မောင်နန္ဒရဲ့အမေနှင့် အမများက မောင်နန္ဒရဲ့အဖြေကို စောင့်ဆိုင်း နေသည်။

မောင်နန္ဒသည် စာရေးစားပွဲကို ကြည့်လိုက်ပြီး၊ ကြောက်စိတ်များ ထလာသည်။ စိုးရိမ်စိတ်များ ထွက်ပေါ်လာသည်။ မျက်နှာသည် ချက်ခြင်းညှိုးကျသွားသည်။

"ဟို. . . ဟို"

"ဘာလဲ ကိုနန္ဒ"

"ဟိုမှာ ဝတီဖူး"





စာရေးစားပွဲကို လက်ညှိုးညွှန်လိုက်သည်။ အားလုံးသည် စာရေး စားပွဲကို ကြည့်လိုက်ကြတော့။ စာရေးစားပွဲသည် မည်သူ့ကိုမှ တွေ့ရှိခြင်းမရှိ။ ပြတင်းပေါက်မှ ဝင်ရောက်လာတဲ့ လေနုအေးကြောင့် လိုက်ကာသည် လှုပ်ခတ်နေသည်။ အားလုံးသည် လှုပ်ခတ်နေတဲ့လေနုအေးကိုတွေ့ရ၍ ကြောက်ရွံ့ထိတ်လန့်စိတ်များ ထွက်ပေါ်လာသည်။

"ဝတီဖူး. . . ဘယ်မှာလဲ ကိုနန္ဒ"

"စာရေးစားပွဲပေါ်မှာလေ"

"မရှိပါဘူး ကိုနန္ဒ"

"ရှိတယ် ဒေါက်တာ၊ သူ့ကြောင့် ကျွန်တော်အခုလိုဖြစ်ရတာပါ၊ မယုံရင် ဒေါက်တာသွားကြည့်ပါ"

ဒေါက်တာနှင့် မိသားစုများသည် မောင်နန္ဒအား နားမလည်စွာ ကြည့်လိုက်ကြရာ. . . ဇမောင်နန္ဒသည် စိတ်ဝေဒနာဖြစ်သွားပြီလားဟု ထင်မှတ်နေကြသည်။ မောင်နန္ဒရဲ့မိခင်သည် သူ့အတွက် စိတ်သောကရောက်ရသည်။

"အဲဒီ စားပွဲအနားကို သွားကြည့်လိုက်ပါ ဒေါက်တာ"

"ကျွန်တော် မဟုတ်တာ မပြောပါဘူး"

"ကောင်းပြီလေ. . . ကျွန်တော်သွားကြည့်ပါ့မယ်"

ဒေါက်တာသည် မိသားစုနှင့် ကိုနန္ဒအားကြည့်ပြီး စာရေးစားပွဲကို ဦးတည်နေသည်။

ဒေါက်တာသည် မိသားစုဆရာဝန်ဖြစ်နေ၍ ထိုအိမ်သားများရဲ့ ကျန်းမာရေးကို အစစအရာရာ တာဝန်ယူထားသည်။

ယခုမောင်နန္ဒ ကျန်းမာရေးမကောင်းတာကြောင့် ဂရုစိုက်နေရသည်။ မောင်နန္ဒသည် ဒေါက်တာရဲ့လှုပ်ရှားမှုကို ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒေါက်တာသည် မောင်နန္ဒပြောတဲ့အတိုင်း စာရေးစားပွဲကို သွားရောက်ကြည့်သည်။

စားပွဲပေါ်တွင် ဝတီဖူးဆိုတာကို မတွေ့ရ။

"တွေ့လား. . . ဒေါက်တာ"

"ကျွန်တော် မတွေ့ဘူး၊ ကိုနန္ဒ"

"ရှိတယ်ဒေါက်တာ၊ သေချာကြည့်ပါ၊ စာအုပ်ရဲ့အောက်မှာ ဓာတ်ပုံရှိပါတယ်"

"ဟာ"

ဒေါက်တာသည် ဘာပြောရမှန်းမသိ။ သူတို့အထင်နှင့် မောင်နန္ဒပြော တဲ့စကား လွန်စွာကွာခြားနေသည်။ ၎င်းတို့အထင်နှင့် မောင်နန္ဒအမြင်များစွာ ကွာခြားနေသည်။

ယခု. . . မောင်နန္ဒက ဓာတ်ပုံဆိုတော့ ရယ်ချင်တဲ့စိတ်များ ပေါ်ထွက်လာသည်။ မောင်နန္ဒပြောတဲ့အတိုင်း ဒေါက်တာသည် စာအုပ်ကိုဘေးသို့ ဖယ်ကြည့်လိုက်ရာ၊ ပြုံးရွှင်တဲ့မျက်နှာလေးနှင့် ဓာတ်ပုံလေးတစ်ပုံကို ထင်ရှားစွာတွေ့လိုက်ရသည်။ ဓာတ်ပုံထဲက မိန်းကလေးသည် အဖြူရောင်ဝတ်စုံလေးကို ဝတ်ဆင်ထားသည်။ ဒေါက်တာ သဘောပေါက်သွားသည်။

မောင်နန္ဒ ယခုကဲ့သို့ဖြစ်ရသည်မှာ ဓာတ်ပုံကြောင့်ဖြစ်သည်။ ဒေါက် တာသည် စားပွဲပေါ်မှဓာတ်ပုံကို ကောက်ယူလိုက်သည်။ ဓာတ်ပုံကိုတွေ့လိုက်ရတဲ့အတွက် မိသားစုများ လွန်စွာအံ့ဩသွားကြသည်။ ဝတီဖူးမရှိတဲ့နောက်ပိုင်း ဓာတ်ပုံတွေအားလုံးကို ဖျက်ဆီးလိုက်သည်။ ယခုဓာတ်ပုံသည် မည်သည့်နေရာက ထွက်လာတာလည်းဆိုတာ စဉ်းစားစရာတွေဖြစ်လာသည်။

"ဒီဓာတ်ပုံ ဘယ်သူယူလာတာလဲ ကိုနန္ဒ"



"ကျွန်တော်မသိဘူး ဒေါက်တာ"

"သူ့အလိုလို ရောက်လာတာတော့ မဖြစ်နိုင်ဘူး"

"ဝတီဖူးက လူ့လောကမှာမှ မရှိတော့တာဘဲ၊ မဖြစ်နိုင်ဘူး ကိုနန္ဒ"

"ဝတီ. . . ကျွန်တော့်ဆီကို ညရော၊ နေ့ရော အချိန်တိုင်း ရောက်လာတယ် ဒေါက်တာ၊ ဝတီ လူ့လောကမှာ ရှိနေသေးတယ် ဒေါက်တာ"

"အမှားတစ်ခုတော့ ဖြစ်နေပြီ မောင်နန္ဒ"

ဒေါက်တာ့ စကားသည် မောင်နန္ဒအတွက် အတွေးခက်နေသည်။ ဝတီဖူး လူ့လောကမှာ ရှိသလား။ ဒေါက်တာပြောသလို မရှိတော့ဘူးလား။ ထိုကိစ္စကို ဘယ်လိုအဖြေထုတ်ရမလဲ၊ မောင်နန္ဒရဲ့ အသိစိတ်ထဲမှာတော့ ဝတီဖူး မသေသေးဘူး၊ လူ့လောကမှာ ရှိနေသေးသည်။

"အစကတော့ ကျွန်တော်လည်း အဲဒီလိုပဲ ထင်ခဲ့တယ် ဒါပေမယ့် ဝတီဖူး ဘယ်လိုဆုံးသွားတာလဲ ဒေါက်တာ"

"ကားမှောက်ပြီး သေဆုံးသွားတာပါ မောင်နန္ဒ"

"ဝတီက ကားမကြောက်တတ်ဘူး၊ ကားမှောက်သေတယ် ဆိုတာတော့ မဖြစ်နိုင်ဘူးလို့ ထင်တယ်"

"ကောင်းပါပြီ အဲဒီကိစ္စကို ကျွန်တော်တို့ အဖြေရှာကြမယ် ကိုနန္ဒ"

"ကျွန်တော့်ကို ကူညီပါ ဒေါက်တာ"

မောင်နန္ဒသည် သူ့အခန်းထဲရှိ စားပွဲပေါ်ကို ရောက်ရှိနေတဲ့ ဓာတ်ပုံကို သံသဝင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

မောင်နန္ဒဖုန်းကို မကိုင်ရဲ၊ ကြောက်ရွံ့စိတ်များနှင့် ကြည့်နေသည်။

ကိုယ်ခန္ဓာတစ်ခုလုံး တုန်လှုပ်နေသည်။

ဖုန်းသံက တော့ အဆက်မပြတ်မြည်နေသည်။

# အခန်း (၄)

ထို့အတွက်ကြောင့် . . .

စိုးရိမ်သောကများစွာကို ရင်မှာပိုက်နေရသည်။ မောင်နန္ဒသည် ဓာတ်ပုံကို အဖြေမရှာ။ နောက်ထပ် ရောက်ရှိမလာအောင်သာ ဂရုစိုက်နေရသည်။

မိသားစုများကို သူမရှိလည်း မည်သူမှဝင်ရောက်ခြင်းမပြုရန် တားမြစ်ထားသည်။

မောင်နန္ဒသည် ချယ်ရီဦးနှင့် အပြင်သွားရန်ပြင်ဆင်ပြီး စောင့်ဆိုင်းနေသည်။ ချယ်ရီဦး ရောက်ရှိလာလျှင် အပြင်သွားရန် ဖြစ်သည်။ နံရံမှာချိတ်ဆွဲထားတဲ့ နာရီလက်တံလေးသည် တစ်ရွေ့ ရွေ့သွားနေရာ စိတ်ထဲမှာ သူမ ရောက်ရှိလာစေချင်သည်။

"ကလင် . . . လင်"

ထိုအချိန်တွင် တယ်လီဖုန်းအသံမြည်လာသည်၊ တုံ့ သည် တယ်လီဖုန်းထံ အကြည့်များရောက်ရှိသွားရာ တယ်လီ



www.burmeseclassic.com

www.burmeseclassic.com



မှာ အဆက်မပြတ် မြည်နေသည်။

ဧင်းသည် တယ်လီဖုန်းကိုကိုင်ပြီး နားထောင်လိုက်သည်။

"ကိုကို. . ."

"ဟုတ်တယ်. . . မင်းဘယ်သူလဲ"

"စိတ်ကိုထိန်းပါ ကိုကို. . . ကျွန်မ ကိုကို့ဆီကို ပြန်လာချင်တယ်"

"မင်းဘယ်သူလဲလို့ မေးနေတာ မကြားဘူးလား. . ."

"ကျွန်မနာမည်ကို မပြောခင် သိချင်တာလေးတစ်ခုကို မေးချင်လို့ပါ ကိုကို"

"ဘာသိချင်တာလဲ"

"အဲဒီလိုတော့ သူစိမ်းမဆန်လိုက်ပါနဲ့ ကိုကိုရယ်"

"မင်းဘာကို ပြောချင်တာလဲ"

"ကိုကို နားထောင်မယ်ဆိုမှ ပြောမယ်လေ"

မောင်နန္ဒ တစ်ဖက်မှလာတဲ့အသံကို ငြင်းဆိုချင်သည်။ အသံပိုင်ရှင်ရဲ့ ပြောလာမယ့်စကားကို စိတ်ဝင်စားနေ၍ ဒေါသစိတ်ကို ဖျက်ဆီးပြီး နားထောင်ရန် ဆုံးဖြတ်လိုက်သည်။ ဧင်းအသံပိုင်ရှင်သည် မောင်နန္ဒနှင့်ရင်းနှီးနေသလို ထင်နေသည်။

"မင်းပြောမဲ့စကားက ဘာလဲပြော"

"ကိုကို စားပွဲပေါ်မှာ တင်ထားခဲ့တဲ့ဓာတ်ပုံကို လွှင့်ပစ်လိုက်တယ် မဟုတ်လား"

"ဓာတ်ပုံ. . . ဘာဓာတ်ပုံလဲ"

"ကျွန်မရဲ့ ဓာတ်ပုံလေ ကိုကိုရဲ့"

တစ်ဖက်ကပြောလာတဲ့စကားကို မောင်နန္ဒ သဘောပေါက်သွားသည်။





"မင်း. . . မင်း ဝတီဖူးမဟုတ်လား"

"ဟုတ်တယ် ကိုကို ကျွန်မ ဝတီဖူးပါ. . . ကိုကို့ စိတ်တွေ လွင့်ကုန်မှာစိုးရိမ်လို့ ဒီဓာတ်ပုံကို ပို့လိုက်တာပါ"

တစ်ဖက်က ထွက်ပေါ်လာတဲ့အသံကြောင့် မောင်နန္ဒစိတ်တွေ တုန်လှုပ်သွားသည်။ အေးချမ်းနေတဲ့ ဘဝလေးသည် ဝတီဖူးဆိုတဲ့ အသံကြားလျှင် ပျောက်ကွယ်ပျက်စီးကုန်သည်။

"မဟုတ်ဘူး. . . မဟုတ်ဘူး၊ မင်း ဝတီဖူးမဟုတ်ဘူး"

မောင်နန္ဒအသံသည် ဝန်းကျင်ကိုလွှမ်းမိုးသွားသည်။

"ဘာလို့ အဲဒီလောက် ကြောက်နေရတာလဲ ကိုကို၊ ဝတီ ဘာမှမလုပ်ပါဘူး ကိုကို့ ကို ချစ်နေလို့ပါ"

"အော်. . ဒါနဲ့ကိုကို ညကြရင် ဝတီလာမယ်နော်၊ ကိုကို စောင့်နေ"

"မလာနဲ့. . . မလာနဲ့"

မောင်နန္ဒသည် အော်သာအော်ပေမယ့် စိတ်ထဲမှာတော့ ကြောက်ရွံ့နေသည်။ မောင်နန္ဒသည် ဖုန်းကိုနားနှင့်ကပ်ပြီး နားထောင်နိုင်တဲ့ စွမ်းအားမရှိတော့။ ဖုန်းကိုချလိုက်သည်။

အသားများဆတ်ဆတ်ခါ တုန်နေသည်။ တကယ်တော့ မောင်နန္ဒနှင့် ဝတီဖူးတို့သည် သူစိမ်းတွေမဟုတ်ကြ။ တစ်ယောက်ကို တစ်ယောက် အသက်လောက်ချစ်ကြတဲ့ ချစ်သူများသာဖြစ်သည်၊ တစ်ယောက်မျက်နှာကို တစ်ယောက်က မတွေ့ရရင်မနေနိုင်ပေ၊ အခုတော့ ဝတီဖူးဆိုတဲ့အသံကြားတာနဲ့ တုန်လှုပ်နေသည်၊ မောင်နန္ဒသည် တယ်လီဖုန်းအနားမှာ အတန်ကြာ ရပ်နေသည်၊ ချွေးတွေ မှုးဝေလာသည်။

"ကလင်. . . ကလင်"

www.burmeseclassic.com



"အမလေး. . ."

တယ်လီဖုန်းမည်သံကြောင့် ကြောက်ရွံ့ထိတ်လန့်သွားသည်။ ထိုအသံသည် မောင်နန္ဒအတွက် မကောင်းဆိုးဝါးတစ်ကောင် ရောက်ရှိလာသလို ထင်မှတ်နေသည်။ စောစောက ဖုန်းပြောလာသူ ဝတီဖူးဟု ထင်မှတ်ပြီး. . .ထိတ်လန့် တုန်လှုပ်နေသည်။

ဝတီဖူးသည် ဘာကြောင့်များ နှောက်ယှက်နေရတာလဲဟု ထင်မှတ်နေသည်။ မောင်နန္ဒသည် ဝတီဖူးကို မေ့ထားလိုက်ခြင်းသည် မေ့ပစ်ရန် ကြိုးစားနေသည်။ သူ ဘယ်လိုပင် မေ့ထားပေမယ့် သူမက တစ်နည်းနည်းဖြင့် လာရောက်တတ်သည်။

ယခုလည်း ဖုန်းထဲမှာစကားပြောပြီး. . . မကြာခင် အိမ်ကို ရောက်လာမည်တဲ့၊ ဝတီပူးရောက်ရှိလာလျှင် သူဘယ်လိုနေရမလဲ။ မောင်နန္ဒဖုန်းကို မကိုင်ရဲ။ ကြောက်ရွံ့စိတ်များနှင့် ကြည့်နေသည်။ ကိုယ်ခန္ဓာတစ်ခုလုံး တုန်လှုပ်နေသည်။ ဖုန်းသံကတော့ အဆက်မပြတ် မြည်နေသည်။

"ဟဲ့. . . မောင်လေး ဖုန်းလာနေတာ မကြားဘူးလား၊ ဘာကြည့်နေတာလဲ"

ရုတ်တရက်ဝင်ရောက်လာပြီး ဖုန်းကိုကိုင်လိုက်သူမှာ မောင်နန္ဒရဲ့အစ်မဖြစ်သည်။

"ဟဲလို. . . အမိန့်ရှိပါ"

"မမ. . . ချယ်ရီပါ. . . မောင်ရှိလား"

"ဩော်. . . ညီမလေးလား၊ ရှိတယ် ညီမလေး"

"မောင်လေး ချယ်ရီ စကားပြောမလို့တဲ့"

စိတ်သက်သာသွားသည်။ မောင်နန္ဒသည် တယ်လီဖုန်းကို လှမ်းယူလိုက်သည်။





"မောင်လား. . ချယ်ရီပါ. . မောင်ဘာဖြစ်လို့ ဖုန်းမကိုင်တာလဲ"

"ဘာမှမဖြစ်ပါဘူး၊ ပြောလေ ချယ်ရီ ဘာပြောမလို့လဲ"

"ပြောထားတာ မေ့နေပြီလား၊ မောင်ပဲ ဒီနေ့အပြင်သွားမယ်ဆို"

"သွားမယ်လေ. . . ချယ်ရီ့ကို မောင်စောင့်နေတာ"

"ဟောတော့. . . ချယ်ရီကို လာခေါ်မယ်လို့ မောင်ပဲ ပြောထားပြီးတော့"

"မောင်. . . မေ့သွားတယ် ချယ်ရီ"

မောင်နန္ဒစိတ်ထဲမှာ ချယ်ရီဦးပြောသလိုမဟုတ်။ ချယ်ရီဦးသည် သူ့ကိုလာရောက်ခေါ်လိမ့်မည်ဟု ပြောင်းပြန်တွေးနေမိသည်။

"ဒါဆို အိမ်မှာပဲ စောင့်တော့နော် ချယ်ရီလာခဲ့မယ်"

"မောင် စောင့်နေမယ်"

"မောင်အသင့်ပြင်ထားနော်"

သူမစကားအဆုံးသတ်ပြီး ဖုန်းကိုချလိုက်သည်။ မောင်နန္ဒသည် အသင့်ပြင်ပြီးသား ဖြစ်နေသည်။ ချယ်ရီဦးကို စောင့်နေတဲ့အချိန်မှာ ဝတီဖူးနာမည်နဲ့ မိန်းကလေးက ဖုန်းဆက်လာသည်။ ထိုဖုန်းစက်မှုကြောင့် မောင်နန္ဒစိတ်များ အနှောက်အယှက်ဖြစ်ခဲ့ရသည်။ မောင်နန္ဒသည် ပိုက်ဆံအိတ်ကိုယူပြီး အိမ်ရှေ့ဧည့်ခန်းသို့ ထွက်လာခဲ့ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ရန်ကုန်မြစ်ကြီးက ကိုကို့ကိုယ် မေးနေတယ်
ဝင်ယောက်လေးတွေ မေးနေကြတယ်၊
အစ်မတော်မြနန်းနွယ်ကလည်း မေးနေတယ်
ဝတီပူးဘယ်မှာလဲတဲ့
ကိုကိုဘယ်လိုဖြေရမလဲ ဝတီရယ်"

# အခန်း(၅)

"ဒီနေရာလေးက တစ်မျိုးပဲနော် မောင်"

ချယ်ရီဦးပြောလိုက်တဲ့ စကားလုံးသည် မောင်နန္ဒအတွက် စိတ်လှုပ်ရှားစရာ ဖြစ်သွားသည်။ တစ်နေ့တာ တာဝန်ယူထားတဲ့ နေမင်းသည် ပျောက်ကွယ်စပြုနေသည်။

နေညိုချိန်မှာ တိုက်ခတ်နေတဲ့ လေသင်းနုံ့လေးက မွှေးပျံ့သလို ထင်မှတ်ရပေမယ့်. . . စိတ်ထဲမှာတော့ ကြေကွဲနေသည်။ သို့သော် ချယ်ရီဦး ပြောလာတဲ့စကားရဲ့အဓိပ္ပါယ်ကို မောင်နန္ဒ အဖြေထုတ်မရ။ စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်နေသည်။

"ချယ်ရီပြောတာ မောင် သဘောမပေါက်ဘူး"

"တစ်ချိန်တုန်းက ဒီနေရာလေးမှာ ဇာတ်လမ်းရှိခဲ့သလို၊ တစ်ယောက်သောသူနဲ့ လာရောက်ထိုင်ပြီး စကားပြောခဲ့သလို ထင်မှတ်နေရတယ် မောင်"

"ဘယ်လို ချယ်ရီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မောင်. . . မောင်လည်း အဲဒီလို မထင်မိဘူးလား"

သူမကို တစ်ချက်ကြည့်လိုက်သည်။ ချယ်ရီမျက်နှာသည် ညှိုးနွမ်းကြေကွဲနေသည်။ မောင်နန္ဒကြေကွဲမှုက သူမထက်ပိုသည်။ ယခုရောက်ရှိနေတဲ့ ဗိုလ်တစ်ထောင်ဆိပ်ကမ်းသည် မောင်နန္ဒနှင့် ဝတီဖူးတို့ လာရောက်ထိုင်ပြီး ချစ်စကားလှလှလေးတွေ ပြောခဲ့ကြသည်။ ဝတီဖူးသည် ရန်ကုန်မြစ်ထဲမှာပျံသန်းနေတဲ့ ဇင်ယော်လေးတွေကိုကြည့်ပြီး အမျိုးမျိုးတင်စားသည်။ မြစ်ကိုဖြတ်သန်းပြီး ခုတ်မောင်းနေတဲ့ သင်္ဘောများကိုကြည့်နေကြသည်။ လှိုင်းခေါင်းဖြူလေးတွေက သူတို့နှစ်ယောက်အတွက် ကြည်နူးစရာဖြစ်ခဲ့သည်။

အဲဒီကအပြန် အမတော်မြနန်းနွယ်ကို ဝင်ရောက်ဖူးကြသည်။ ဝတီဖူးပြောခဲ့တဲ့ စကားတွေထဲမှာ စိတ်ဝင်စားစရာတစ်ခုရှိသည်။ အကြောင်းမှာ ဝတီဖူးသည် အစ်မတော်မြနန်းနွယ်ရဲ့ ညီမတစ်ယောက်ဖြစ်ခဲ့ဖူးကြောင်း ပြောပြခဲ့သည်။

ဝတီဖူးမရှိတဲ့နောက် မောင်နန္ဒသည် ထိုနေရာကို မရောက်တော့သလို အစ်မတော်မြနန်းနွယ်ကိုလည်း မဖူးခဲ့ရတော့ပေ။

**စာရှုသူများသို့—**

**ယခုရေးသားမည့်ရှိတဲ့ဝတ္ထု ဝတီဖူးဆိုတဲ့မိန်းမချော**
**လေးတစ်ယောက်ပါရှိသည်။**

**ဝတီဖူးနှင့်မောင်နန္ဒသည်အသက်လောက်ချစ်ရတဲ့**
**ချစ်သူတွေဖြစ်ခဲ့ကြသည်။**
**ယခုဝတီဖူးဘယ်ကိုရောက်နေသလဲ**
**ဘယ်ကိုရောက်နေသလဲ၊**
**ဝတီဖူးရဲ့အကြောင်းနှင့်ပတ်သက်ပြီးယခုရေးသားတဲ့**





**ဝတ္ထုရဲ့တစ်နေရာတွင် ရေးသားဖော်ပြထားပါသည်။**
**ဝတ္ထုလေးထဲမှာအကြောင်းအရာပဟေဠိများစွာ**
**ပါရှိပါသည်။ ထိုပဟေဠိလေးများကိုလေ့လာရင်း**
**ဝတ္ထုလေးကိုဆက်လက်ဖတ်ရှုပေးပါရန်**

**စာရေးသူ**

ယခု. . . ချယ်ရီဦးနှင့် ထိုနေရာကို ရောက်ရှိလာခဲ့သည်မှာ ပထမအကြိမ်သာဖြစ်သည်။ ချယ်ရီဦးသည် ထိုနေရာကို မည်သည့်အတွက်ကြောင့် ခေါ်လာရတာလဲ စဉ်းစားမရပေ။

"ဝတီရယ်. . . မင်းက ဘယ်ကိုရောက်နေသလဲ၊ ကိုကိုကတော့ ဒီနေရာကို ပြန်ရောက်လာပြန်ပြီကွာ. . ."

**"ရန်ကုန်မြစ်ကြီးကကိုကို့ကိုယ်မေးနေတယ်**
**ဇင်ယော်လေးတွေမေးနေကြတယ်၊**
**အစ်မတော်မြနန်းနွယ်ကလည်းမေးနေတယ်**
**ဝတီဖူးဘယ်မှာလဲတဲ့**
**ကိုကိုဘယ်လိုပြောရမလဲဝတီရယ်"**

မောင်နန္ဒသည် ကြေကွဲစွာပြောနေသည်။ မျက်ဝန်းအိမ်မှာ မျက်ရည်များ ရိုစီးထွက်လာသည်။ အသက်လောက်ချစ်သူကို တမ်းတနေသည်။ အနားမှာရှိတဲ့ ချယ်ရီဦးကိုတောင် မေ့နေသည်၊ ချယ်ရီဦးသည် မောင်နန္ဒကိုကြည့်နေသည်။ မောင်နန္ဒရဲ့အဖြစ်သည် အသက်သာရှင်နေရပေမယ့် လူစိတ်ကတော့ သေနေသလို ထင်မှတ်နေရသည်။

"မောင်က ဘာဖြစ်လို့လဲ အဲဒီလောက်ခံစားနေရတာလဲ မောင့်အနားမှာ ချယ်ရီရှိနေတယ်လေ"

"ဆောရီး. . . ချယ်ရီ၊ မောင်မေ့သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြန်ကြပါစို့ ချယ်ရီ၊ ကြာရင် မောင်ရှုံးရတော့မယ်"

ချယ်ရီဦးသည် မောင်နန္ဒကို တစ်ချက်ကြည့်လိုက်ပြီး. . . သူ့ရဲ့ဆန္ဒကို ငြင်းဆန်ခြင်းမရှိ။

မောင်နန္ဒပြန်မည်ဆိုတာကို လက်ခံလိုက်သည်။ ချယ်ရီဦးသည် ထိုင်ရာကထလိုက်သည်။ သူတို့နှစ်ယောက်သည် ရန်ကုန်မြစ်ကြီးကို ကျောခိုင်းပြီး ထွက်လာကြသည်။ ဗိုလ်တစ်ထောင် (ကျိုက်ဒေးယုံ) စေတီမှာ ဘုရားကန်တော့တဲ့အသံ သာမုခေါ်သံကို သူကြားယောင်နေပေသည်။ မောင်နန္ဒတို့သည် စကားပြောရင်း လျှောက်လှမ်းလာခဲ့ရာ အစ်မတော်မြနန်းနွယ်ရဲ့နန်းရှေ့ကို ရောက်ရှိလာရာ သွားရောက်ဖူးရန်စိတ်ကူးမိသည်။ သို့သော်. . . ကြောက်ရွံ့ထိတ်လန့်စိတ်များက ၎င်းအားနှိပ်စက်နေသည်။

"မောင်. . ."

"ဟင်. . . ဘာပြောမလို့လဲ ပြောလေ"

"အစ်မတော် မြနန်းနွယ်ကို ပွဲတစ်ပွဲ ပေးရအောင်"

"မောင်. . . အဲဒီအထဲကို မသွားချင်ဘူး၊ ချယ်ရီ သွားချင်ရင် သွားလေ"

ချယ်ရီဦးသည် မောင်နန္ဒအား တစ်ချက်ကြည့်လိုက်သည်။ အရင်တုန်းက မောင်နန္ဒအား တစ်ချက်ကြည့်လိုက်သည်။ အရင်တုန်းက မောင်နန္ဒသည် အမြဲလို ရောက်နေတတ်သည်။

အခုတော့. . .

ထိုနေရာကို သွားရမှာကို တုန်လှုပ်ခြောက်ချားနေသည်။

မောင်နန္ဒရဲ့လုပ်ရပ်ကို ချယ်ရီဦးနားမည်နိုင်အောင် ဖြစ်ရသည်။ ချယ်ရီဦးသည် ပြတ်သားတဲ့ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။ အစ်မတော်မြနန်းနွယ်ကို ပွဲပေးရန် ချယ်ရီဦး ထွက်ခွာ





သွားချိန်မှာ မောင်နန္ဒသည် အပြင်ငှက်ပျောသီးတန်းမှ ဆိုင်တစ်ဆိုင်တွင် စောင့်နေခဲ့သည်။ ချယ်ရီဦးသည် ပွဲပေးပြီးပြန်ထွက်လာသည်၊ လွန်စွာအံ့သြသွားသည်။ ထိုဆိုင်တွင် မောင်နန္ဒမရှိတော့၊ ချယ်ရီဦး မေးလိုက်တဲ့အခါမှာ မိန်းကလေးတစ်ယောက်အနောက်ကို လိုက်သွားသည်ဟု ပြောသံကြားလိုက်ရသည်။

သူမထွက်လိုက်လာသည်။ လွန်စွာထူးဆန်းနေသည်၊ အနီးရှိသူများအား မေးကြည့်ရာ လူတစ်ယောက်သည် မိန်းကလေး တစ်ယောက်နာမည်ကိုခေါ်ပြီး ပြေးထွက်သွားသည်ဟု ပြောကြသည်၊ ချယ်ရီဦးသည် ၎င်းတို့ပြောသည့်အတိုင်း မောင်နန္ဒအနောက်ကို ဆက်လက်လိုက်နေသည်။

www.burmeseclassic.com

မောင်နန္ဒမည်သို့ ခေါ်ပေမယ့် အဖြူရောင်ပိတ်ကားပေါ်က ဝတီရဲ့ ရုပ်ပုံသည်ပြန်လည်ထွက်ပေါ်လာခြင်းမရှိ။ မောင်နန္ဒသည် ပိတ်ကားအနားကို တရှူရှူဦးတည်နေသည်

# အခန်း(၆)

"ဝတီ မပြေးနဲ့. . . မပြေးနဲ့"

"ကိုကို့ဆီပြန်လာပါ၊ ကိုကို့ဆီ ပြန်လာပါ ဝတီရာ"

အော်ဟစ်ခေါ်ရင်း မောင်နန္ဒလိုက်နေသည်။ အချိန်သည် ည (၈) နာရီဝန်းကျင်ခန့်ရှိနေသည်။ ပတ်ဝန်းကျင်တွင် အမှောင်ထုများက ကြီးစိုးနေသည်။ အပင်ကြီးများရဲ့ လွှမ်းမိုးမှုကြောင့် ထိုအပ်သည်ထက်ပို၍ မှောင်နေသလိုထင်မှတ်ရသည်။

မောင်နန္ဒသည် ဝတီဖူးရဲ့နာမည်ကိုခေါ်ပြီး လိုက်နေသည်။ အဖြူရောင်ဝတ်စုံနှင့် ဝတီဖူးရှေ့က ပြေးနေသည်။ ရှည်လျားသော ဆံပင်များက အနောက်မှာလွင့်နေသည်။ မောင်နန္ဒသည် ဝတီဖူးကို မီအောင်လိုက်နေသော်လည်း၊ ဝတီဖူးကလှည့်မကြည့် ရှေ့ကိုသာ ပြေးနေသည်။

လမ်းသွားလူများက မောင်နန္ဒရဲ့ဖြစ်ရပ်ကို သဘောမပေါက်ကြပေ။ ၎င်းတို့သည် မောင်နန္ဒခေါ်နေတဲ့မိန်းကလေးကို မတွေ့ကြ

www.burmeseclassic.com



မောင်နန္ဒပြေးနေတာကိုသာ တွေ့နေရသည်။ ၎င်းတို့နှင့် မောင်နန္ဒက အမြင်ချင်းမတူ။ သူ့မျက်လုံးထဲတွင် ဝတီဖူးရှေ့ကပြေးနေသည်။

"ဝတီ မပြေးနဲ့"

"မပြေးပါနဲ့ ဝတီရယ်. . . ကိုကိုနဲ့ အိမ်ကိုပြန်လိုက်ခဲ့ပါ အမေတို့ကလည်း ဝတီ့ကို မျှော်နေကြတယ်"

ခေါ်ရင်းပြေးလိုက်နေသည်။

ဝတီဖူးသည် ရှေ့ကနေပြေးနေသည်။ ထိုစဉ် မောင်နန္ဒသည် ခြံကြီးတစ်ခြံထဲကို ဝင်ပြေးသွားသည်။ ခြံကြီးသည် လွန်စွာကျယ်ဝန်းသည်။ ခြံရဲ့အလယ်တွင် ရှေးဟောင်းအိမ်ကြီးတစ်လုံး ရှိသည်။ မောင်နန္ဒသည် ထိုအိမ်ကြီးအတွင်းကို ဝင်ပြေးသွားသည်။ အိမ်ကြီးသည် လူသူကင်းမဲ့နေသည်မို့ တိတ်ဆိတ်မှုများ လွှမ်းမိုးနေသည်။

မောင်နန္ဒသည် အခန်းတစ်ခုထဲသို့ ဝင်ရောက်သွားသည်။ ထိုအခန်းထဲတွင် ဝတီဖူးရှိနေမည်။ ဝတီဖူးသည် ၎င်းအခန်းထဲကို ဝင်ပြေးသွားသည်ဟု ထင်မှတ်နေသည် တကယ်လက်တွေ့ကြတော့ ဝတီဖူးမရှိ။ လင်းနို့အနီကောင်ကြီးများသာ ရှိနေသည်။ လင်းနို့ကြီးများသည် မောင်နန္ဒကိုတွေ့လိုက်သည်နှင့် အရှိန်ပြင်းစွာ ပျံသန်းနေသည်။ လူမနေသည်မှာ နှစ်အတန်ကြာနေပြီမို့ တိရစ္ဆာန်များသာ မှီတင်းနေထိုင်ကြသည်။

လင်းနို့နီကောင်ကြီးများလည်း ပါဝင်နေသည်။

မောင်နန္ဒသည် ဝတီဖူးကို လိုက်ရှာနေသော်လည်း တွေ့ရှိခြင်းမရှိ။ လင်းနို့နီကောင်များက အန္တရာယ်ပြုနေကြသည်။ တွေ့ချင်စိတ်တွေကြောင့် ၎င်းတို့ကိုဂရုမစိုက်နိုင်အောင် ဖြစ်နေသည်။

မောင်နန္ဒ နောက်ထပ်တစ်ခန်းကို ကူးပြောင်းလိုက်ရာ. .

"ဂျိမ်း"





"ဝှစ်. . ."

"အမလေးဗျ. . ."

ကြောက်စရာကောင်းတဲ့ အသံတစ်ခု။

အသံပိုင်ရှင်မှာ မောင်နန္ဒဖြစ်သည်။ မောင်နန္ဒသည် တစ်ဖက်အခန်းတံခါးကိုဖွင့်ပြီး ကူးလိုက်တဲ့အချိန်မှာ လင်းနို့တစ်ကောင်က မျက်နှာကို အတောင်များဖြင့် ရိုက်ခတ်လိုက်သည်။ ရုတ်တရက်ကြုံတွေ့လိုက်ရ၍ အနောက်ကိုလွင့်စင်ပြီး လဲကျသွားသည်။ အခန်းတစ်ခုလုံး လင်းနို့များ ပျံသန်းနေသည်။

ရုတ်တရက်ကြုံတွေ့လိုက်ရ၍ အနောက်ကိုလွင့်စင်ပြီး လဲကျသွားသည်။ အခန်းတစ်ခုလုံး လင်းနို့များပျံသန်းနေသည်။ ရုတ်တရက်ဆိုတော့ ပြန်ထရန်ခက်ခဲနေသည်။ တိတ်ဆိတ်တဲ့ ပတ်ဝန်းကျင်မှာ ဆူညံမှုများထွက်ပေါ်လာသည်။ ထိုအသံများမှာ ခြေသံများသာဖြစ်သည်။ ပြင်းထန်တဲ့ခြေသံများနှင့် အိမ်ကြီးအပေါ် တက်လာသည်။ ၎င်းခြေသံများကို မောင်နန္ဒကြားနေရသည်။ ကြက်သီးများထလာသည်။ ထိုနေရာသည် မိမိအတွက်ငရဲပြည်ဟု ထင်မှတ်မိရာ. . .

ထိုင်ရာမှ ထလိုက်သည်။

"ဝုန်း. . . ဝုန်း". . . . . "ဂျိမ်း. . . ဂျိမ်း"

"အမလေး. . ."

ထပ်မံ၍ အသံများထွက်ပေါ်လာသည်။ အသံပိုင်ရှင်မှာ မိန်းကလေးတစ်ယောက်ရဲ့ အသံဖြစ်သည်။ မောင်နန္ဒစိတ်ထဲတွင် ဝတီဖူးဟု ထင်မှတ်နေသည်။

"ဝတီ. . . ဝတီ"

မောင်နန္ဒသည် အသံကြားရာဦးတည်နေသည်။ ကြီးမားတဲ့



www.burmeseclassic.com

www.burmeseclassic.com



စံအိမ်ကြီးဖြစ်၍ အခန်းများစွာရှိရာ တစ်ခန်းဝင် တစ်ခန်းထွက် ပြေးနေရသည်။ ဘယ်အခန်းဆိုတာ အဖြေဖော် မရပေ။ နားထဲတွင် အော်ဟစ်အကူအညီတောင်းသံများကို ကျယ်လောင်စွာ ကြားနေရသည်။

ခြေသံများကလည်း ဆူညံနေသည်။

"ဝုန်း...ဝုန်း"........ "အမလေး"

အခန်းတစ်ခုအတွင်းကို ဝင်လိုက်ရာ အပေါ်မှ သစ်သား တစ်ချောင်းရှေ့မှာ ကျလာသည်။ အနားက တပ်လွတ်သွားသည်။ မောင်နန္ဒသည် ရှေ့ကိုထွက်ပြေးရန် ခက်သွားသည်။

"ဟီး...ဟီး...ဟီး..."

ထွက်ပေါ်လာတဲ့ အသံတစ်ခုကြားလိုက်ရသည်။ မောင်နန္ဒသည် အသံလာရာအား ကြည့်လိုက်ရာ။

"အမလေးဗျာ..."

လွန်စွာကြောက်စရာကောင်းသည့် အကောင်ကြီးတစ်ကောင် မျက်နှာများက ကြောက်စရာ၊ တစ်ကိုယ်လုံး အနက်ရောင်များ ဝတ်ဆင်ထားသည်။ အနောက်မှာ ထွက်ပေါ်နေတဲ့ မီးအလင်းရောင်ကြောင့် သည်းသည်းကွဲကွဲ မြင်ရသည်။

အံ့သြစရာကောင်းနေသည်က မီးအလင်းရောင်သည် ဘယ်က ထွက်လာရသလဲဆိုတာမသိပေ။ ထိုအကောင်ကြီးသည် မောင်နန္ဒရှိရာသို့ ဦးတည်လာနေသည်။ လက်ထဲတွင် ကြီးမားတဲ့တင်းပုတ်ကြီးတစ်ခုကို တင်းကြပ်စွာဆုတ်ကိုင်ထားသည်။

"ဟာ...ဟာ...မလုပ်ပါနဲ့၊ မလုပ်ပါနဲ့"

မောင်နန္ဒ ဘယ်လိုပင်အော်ပေမယ့် ထိုအကောင်ကြီးက မောင်နန္ဒထံဦးတည်လာနေသည်။ မျက်နှာကို သည်းသည်းကွဲကွဲ





မမြင်ရပေမယ့် လွန်စွာကြောက်စရာကောင်းနေသည်။

"မောင်နန္ဒ...ပြေး...ပြေးတော့"

ဘယ်နေရာကမှန်းမသိ အသံတစ်ခု ထွက်ပေါ်လာသည်။ မောင်နန္ဒသည် ထွက်ပြေးရကောင်းမလား စဉ်းစားနေမိရာ နောက်ဆုံးတွင် ထွက်ပြေးရသည်။

မောင်နန္ဒသည် ထိုအခန်းမှာ ထွက်ပြေးနေရသည်။ ရှေးဟောင်းအိမ်ကြီးဖို့ အခန်းများစွာရှိသည်။ အနောက်မှ လင်းနို့အကောင်များစွာက လိုက်နေရာ မောင်နန္ဒအတွက် အနှောက်အယှက်ဖြစ်နေသည်။ လင်းနို့နှင့် လိပ်ပြာများသည် မောင်နန္ဒကို အန္တရာယ်ပြုရန် လိုက်လာကြခြင်းဖြစ်သည်။

မောင်နန္ဒသည် ပြေးရင်းနှင့်ခန်းမကြီးတစ်ခုအတွင်းသို့ ရောက်ရှိသွားရာ ခန်းမကြီးသည် လွန်စွာခန့်ညားလှသည်။ နံရံသည် ရှေးဟောင်းပန်းချီကားကြီးများ ချိတ်ဆွဲထားသည်ကို တွေ့ရသည်မှာ လွန်စွာအံ့သြစရာကောင်းသည်။

မောင်နန္ဒသည် နံရံမှပန်းချီကားများကို ဂရုစိုက်မကြည့်နိုင်ပေ။ အကြောင်းမှာ အခန်းရဲ့ထိပ်တွင် အဖြူရောင်ပိတ်ကားကြီးတစ်ခုကို အထင်းသားမြင်နေရသည်။ အဖြူရောင်ပိတ်ကားကြီးတစ်ခုကို အထင်းသားမြင်နေရသည်။

အဖြူရောင်ပိတ်ကားကြီး၌ ဝတီဖူးရဲ့ရုပ်ပုံ အထင်းသားပေါ်နေသည်။ ဝတီဖူးသည် မောင်နန္ဒအား စူးရှစွာကြည့်နေရာ ဝတီဖူးကိုတွေ့လိုက်ရတဲ့ မောင်နန္ဒသည် စိတ်များတုန်လှုပ်ခြောက်ခြားနေသည်။

"ကိုနန္ဒ...ဘာကြောင့် အဲဒီလောက် ရူးသွပ်နေတာလဲ ရှင်...ဘာကြောင့် အဲဒီလောက်ဖြစ်နေရတာလဲ"

www.burmeseclassic.com



"ဝတီ. . . ဝတီ. . . ကိုကိုလေ. . . ကိုကို့ကိုယ် မမှတ်မိတော့ ဘူးလား ဝတီ"

"ဘဝခြားသွားပြီ ကိုနန္ဒ၊ ရှင် ဘယ်လိုပြောပြော ရှင်နဲ့ ကျွန်မ ဘယ်လိုမှ မဆုံဆည်းနိုင်တော့ဘူး"

"ကိုကို ရှင်းပြပါရစေ ဝတီ၊ ကိုကို ဝတီကို သိပ်ချစ်တယ်၊ ကိုကို့ဆီကို ပြန်လာပါဝတီရာ"

မောင်နန္ဒသည် ပိတ်ဖြူပေါ်မှာ ပေါ်နေတဲ့ဝတီဖူးရဲ့ ရုပ်ပုံကို ကြေကွဲစွာ ကြည့်နေသည်။ မျက်ဝန်းအိမ်မှ မျက်ရည်များ ယိုစီးကျသည်။ ဝတီဖူးသည် မောင်နန္ဒအတွက် မခံစားနိုင်အောင် ဖြစ်နေသည်။

"ကျွန်မ. . . ရှင့်ဆီကို ပြန်လာဖို့မဖြစ်နိုင်ဘူး၊ ကျွန်မ အခုလိုဖြစ်သွားရတာ ဘယ်သူ့ကြောင့်လဲ၊ ရှင့်ကြောင့်. . . ရှင်ဟာ ကျွန်မကို ဂရုစိုက်ရင် အခုလိုဖြစ်မှာမဟုတ်ဘူး. . .။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး အစ်မတော်မြနန်းနွယ်ကို တိုင်ထားတယ်။ အစ်မတော်ဟာ ရှင့်ကိုဒဏ်ခတ်လိမ့်မယ်၊ မကြာခင် ရှင်. . . ကျွန်မလိုပဲ ဖြစ်တော့မယ်"

"အဲဒီလို မလုပ်ပါနဲ့ဝတီရယ်၊ အစ်မတော်ကို တောင်းပန်ပေးပါ၊ အစ်မတော်က ဝတီကိုချစ်ပါတယ်၊ ဝတီ တောင်းပန်ပေးပါ"

"ဘယ်လိုမှ မဖြစ်ဘူး၊ မဖြစ်နိုင်ဘူး၊ ကျွန်မ. . . ကိုကို့ကို ဒီဘဝမှာ ဆယ်ဘဝတောင် မကျေဘူး၊ တစ်နေ့ ရှင်. . . ကျွန်မလိုဖြစ်မယ်။ ရှင်ရဲ့အပြစ်ကို အမှန်အတိုင်းဖွင့်ပြောလိုက်ပါ"

ထိုသို့ ပြောလိုက်ပြီးနောက်. . . ဝတီဖူးရဲ့ ရုပ်ပုံပျောက်ကွယ်သွားသည်။





"ဝတီ. . . ဝတီ"

မောင်နန္ဒမည်သို့ ခေါ်ပေမယ့် အဖြူရောင်ပိတ်ကားပေါ်က ဝတီရဲ့ ရုပ်ပုံသည် ပြန်လည်ထွက်ပေါ်လာခြင်း မရှိ။ မောင်နန္ဒသည် ပိတ်ကားအနားကို တရွေ့ရွေ့ဦးတည်နေသည်။ ပိတ်ကားရဲ့ အနောက်မှာ ဝတီဖူးရှိမည်ဟု ထင်မှတ်နေသည်။ ပိတ်ကားအနားသို့ ရောက်ချိန်တွင်. . .

"ဝုန်း. . ."

"ဂျိမ်း. . ."

"အမလေးဗျ. . ."

ထွက်ပေါ်လာတဲ့အသံနှင့်အတူ မောင်နန္ဒသည် အနောက်ကို လွင့်စင်ထွက်သွားရာ မည်သူက တွန်းထုတ်လိုက်မှန်းမသိအောင် ဖြစ်သွားသည်။ မောင်နန္ဒသည် နံရံတွင်လဲကျသွားသည်။ အခန်းတံခါးများသည် ဝုန်းဒိုင်းကျဲ ပွင့်ထွက်သွားသည်။ ပြင်ပမှတိုက်ခတ်လာတဲ့လေများသည် စိတ်ကိုခြောက်လှန့်နေသည်။ မောင်နန္ဒသည် အခန်းအပြင်ဘက်ကို ထွက်ပြေးနေသည်။

အခန်းပြင်ရောက်ရာ လွန်စွာ အံ့ဩစရာမြင်ကွင်းတစ်ခုအား တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

လက်ထဲမှာတောင်ဝှေးကြီးကိုဆုတ်ကိုင်ထားပြီး၊
ကြီးမားတဲ့ပေါ်းပုတီးကြီးကိုလည်မှာဆွဲထားသည်။
ဖြူဆွတ်နေတဲ့မုတ်ဆိတ်တွေလည်းရှည်ကျနေသည်။
မောင်နန္ဒကိုဂရုဏာမျက်လုံးများဖြင့်ကြည့်နေရာ

# အခန်း(၇)

အခန်းအပြင်ဘက်တွင် ဝတီဖူးကို တွေ့လိုက်ရသည်။ ဝတီဖူး သည် ဝတ်စုံအဖြူကို ဝတ်ဆင်ပြီး မောင်နန္ဒအား ကျောခိုင်း ရပ်နေ သည်။

"ဝတီ. . . ဝတီ"

ခေါ်သံဆုံးသည်နှင့်အတူ ဝတီဖူးအနောက်ကို ပြေးလိုက် နေသည်။ ဝတီဖူးသည် အနောက်ကို လှည့်မကြည့် ရှေ့တိုသာ ဦးတည်ပြေးနေရာ နက်မှောင်တဲ့ဆံနွယ်များသည် လေပေါ်တွင် လွင့်နေသည်။

တိတ်ဆိတ်သော ညအချိန်တွင် ၎င်းတို့၏ခြေသံများက ဆူညံစွာလွှမ်းမိုးနေသည်။ ပြောနေရင်းက ဝတီဖူးသည် အခန်း တစ်ခုအတွင်းသို့ ဝင်ပြေးသွားသည်ည။

"ဝတီမပြေးနဲ့. . . မပြေးပါနဲ့. . ."

"ကိုကိုနဲ့ ပြန်လိုက်ခဲ့ပါ ဝတီရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပင်ခေါ်သော်လည်း မည်သို့မျှ ပြောဆိုခြင်းမရှိ ရှေ့ကိုသာပြေးနေသည်။ မောင်နန္ဒသည် ဝတီဖူးရဲ့အနောက်ကို အငမ်းမရလိုက်နေသည်။ အသက်လောက်ချစ်ရတဲ့ ဝတီဖူးကို ဘယ်လိုပင်ဖြစ်နေပါစေ မေ့မရအောင် စွဲလန်းနေသည်။ မိဘများက ဝတီဖူးမရှိတဲ့နောက် ချယ်ရီဦးနှင့် သဘောတူထားကြရာ၊ ချယ်ရီဦးသည် ဝတီဖူးနှင့်ခွဲမရအောင် ရုပ်ခြင်းတူနေသည်။ ဝတီဖူးသည် ချယ်ရီဦးနှင့်မတူတာရှိသည်။ ချယ်ရီဦးက အေးအေးဆေးဆေး နေတတ်သည်။ ဘာကိုပဲလုပ်လုပ် စိတ်အေးအေးထားပြီး လုပ်တတ်သူ မောင်နန္ဒသည် ချယ်ရီဦးထက် ဝတီဖူးကိုပိုချစ်သည်။ ဝတီဖူး မရှိတော့ စိတ်တွေခြောက်ချားလျက်ရှိပြီး၊ မိန်းကလေးတွေကို ဝတီဖူးဟု ထင်မှတ်နေသည်။

ယခု. . . အိမ်ကြီးမှာရှိနေတဲ့ သူရဲ့အနောက်ကို အပြေးလိုက်နေသည်။ ဝတီဖူးကတော့ ရှေ့ကိုသာ ပြေးနေသည်။

"ဝတီဖူး မပြေးနဲ့ မပြေးနဲ့"

ဝတီဖူးသည် အခန်းတစ်ခုအတွင်းကို ဝင်ရောက်သွားသည်။ မောင်နန္ဒသည် ထိုအခန်းထဲကို ဝင်လိုက်ရာ. . .

"အား. . ."

"ဝတီဖူး"

ထွက်ပေါ်လာတဲ့အသံသည် ဝန်းကျင်တစ်ခုလုံး လွှမ်းမိုးသွားပြီး ဝတီဖူးသည် အောက်ထပ်ကို ပြုတ်ကျသွားပြီဟု ထင်မှတ်ရသည်။ မောင်နန္ဒသည် ဝတီဖူးသွားတဲ့နေရာကို သွားရောက်ကြည့်သည်။ မြင်ကွင်းမှာ လွန်စွာအံ့သြစရာကောင်းနေသည်။

ဝတီဖူး ကျသွားတာကို မြင်တွေ့လိုက်ရသည်။

သို့သော်. . . ကျသွားတဲ့နေရာ ရှာမတွေ့၊ နေရာကို တွေ့





လိုက်တာနဲ့ မောင်နန္ဒပါ ခုန်ဆင်းသွားမှာသေချာသည်။ မောင်နန္ဒသည် နေရာကို လိုက်ရှာနေသည်။

ထိုအခန်းတွင်. . . ဝတ်စုံဖြူနှင့် အဘိုးအိုတစ်ယောက် ရောက်ရှိလာသည်။ လက်ထဲမှာတောင်ဝှေ့ကြီးကို ဆုတ်ကိုင်ထားပြီး ကြီးမားတဲ့ ပေသီးပုတီးကြီးကို လည်မှာဆွဲထားသည်။ ဖြူစွတ်နေတဲ့ မုတ်ဆိတ်တွေလည်း ရှည်ကျနေသည်။ မောင်နန္ဒကို ဂရုဏာ မျက်လုံးများဖြင့်ကြည့်နေရာ ၎င်းသည် အံ့သြစွာ အဘိုးအိုကို ကြည့်နေပြန်သည်။

"သောကတွေနဲ့ပါလားကွယ်"

"အဘက ဘယ်ကလဲ၊ ဒီကိုဘာလာလုပ်တာလဲ"

"သတ္တဝါတွေကို ကယ်တင်နေတဲ့သူလို့ မှတ်ထားလိုက်ပါ လူလေး"

"ကျွန်တော့်ရဲ့ဒုက္ခတွေကို ကယ်တင်ပါ အဘ"

"အေး. . . အေး"

အဘိုးအိုသည် ခေါင်းကိုလေးပင်စွာ ညိတ်လိုက်သည်။ ထို့နောက် မောင်နန္ဒအား လိုက်ခဲ့ရန်ခေါ်ပြီး ရှေ့ကထွက်သွားသည်။ မောင်နန္ဒသည် အဘိုးအိုရဲ့အနောက်ကို လိုက်ရင်ကောင်းမလားဟု စဉ်းစားနေသည်။ နောက်ဆုံးတော့ အဘိုးအိုအနောက်ကို လိုက်လာရသည်။

www.burmeseclassic.com

www.burmeseclassic.com

အဘာဟာအကောလိုနောက်တူသွားရင်
လူလေးဒီအခန်းထဲမှာဝိညာဉ်ကြီးလက်ချက်နဲ့
အသက်သေလောက်ပြီ။
တဲ့...လူလေးပြန်တော့

# အခန်း(၈)

"လူလေးက အဘာကို ဘာကြောင့်. . . ဒီမေးခွန်း မေးရတာလဲ"

အဘိုးအိုစကားသည် မောင်နန္ဒအတွက်ဖြေရန်မရှိ။ အဘိုးအိုနှင့်မောင်နန္ဒတို့သည် ဝတီဖူးရဲ့ရုပ်ပုံပေါ်နေတဲ့ ခန်းမအတွင်းမှာ ထိုင်လိုက်ကြပြီး၊ စကားတွေပြောနေကြသည်။ မောင်နန္ဒအတွက် အံ့ဩစရာကောင်းနေသည်မှာ စောစောကတွေ့လိုက်ရတဲ့ ပိတ်ကားအဖြူကြီး မရှိတော့။

"မဖြေနိုင်တော့ဘူး မဟုတ်လားလူလေး၊ အဲဒါဆို အဘာပြောပြမယ် သေချာနားထောင်၊ ဒီအိမ်ကြီးဟာ သာမန်အိမ်ကြီးမဟုတ်ဘူး၊ ရှေးဟောင်းအိမ်ကြီးပဲ. . .။ ဒီအိမ်ကြီးက ဂေါ်ရခါးတွေပိုင်တဲ့အိမ်ကြီးပဲ၊ တကယ်တော့ဒီအိမ်ကြီးဟာ ခုခေတ်နဲ့ပြောရရင် ကျိန်စာသင့်ထားတဲ့ အိမ်ကြီးပေါ့ အိမ်ကြီးရဲ့ ပိုင်ရှင်အဘိုးကြီးနဲ့ အဘွားကြီးတို့ သေဆုံးသွားတော့ ကျန်ရစ်ခဲ့တဲ့ မိသားစုတွေက



www.burmeseclassic.com

www.burmeseclassic.com



သူပိုင်ချင်တယ်၊ ငါပိုင်ချင်တယ်နဲ့ မောင်နှ ၂ချင်း စိတ်ဝမ်းတွေ ကွဲကုန်ကြတယ်။

အဲဒီလိုဖြစ်နေချိန်မှာ ကုလားအဘိုးအိုတစ်ယောက် ရောက်လာတယ်။ သူက ဒီအိမ်ကြီးမှာ မောင်နှမတွေ အဆင်ပြေအောင်နေကြဖို့ မှာသွားတယ်။ အဘိုးအိုရဲ့စကားကို မောင်နန္ဒ စိတ်ဝင်စားစွာ နားထောင်နေသည်။ အဘိုးအိုသည် မောင်နန္ဒရဲ့အကြောင်းကို မပြောသေးဘဲ၊ အိမ်ကြီးရဲ့အကြောင်းကိုသာ ဦးတည်ပြောနေသည်။ အဘိုးအိုရဲ့စကားသည် မောင်နန္ဒအတွက် ငယ်ငယ်တုန်းက မေမေပြောပြတဲ့ အိပ်ယာဝင်ပုံပြင်တစ်ပုဒ်လို ဖြစ်နေသည်။

"ဒါတင်ပဲလားဆိုတော့ မဟုတ်သေးဘူး. . . လူလေး၊ တစ်ဖက်သားကို အနိုင်ကျင့်ညှင်းပန်းနှိပ်စက်ခြင်း မပြုလုပ်ရဘူးတဲ့။ အိမ်ကြီးမှာလဲ စာတွေရေးသွားတယ်။

အဲဒီထဲမှာ ထူးဆန်းတာတွေက ဒွါရဝတီဆိုတဲ့ မိန်းကလေးတစ်ယောက်ပဲ"

"ဒွါရဝတီဟုတ်လား အဘ"

ဝတီ နာမည်ပါလာတော့ မောင်နန္ဒစိတ်တွေ လှုပ်ရှားလာသည်။ အိပ်ပျော်နေတဲ့သူကို လှုပ်နှိုးလိုက်သလို ဖြစ်သွားသည်။ ယခု အိမ်ကြီးကိုရောက်လာရသည်မှာ ဝတီကြောင့်ဖြစ်ရာ ဝတီသည် မိမိအား ကြေကွဲဝမ်းနည်းအောင် လုပ်နေတာလား၊ တမင်ရှောင်ပြေးနေတာလား၊ ထင်မှတ်နေချိန်မှာ အဘိုးအိုက ဝတီနာမည်အကြောင်းကို ပြောလာသည်။ မောင်နန္ဒသည် နားမလည်စွာ အဘိုးအိုအား ကြည့်လိုက်သည်။

"ဟုတ်တယ် လူလေး၊ ဒွါရဝတီဟာ သာမန်မိန်းကလေးတစ်ယောက် မဟုတ်ဘူး၊ အခုရောက်နေတဲ့ အိမ်ကြီးဟာ သူ့ကြောင့်





ပြောင်းလဲမှုဖြစ်သွားတာလို့လည်း ပြောနိုင်တယ်"

"အဘပြောတာ ကျွန်တော်နားမလည်ဘူး၊ အဘက ဒီအိမ်ကြီးနဲ့ ဘယ်လိုပတ်သက်ခဲ့လို့လဲ"

"ပတ်သက်တာတွေ အများကြီးပဲ လူလေး အာအနာမည် ဦးဒေဝတဲ့ ဒီအိမ်ပိုင်ရှင်ကြီးဟာ ဘဝတစ်ခုက အဘရဲ့ညီအရင်းဖြစ်ခဲ့ဖူးတယ်။ သူအသက်ရှိစဉ်ကလည်း အဖိုးနဲ့အတူ တိုင်ပင်ကြတယ်။ သူသေခါနီးမှာ အဘကိုမှာခဲ့တယ်။

သူ့သားသမီးတွေကို ထိန်းသိမ်းပေးဖို့ အဲဒီအထဲမှာ ဒွါရဝတီဆိုတဲ့ အငယ်ဆုံးသမီးကိုပဲ ဒွါရဝတီကို အချစ်ဆုံးပဲ၊ ဒွါရဝတီဒုက္ခရောက်မှာကို စိုးရိမ်တယ်။ ခပ်တိုတိုပဲ ပြောရအောင်ကွယ်၊ အိမ်ရဲ့မိသားစုတွေက ကျန်နေခဲ့တဲ့ အတွင်းပစ္စည်းတွေကို ခွဲယူပြီး အိမ်ကြီးကိုပါ ရောင်းချဖို့ ကြိုးစားကြတယ်။ ဒွါရဝတီလေးက မရောင်းကြနဲ့၊ ရောင်းရင် ဒုက္ခတွေနဲ့ ရင်ဆိုင်ကြုံတွေ့ ကြရမယ် ပြောတယ်။ ဒါကို လက်မခံကြဘူး၊ အငယ်ဆုံးဆိုတော့ ဘယ်ချစိုက်ကြမလဲ။ ရန်လုပ်ကြတာပေါ့။

တစ်နေ့မှာ တတိယအစ်ကိုက အိမ်ဝယ်မဲ့သူကို ခေါ်လာတယ်။ ဈေးစကားပြောကြတာ အဆင်ပြေသွားတယ်။ အဲဒီညမှာပဲ နေရောင်ပျောက်ကွယ်စ ခြံထဲဆင်းပြီး လမ်းလျှောက်နေတုန်း ဘင်းပုတ်ကြီးကို ထမ်းထားတဲ့ လူသန်ကြီးနှစ်ယောက် ရောက်လာပြီး ဗိုင်းထုလိုက်ကြတော့တာပေါ့"

"ဟာ. . ."

မောင်နန္ဒသည် အဘိုးအိုရဲ့စကားကို လွန်စွာအံ့ဩသွားသည်။ ကြားတယ်တော့ မောင်နန္ဒသည် ဝတီဖူးဟုထင်မှတ်ပြီး ထိုအိမ်ကြီးကို ရောက်ရှိလာပြီး။ စောစောက တွေ့လိုက်ရတဲ့ ချစ်သူ ဝတီဖူးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ထိုအိမ်ကြီးက ဘယ်လိုများပတ်သတ်နေသလဲ၊ မောင်နန္ဒအတွက် စဉ်းစားစရာဖြစ်နေသည်။

"အဲဒီလို ထုလိုက်တော့ ဘာဖြစ်သွားလဲ အဘ"

"ရှူးသလိုလိုဖြစ်ပြီး စိတ်တွေဖောက်ပြန်ကုန်တာပေါ့ လူလေး၊ တကယ်တော့ သူတို့တွေဟာ လွန်စွာမှ လောဘကြီးကြတယ်။ ဘယ်လိုပင်ဖြစ်ဖြစ် အိမ်ကြီးကို ရောင်းဖို့ပဲ စီစဉ်နေကြတယ်။ ဒွါရဝတီမိန်းကလေးက မြနန်းနွယ်ကိုပဲ တိုင်တည်နေတယ်၊ မြနန်းနွယ်က သူ့ကိုကယ်တင်မယ်လို့ ယုံကြည်နေတယ်။ ဘဝဟောင်းက အမေတော်တယ်လို့သည်း ပြောတယ်။

နောက်ပိုင်းတော့ သူတို့တွေဟာ စိတ်တွေချောက်ချားပြီး သေဆုံးကုန်ကြတယ်"

"အို. . . ကံဆိုးလိုက်တာနော်"

"သိပ် ကံဆိုးတာပေါ့လူလေး၊ ဒွါရဝတီအတွက် အကြေကွဲဆုံးကတော့ မိသားစုရဲ့အစ်ကိုကြီးပဲ၊ သူ့အစ်ကိုကြီး သေဆုံးသွားတော့ ရက်ရက်စက်စက် ခံစားနေရတယ်။ သူတို့ အားလုံး သေကုန်ကြတော့ ဒွါရဝတီလေးပဲ ကျန်နေခဲ့တယ်။ သူတို့ဟာ စွဲလန်းပြီး ယနေ့ထိ မကျွတ်ကြဘူး လူလေး"

"ဒွါရဝတီကရောအဘ ဘယ်လိုသေသလဲ"

"အဲဒါ ဖြေရအခက်ဆုံးပဲ လူလေး၊ ဒွါရဝတီဟာ ဘယ်ရောက်သွားလဲ သေသလား၊ ရှင်သလားဆိုတာ ယနေ့ထိ ဘယ်သူမှ မသိကြဘူး၊ တစ်ချို့က သေသွားပြီလို့ပြောတယ်။ တစ်ချို့က ရှိသေးတယ်လို့ပြောတယ်။ အဲဒီကိစ္စနဲ့ပတ်သတ်ပြီး အဘ ဒီကိုရောက်လာတာပဲ လူလေး"

"ဘယ်လိုပတ်သက်တာလဲ အဘ"





"ဒွါရဝတီဟာ မသေသေးဘူး၊ အခုလို လကွယ်ညမှ ဒီအိမ်ကြီးကို လာတတ်တယ်တဲ့။ အဘသူ့ကို စောင့်နေတာ၊ အဘရဲ့အသက်ဟာ သုံးရာကျော်ပြီ။ သူ့ကို တွေ့ပြီးတာနဲ့ အဘ နောက်ဘဝတစ်ခုကို သွားရတော့မယ်"

"အဲဒါ ဒွါရဝတီနဲ့ အဘက ဘယ်လိုပတ်သက်လို့လဲ အဘ"

"ပတ်သက်နေတာပေါ့ လူလေးရာ၊ အဘကြားထားတဲ့ သတင်းတစ်ပုဒ်ရှိတယ်"

"ဘာသတင်းလဲ အဘ"

"ဒွါရဝတီမှာ အသက်လောက်ချစ်ရတဲ့ သူတစ်ယောက်ရှိတယ်။ အဲချစ်သူက ဒွါရဝတီကို သတ်လိုက်တာပဲ"

"ဘယ်လို အဘ"

အဘိုးအိုစကားသည် မောင်နန္ဒအတွက် တုန်လှုပ်စေသည်။ မျက်နှာတစ်ခုလုံး နီရဲလာသည်။ အဘိုးအိုအား စူးစိုက်စွာကြည့်နေသည်။ ရင်ခုန်သံများသည် ဆူညံစွာထွက်ပေါ်လာသည်။

အဘိုးအိုသည် မောင်နန္ဒရဲ့ဖြစ်ပုံကို ကြည့်နေသည်။

"ဘယ်လိုဖြစ်သွားရတာလဲ လူလေး၊ အဘပြောတာနဲ့ တိုက်ဆိုင်မှုရှိသွားလို့လားကွယ်"

မောင်နန္ဒသည် ရုတ်တရက်မဖြေ တွေဝေသွားသည်။

"လူလေး. . . အဘမေးတာဖြေလေ။ ဘယ်လိုဖြစ်နေတာလဲ"

"ဘာ. . . ဘာမှ မဖြစ်ပါဘူး အဘ၊ ဒွါရဝတီအတွက် စိတ်မကောင်းလို့ပါ။ ဒါနဲ့ အဘစောစောက ကျွန်တော်လိုက်နေတာ ဒွါရဝတီလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ ဘယ်သူမှ အတတ်မပြောနိုင်ဘူး လူလေး၊ က်ကောင်းတာက လူလေး"

"ဘာဖြစ်လို့လဲ အဘ"

"ဘာဖြစ်ရမှာလဲ လူလေးရ. . .၊ အဘလာတာစောလို့ နောက်ကျသွားရင် လူလေး အဲဒီအခန်းထဲမှာ လိပ်ပြာနီကြီး လက်ချက်နဲ့ အသက်သေလောက်ပြီ။ ကဲ. . .လူလေး ပြန်တော့ ခြံရှေ့မှာ ကားတစ်စီးရောက်နေတယ်။ လူလေးရဲ့ဇနီးလောင်းနဲ့ မိသားစုတွေ လူလေးကိုလာခေါ်ကြတာ"

အဘိုးဦးဒေဝစကားသည် မောင်နန္ဒအတွက် အံ့ဩသွားသည်။ အဘိုးအိုသည် ဘာကြောင့် ထိုစကားကို ပြောနိုင်ရတာလဲ ဝတီဖူးထင်မှတ်ပြီးလိုက်လာခဲ့သော လက်တွေ့မှာမဟုတ်၊ အထင်နှင့်အမြင် များစွာကွာခြားသွားသည်။ အဘိုးအို မောင်နန္ဒကို နောက်ဆုံးပြောလိုက်တဲ့ စကားတစ်ခွန်းရှိသည်။

"လူတစ်ဖက်သားကို လိမ်ညာတာထက် မိမိစိတ်ကို ပြန်ပြီး လိမ်ညာနေတဲ့သူဟာ လွန်စွာသနားစရာကောင်းသလို၊ မိမိရဲ့စိတ်ကိုလည်း ပြန်ပြီးနှိပ်စက်နေတာနဲ့ အတူတူပဲ၊ တစ်ခုပဲပြောချင်တယ်။ မိမိရဲ့စိတ်ကို ပြန်ပြီးမနှိပ်စက်ပါနဲ့ လူလေး"

မောင်နန္ဒသည် အဘိုးဦးဒေဝပြောစကားကို လက်ခံပြီး ထိုင်ရာက ထလိုက်သည်။ အောက်မှာ ရောက်နေပြီဆိုတဲ့ မိသားစုထံပြန်ရန် ဆုံးဖြတ်လိုက်သည်။ ထို့နောက် အဘိုးဦးဒေဝအား ကျောခိုင်းထွက်လာသည်။ အခန်းဝကိုရောက်တော့ နှုတ်ဆက်ရန် အနောက်ကို ပြန်လှည့်ကြည့်ရာ အဘိုးဦးဒေဝကို မတွေ့လိုက်ရတော့ပေ။

"အမလေးဗျာ"



# အခန်း(၉)

"ကိုနန္ဒ. . .ကိုနန္ဒ"

"သား. . .လူလေး၊ မောင်နန္ဒ"

မောင်နန္ဒသည် ကျယ်လောင်စွာ အော်ဟစ်လိုက်ရာ ချယ်ရီဦးနှင့်အတူ မောင်နန္ဒမိဘများက မေးလိုက်ကြသည်။ မောင်နန္ဒသည် အိပ်နေရာမှ ရုတ်တရက်ထိုင်လိုက်သည်။ ကျန်ခဲ့တဲ့ညက ချယ်ရီဦးနှင့်ဗိုလ်တစ်ထောင် ကမ်းနားကိုသွားရာ အပြန်တွင် ဝတီဖူးဆိုပြီး အနောက်ကဆိုက်ရာ ရှေးဟောင်းအိမ်ကြီးကို ဝင်ရောက်သွားကာ၊ ထိုအိမ်ကြီးသည် ဘုရားကင်းလမ်း (ယခု ဘိုကလေးဈေး) လမ်းရှိ အိမ်ကြီးဖြစ်သည်။

မောင်နန္ဒကို ချယ်ရီဦးခေါ်ပြီး အိမ်ကိုပြန်ပို့ရာ၊ ကြောက်ရွံ့ထိတ်လန့်မှုများဖြင့် သတိလစ်သွားသည်။ မောင်နန္ဒ ထိုကဲ့သို့ဖြစ်သွားချိန်မှာ ချယ်ရီဦးနှင့်မိဘများက စိုးရိမ်စွာဖြင့် စောင့်နေကြသည်။ မောင်နန္ဒ သတိရလာချိန်တွင် အထိတ်တလန့် အော်ဟစ်-



www.burmeseclassic.com

www.burmeseclassic.com



နေသည်။

"သားလေး. . . မောင်နန္ဒ သတိရပြီလား"

"ကျွန်တော် ဘယ်ကိုရောက်နေတာလဲ"

"အိမ်ကို ပြန်ရောက်နေတာလေ"

"ကိုနန္ဒ ဘာဖြစ်လို့လဲ"

မောင်နန္ဒသည် အနားမှာရှိသူများကို သေချာကြည့်နေပြီး၊ ၎င်းရဲ့အကြည့်သည် စိုးရိမ်စိတ်များစွာ လွှမ်းမိုးနေသည်။

"ကျွန်တော့်ကို ဝတီကလာခေါ်ပြီး မီးပုံထဲကို တွန်းချတယ်။ သူ့အနောက်မှာလည်း ကြောက်စရာကောင်းတဲ့ လူကြီး သုံးလေးယောက်ပါလာတယ်။ လက်ထဲမှာလည်း တင်းပုတ်ကြီးတွေကိုင်ထားတယ်။ သူတို့က ကျွန်တော့်ကိုကြိုးနဲ့တုတ်ပြီး မေးကြတယ်"

"ဘာမေးတာလဲ"

"ဝတီဖူး ဘယ်မှာလဲတဲ့"

"အဲဒီတော့ ဘယ်လိုဖြေလဲ"

"ရှေ့မှာ ရပ်နေတာ ဝတီဆိုတော့ သူတို့က မဟုတ်ဘူးတဲ့၊ အဲဒါ ဝတီကိုယ်ပွားတဲ့ ဝတီအစစ်ဘယ်မှာလဲတဲ့"

"မေမေ ဝတီအစစ် ဘယ်မှာလဲ"

အားလုံးသည် မောင်နန္ဒမေးခွန်းကို ဖြေရန်ခက်နေသည်။ မိသားစုများသည် ဝတီကိစ္စနှင့် သောကရောက်နေကျသည်။ ကြေကွဲနေကြသည်။ ဝတီမိဘများနှင့် စိတ်ဝမ်းကွဲသလို ဖြစ်နေသည်။

ဝတီနှင့် မောင်နန္ဒကို နှစ်ဖက်မိဘများက သဘောတူသည်။ ၎င်းတို့နှစ်ယောက်ကလည်း အသက်လောက် ချစ်နေကြသည်။ ပတ်ဝန်းကျင်ကလည်း မောင်နန္ဒတို့နှစ်ယောက်ကို ရှေ့သွားနောက်လိုက်ညီတယ်လို့ ပြောကြသည်။





မောင်နန္ဒထက် ဝတီဖူးက အချစ်ပိုတယ်ဟု ထင်မှတ်ရသည်။

မောင်နန္ဒသည် ဝတီဖူးမရှိမှ ဝတီဖူးရဲ့ ပြုစုယုယမှုကို သိလာသည်။

"ဝတီ ခရီးသွားတယ်လေ သားရယ်"

"ဝတီကို ပြန်ခေါ်ပေးပါ မေမေ"

"ချယ်ရီရှိတယ်လေ သားရယ်"

"ချယ်ရီက ကျွန်တော့်အနားမှာ အမြဲမရှိဘူး မေမေ"

"ရှိပါတယ် သားရယ်၊ သားလေး မမှတ်မိလို့ ဖြစ်မှာပါ"

မိခင် ဒေါ်မာလာထွေးသည် ထိုသို့ ပြောလိုက်ချိန်မှာ မောင်နန္ဒသည် အနီးမှာရှိနေတဲ့ ချယ်ရီဦးကို ကြည့်လိုက်သည်။ မိခင်ဒေါ်မာလာထွေးသည် မောင်နန္ဒရဲ့စကားအတွက် ချယ်ရီဦးကို အားနာနေသည်။ သူတို့ဘယ်လိုပင်ပြောပါစေ။ ချယ်ရီဦးကတော့ စိတ်မကောင်းမဖြစ်. . .။

ချယ်ရီဦးသည် မောင်နန္ဒအနားကို သိပ်မကပ်။ နှစ်ဖက်မိဘများရဲ့ဆန္ဒကို မကျော်လွှန်နိုင်လို့ မောင်နန္ဒအနားမှာနေပြီး ပြုစုနေရပေမယ့် တကယ်တမ်းကြတော့ မောင်နန္ဒရဲ့ချစ်သူ ဇနီးလောင်း အဖြစ်မခံနိုင်၊ မိဘများရဲ့အလိုကျ မောင်နန္ဒအပေါ် ချစ်ဟန်ဆောင်ပြီးနေရသည်။

"ချယ်ရီ. . . မောင့်နားမှာ ရှိတယ်ဆိုတာ ဟုတ်လား"

"အမြဲရှိပါတယ်မောင်"

"တွေ့တယ်မဟုတ်လား၊ သမီးလေး ချယ်ရီက အမြဲရှိတယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ချယ်ရီ မောင့်ကို စိတ်မဆိုးနဲ့နော်"

"ရပါတယ် မောင်ရယ်၊ ချယ်ရီ စိတ်မဆိုးတတ်ပါဘူး"

မောင်နန္ဒသည် ကျေနပ်စွာပြုံးပြီး ချယ်ရီဦးရဲ့ လက်ဖဝါး နုနုလေးကို ကြင်နာယုယစွာ ဆွဲယူဆုတ်ကိုင်လိုက်သည်။ ချယ်ရီဦး သည် အလိုက်သိ လက်လေးကို မောင်နန္ဒလက်သို့ အပ်လိုက် ရပေမယ့် စိတ်ထဲမှာတော့မပါ။ မောင်နန္ဒကို ကြည့်တဲ့အကြည့်များ က အသက်မပါတဲ့ ရုပ်သေးရုပ်တစ်ရုပ်လို ဖြစ်နေသည်။

ချယ်ရီဦးစိတ်ထဲက ဖြစ်ပေါ်လာတာတွေသည် သူမ တစ် ယောက်ကလွဲပြီး မည်သူမှမသိအောင် ဖြစ်နေသည်။

ထိုအချိန်တွင် မောင်နန္ဒရဲ့အမေ ဒေါ်မာလာထွေးက ၎င်း အား ဂရုတစိုက်ပေးရန် တောင်းဆိုလာသည်။ ဒေါ်မာလာထွေးရဲ့ ၎တောင်းဆိုမှုသည် နောက်ကျနေသည်။ ချယ်ရီဦးသည် မောင်နန္ဒကို လင်ယောကျ်ားကဲ့သို့ ပြုစုရာ မောင်နန္ဒစိတ်က လေပွေလို ဖြစ်နေ သည်။ စက္ကန့်တိုင်း ပြောင်းလဲနေသည်ဟု သူမက ထင်မှတ်နေလေ တော့သည်။



# အခန်း(၁၀)

"သရဲတစ္ဆေရှိတယ်ဆိုတာ မင်းတကယ်မယုံဘူးလား မှ"

သူငယ်ချင်း မော်ကြီးက မေးလိုက်သည်။

မောင်နန္ဒမှာ မော်ကြီး၊ ကိုကျော်သိန်းဆိုတဲ့ သူငယ်ချင်း ...ယောက်ရှိရာ။ ၎င်းတို့သည် ဌာနဆိုင်ရာမှာ အလုပ်လုပ်နေ ...ပေမယ့် မောင်နန္ဒကတော့ မိဘရဲ့ချမ်းသာမှုကြောင့် ဘာမှမလုပ်၊ ...ပိုက်ဆံကိုသာ သုံးဖြုန်းနေကြသည်။ ထို့အတူ သူငယ်ချင်းသုံး ...ယောက်မှာ မောင်နန္ဒက ဘာကိုမှ အဓိက မထားတတ်သူ။ ယခု ...တျော်သိန်း ရန်ကုန်ကို ပြန်ရောက်လာလို့ သူငယ်ချင်းတွေစုပြီး ...ဘာဆိုင်ကို ထိုင်ကြခြင်းဖြစ်သည်။

"ငါတော့ မယုံဘူး. . . မော်ကြီး"

"ငါတော့ယုံတယ်. . . ကိုကျော်သိန်းကရော ယုံလား"

"ဒါကတော့ ပြောလို့မရဘူး၊ မရှိဘူးလို့လည်း ပြောလို့

www.burmeseclassic.com



ရတယ်"

"ဒီနေရာမှာ မင်းတို့နဲ့ငါ ကွာသွားပြီကွာ၊ ငါကတော့ မရှိဘူးလို့ဘဲ ထင်တယ်"

မောင်နန္ဒစကာသည် မော်ကြီးတို့ကို လှောင်သလိုဖြစ်နေသည်။ မော်ကြီးတို့က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးနေကြသည်။

မောင်နန္ဒတို့သုံးယောက်သည် ဘုံဆိုင်မှာ ယမကာများကို အေးဆေးစွာ သောက်ရင်းက စကားများပြောကြရာမှ၊ ယခုတော့ သရဲတစ္ဆေအကြောင်းများကို စကားစပ်လိုက်ကြသည်။

"မင်း တကယ်မရှိဘူးလို့ ပြောတာလားနန္ဒ"

"မင်းတို့က တွေ့ဖူးလို့လား"

"ငါ တကယ်တွေ့ဖူးတယ် နန္ဒ"

"ဟင်. . , မင်း တကယ်တွေ့ဖူးတယ် ဟုတ်လား . . . ကျော်သိန်း ဘယ်မှာလဲ"

"နယ်မှာပေါ့ကွာ. . . အခု ငါတာဝန်ထမ်းဆောင်တဲ့ ဒေသမှာကွာ"

မောင်နန္ဒသည် တစ်ငုံတမော့သောက်ပြီး ကိုကျော်သိန်းကို ကြည့်လိုက်သည်။ တကယ်တော့ ကိုကျော်သိန်းသည် မောင်နန္ဒကို ချိန်းခြောက်လိုက်ခြင်းသာဖြစ်သည်။ မော်ကြီးကတော့ ရှေ့မှာရှိတဲ့ စားစရာများကို အေးဆေးစွာ ယူစားနေသည်။ ကိုကျော်သိန်းသည် ဆေးလိပ်ကို မီးညှိလိုက်ပြီး တစ်ချက်ဖွာရှိုက်ပြီး ပြာလဲမီးခိုးများအား မှုတ်ထုတ်လိုက်သည်။

"ဘယ်လိုတွေ့တာလဲ ကိုကျော်သိန်း၊ နန္ဒသိအောင် ပြောပြလိုက်ဗျာ"





"အဲဒီနယ်မှာ အခုရှိတယ်၊ အသက်ကတော့ ခုနစ်ဆယ်ကျော်လောက်ပြီ နာမည်က ဦးဘစောတဲ့၊ သူကလည်း မင်းလိုပဲ ဘာမှမရှိဘူးလို့ သတ်မှတ်ထားသူပဲ၊ သူ့မှာ မတည့်သူတစ်ယောက်ရှိတယ်၊ ရွာတောင်ပိုင်းကပေါ့၊ ဦးဘစောဟာ ရွာတောင်ပိုင်းက မောင်ခင်သိန်း အမြဲတမ်းအနိုင်ယူတတ်တယ်၊ တစ်နေ့မှာ မောင်ခင်သိန်းက စကားတစ်ခွန်းပြောတယ်၊ ငါသေပြီး သရဲဖြစ်လို့ကတော့ မင်းကို အရင်ဆုံး ဒုက္ခပေးမယ်လို့ ပြောသွားတယ်"

"မောင်ခင်သိန်းသေသွားလား ကိုကျော်သိန်း"

"တကယ် သေသွားတယ်"

"ဟင်"

မောင်နန္ဒသည် ကိုကျော်သိန်းစကားကြောင့် တုန်လှုပ်အံ့ဩသွားသည်။ ထိုအခါ ကိုကျော်သိန်းကို ကြည့်လိုက်ရာ၊ ၎င်းသည် ဂရုမစိုက် မယကာခွက်ကို မ,ယူ သောက်လိုက်သည်။ ယမကာရဲ့ အစွမ်းသတ္တိကြောင့် ပူပြီး ဝမ်းဗိုက်အတွင်းသို့ တစ်ရွေ့ရွေ့ဆင်းသွားသည်။

ကိုကျော်သိန်းသည် စားစရာတစ်ခုကို ယူစားနေသည်၊ ကိုမော်ကြီးသည် ဆေးလိပ်ကိုသောက်ပြီး မောင်နန္ဒကို ကြည့်နေသည်။ မောင်နန္ဒသည် ကြက်သီးများ ထလာသည်၊ သေဆုံးသည် ဆိုတဲ့ စကားသည် မောင်နန္ဒအတွက် ထိတ်လန့်နေသည်၊ ယခုလို ဖြစ်ရသည်မှာ သရဲကို ကြောက်လို့မဟုတ်၊ သေဆုံးသွားတယ်ဆိုတဲ့ စကားကြောင့်သာဖြစ်သည်။

မောင်နန္ဒရဲ့ဖြစ်ရပ်ကို ကိုမော်ကြီး သတိထားမိသည်။

"ဘယ်လိုလဲ နန္ဒ၊ မင်း ကြောင်သွားပြီမဟုတ်လား"

"ငါ မကြောက်ပါဘူးကွာ၊ ဒါနဲ့ ကိုကျော်သိန်း နေဦး



www.burmeseclassic.com

www.burmeseclassic.com



တော့ ဘာဖြစ်သွားလဲ"

"သေသွားတဲ့ ကိုခင်သိန်းကမကျွတ်ဘူး၊ သူပိုင်တဲ့ ယာမှာနေတယ်။ အဲဒီယာတဲကို လာတဲ့သူတွေကို မောင်ခင်သိန်းက ခြောက်လှန့်တယ်။ တွေ့တဲ့သူများက မောင်ခင်သိန်း မကျွတ်ဘူး သူပိုင်တဲ့ယာမှာ နေတယ်။ အဲဒီယာထဲကို လာတဲ့သူတွေကို မောင်ခင်သိန်းက ခြောက်လှန့်တယ်။ တွေ့တဲ့သူများက မောင်ခင်သိန်းမကျွတ်ဘူး။ ခြောက်တယ်ပြောတာကို ကိုဘထွေးက မယုံဘူး ဒါဟာ လူတွေကို ဗာမင်လုပ်တာဗာဲဟု ထင်မှတ်နေတယ်"

"မြန်မြန်ပြောဗျာ. . . ခင်ဗျား စကားရှည်လိုက်တာ"

"အေးပါ နန္ဒရာ၊ ငါက ရှင်းအောင်ပြောတာ၊ တစ်နေ့ ဘထွေးက မောင်ခင်သိန်းရှိနေတဲ့ ယာခင်းထဲမှာ အိပ်ပျော်သွားတယ်။ အဲဒီအချိန်မှာ မောင်ခင်သိန်းက ရောက်ရှိနေတဲ့ ယာခင်းထဲမှာ အိပ်ပျော်သွားတယ်။ အဲဒီအချိန်မှာ မောင်ခင်သိန်းက ရောက်လာပြီး မောင်ခင်သိန်းကို လာနှိုးတယ်။ မင်း ငါယာထဲက ထွက်သွားလို့ပြောတော့ ကိုဘထွေးက ဒေါသထွက်သွားတယ်၊ လူ့ဘဝတုန်းက သူ့ကိုကြောက်ရတဲ့လူက သေသွားမှ ငါ့ကိုနိုင်လို့ရ မလားဆိုပြီး ဒေါသထွက်ပြီး စိန်ခေါ်လိုက်တယ်။

မောင်ခင်သိန်းကပြောတယ်။ မနက်ဖြန် မင်းနဲ့ငါ လုံးကြမယ် ပြောလိုက်တော့ ကိုဘထွေးက လက်ခံလိုက်တယ်။ မောင်ခင်သိန်းဟာ ကိုဘထွေးရဲ့ အနောက်ကနေ ရွာထဲကို လိုက်သွားတယ်။ မောင်ခင်သိန်းဟာ ကိုဘထွေးအနောက်က အမြဲလိုက်နေတယ်။ နောက်နေ့မနက် မောင်ဘထွေး မှန်ရှေ့မှာရပ်နေချိန် မောင်ခင်သိန်း အနောက်ကရပ်ပြီး မှန်ထဲမှာ မောင်ခင်သိန်းရဲ့ ပုံပေါ်လာတယ်။

မောင်ဘထွေး လွန်စွာ ထိတ်လန့်တုန်လှုပ်သွားတယ်၊





အနောက်မှာ မောင်ခင်သိန်းကိုမတွေ့ရ၊ မှန်ထဲမှာ တွေ့လိုက်ရတဲ့ နေ့ကစပြီး မှန်ထဲမှာ မောင်ခင်သိန်းရဲ့ပုံ ပေါ်လာတယ်။

မောင်ဘထွေး လွန်စွာထိတ်လန့် တုန်လှုပ်သွားတယ်၊ အနောက်မှာ မောင်ခင်သိန်းကို မတွေ့ရ၊ မှန်ထဲမှာတော့ ပုံပေါ်လာတယ်။ မှန်ထဲမှာ တွေ့လိုက်ရတဲ့နေ့ကစပြီး မောင်ဘထွေးမှာ တစ်ယောက်ထဲ ဘယ်ကိုမှ မသွားရဲတော့ဘူး၊ အမြဲတမ်း အဖော်နဲ့ နေရတယ်။ အဖော်နဲ့နေလည်း မောင်ခင်သိန်းက စကားလာပြော နေတယ်။ နောက်ဆုံး မောင်ဘထွေးလည်း ရူးသွားတယ်။ သေတဲ့ အထိပဲပေါ့ကွာ"

"ဟာ. . . ကိုကျော်သိန်း ပုံပြင်ကြီးကလည်းဗျာ၊ တစ်မျိုး ကြီးပဲ"

"ဟာ. . . ကိုနန္ဒရ အဲဒါပုံပြင်မဟုတ်ဘူး၊ တကယ့် ဖြစ်ရပ်ပဲ"

"မထူးပါဘူးဗျာ"

မောင်နန္ဒသည် ခေါင်းကိုဘယ်ညာခါရမ်းပြီး ပြောလိုက်ရာ ကိုကျော်သိန်းအတွက် ဒေါသထွက်စရာ ဖြစ်သွားသည်။ ၎င်းတို့ သူငယ်ချင်းများသည် အရက်မမူးရင် တကယ်ခင်မင်သည်။ မူးလာရင်း စိတ်ဆိုးဒေါသထွက်လောက်အောင် ငြင်းခုန်ကြသည်။ ကိုကျော်သိန်းသည် မောင်နန္ဒအား ကြည့်ဖိုက်သည်၊ စကားကို ဆက်ပြောဖို့ရန် ခက်ခဲနေရာ၊ ကိုမော်ကြီးက ကြားဝင်ပြီး ပြောလိုက်သည်၊

"ဒါဆို မင်း. . . ကင်းပဲလမ်းကို ဖြတ်ရဲလား"

"ဘာလို့ မဖြတ်ရဲရမှာလဲ မင်းတို့ဆီလာတိုင်း အဲဒီ ဆန်းကပဲ လာရတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုပြီးရော ဒီနေ့ငါတို့ လိုက်မပို့တော့ဘူး"

ကိုမော်ကြီး၊ ကိုကျော်သိန်းတို့က ကင်းပဲလမ်းမှာ နေကြပေမယ့် ၎င်းတို့က အောက်ဘက်၊ မောင်နန္ဒက အပေါ်ဘက်မှာ နေသည်။

ထိုလမ်းတွင် သရဲခြောက်တဲ့ အိမ်မည်းကြီးတစ်လုံး ရှိသည်။ အိမ်မည်းကြီးသည် သရဲခြောက်တယ်ဟု ကြားဖူးပေမယ့် ၎င်းတို့က အခြောက်ခံဖူးခြင်း မရှိ။ သူများတွေ ပြောလိုတာ ကြားဖူးကြခြင်း ဖြစ်သည်။

"မပို့နဲ့. . . အခါတိုင်းလည်း ဘယ်သူမှ လိုက်ပို့တာမှ မဟုတ်ဘဲ"

"အေး. . . မင်းစကားအတိုင်း ငါတို့ လိုက်မပို့တော့ဘူး"

"မပို့နဲ့. . . မင်းတို့လို သရဲဘောကြောင်တဲ့သူတွေနဲ့ အတူသွားရတာ ခက်တယ်"

မောင်နန္ဒ စိတ်ဆိုးမှန်းသိသွားသည်။ ကိုမော်ကြီးတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက်ကြည့်ပြီး မျက်ရိပ်ပြလိုက်ကြသည်။

အချိန်သည် ည ကိုးနာရီကျော်နေပြီ။ ကျသင့်ငွေကို ရှင်းပြီး ဆိုင်အတွင်းက ထွက်လာကြပေတော့သည်။





ဝန်းကျင်တစ်ခုလုံး အမှောင်ထုများ လွှမ်းမိုးနေသည်။ ကင်းပဲလမ်းမသည် လူအသွားအလာမရှိသလောက် ရှားသည်။ တကယ်တော့ ထိုလမ်းသည် လူအသွားအလာ အစကတည်းက ရှားပါးခြင်းဖြစ်သည်။

ယခုကဲ့သို့ မိုးရွာတဲ့ညမျိုးမှာ ပို၍ပင်ဆိုးသည်။ မောင်နန္ဒသည် ယမကာရဲ့အရှိန်ကြောင့် လျှောက်လှမ်းရသည်မှာ လွန်စွာအဆင်ပြေသည်။ ကိုကျော်သိန်းတို့ နှစ်ယောက်သည် ပြောသည့်လမ်းမှာ နေရစ်ခဲ့ကြ၍ တစ်ယောက်တည်းပြန်လာသည်။

မောင်နန္ဒသည် ဆေးရုံကိုကျော်ပြီး ဆက်လက်လျှောက်လှမ်းလာရာ ထိုနေရာရဲ့ ဘေးများမှာ ကြီးမားတဲ့ အပင်ကြီးများရှိနေ၍ ပို၍ပင် မှောင်နေသည်။

ထိုအချိန်တွင် မောင်နန္ဒအနောက်မှာ မည်းမည်းကောင်ကြီး နှစ်ကောင် လိုက်ပါလာသည်ကို မောင်နန္ဒ သတိမပြုမိ။ ရှေ့ကိုသာ



www.burmeseclassic.com

www.burmeseclassic.com



ဦးတည်နေသည်။ ပါးစပ်မှလည်း ပေါ်လာသမျှတွေ ပြောနေသည်။ ထိုစဉ် . . .

"အမလေးဗျ"

"ဟာ . . . ဘယ်လိုအမူးသမားနဲ့ လာတွေ့နေပါလိမ့်"

"အောင်မာ . . . အမူးသမားက လူကိုများ"

ထိုသို့ပြောပြီး ထွက်သွားသည်။ မောင်နန္ဒသည် ထွက်သွားသူကို တစ်ချက်လှည့်ကြည့်လိုက်ရာ . . . အနားမှာပဲ ပျောက်ကွယ်သွားသည်။ စိတ်ထဲတွင် တစ်မျိုးဖြစ်သွားသည်။ တွေ့လိုက်ရသူသည် လူမှဟုတ်ရဲ့လားဟု စိတ်ထဲမှာ သံသယ ဖြစ်နေမိသည်။ မောင်နန္ဒသည် အတွေးစများကို ဖြတ်တောက်ပြီး ဆက်လက်ထွက်ခွာလာပြန်သည်။

"ဖျောင်း . . ."

"ဝုန်း . . ."

"အမလေးဗျာ"

အပင်ပေါ်မှ ပြုတ်ကျလာတဲ့ သစ်ကိုင်းသည် ရှေ့မှ ဖြစ်နေသည်။ လွန်စွာကံကောင်းသွားသည်။ ကိုယ်ပေါ်သာ ကျလျှင် ပွဲပြီးသွားမည်။ မောင်နန္ဒသည် ထိုဖြစ်ရပ်အတွက် ကြက်သီးများထလာသည်။ ရိုးသားရဲ့လားဟု စိတ်ထဲမှာ တွေးနေမိသည်။

ထိုအချိန်တွင် အရိပ်နှစ်ခုက အနားသို့ရောက်ရှိလာသည်။ အရိပ်သည် မောင်နန္ဒကို ဘယ်ညာကျော်သွားသည်။ ၎င်းဖြစ်ရပ်ကြောင့် စိတ်ထဲမှာ မကျေမနပ်ဖြစ်မိသွားရာ အရိပ်မည်းနှစ်ခု တွေ့လိုက်သည်။

"ဒါ . . . ငါမူးတယ်ဆိုပြီး ရန်စတာပဲ"

မောင်နန္ဒပြောလိုက်ရာ အရိပ်မည်းနှစ်ခုက ပြန်လှည့်လာပြီး





စောစောကအတိုင်း ဘယ်ညာ ညှပ်တိုက်လိုက်သည်။

ထိုလုပ်ရပ်ကြောင့် ယိမ်းယိုင်သွားသည်။

ကတ္တရာလမ်းပေါ် လဲကျတော့မလောက်ထိ ဖြစ်သွားသည်။

"ဟာ . . . ဘာလဲဟ"

မောင်နန္ဒကြည့်လိုက်ရာ မည်းမည်းအရာနှစ်ခု ကျောခိုင်းနေတာကို တွေ့လိုက်ရသည်။

"ဟာ . . . လူမှ ဟုတ်ရဲ့လား"

ကြည့်ရင်းနှင့် ပျောက်ကွယ်သွားသည်။ စိတ်ထဲမှာ ထိတ်လန့်တုန်လှုပ်သွားသည်။

ကိုကျော်သိန်းတို့ ပြောလိုက်တာ ဟုတ်များဟုတ်နေသလားဟု ထင်မှတ်နေသည်။ မောင်နန္ဒအတွက် သံသယဖြစ်ရသည်။ မောင်နန္ဒသည် ပျောက်သွားတဲ့ အရိပ်မည်းကြီးနှစ်ခုကိုသွားရောက်ကြည့်ရန် ဆုံးဖြတ်လိုက်ပြီး၊ သွားရောက်ကြည့်နေသည်။

"အမလေး . . . သေပါပြီဗျာ"

အော်သံနှင့်အတူ မောင်နန္ဒသည် အနောက်ကို လဲကျသွားသည်။ အကြောင်းမှာ အရာဝတ္ထုတစ်ခုက ၎င်းအား အနောက်မှ ဆွဲကိုင်သလိုဖြစ်သွားသည်။ မည်သူမည်ဝါ ပြုလုပ်သည်ဆိုတာ မသိ။

"ဟား . . . ဟား . . . ဟား"

"ဟာ . . . ရယ်သံတွေပါလား၊ ဘယ်သူတွေပါလိမ့် သရဲဆိုတာလား"

မောင်နန္ဒသည် ရယ်သံများကြောင့် လဲနေရာမှထပြီး ပတ်ဝန်းကျင်ကို ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အသံသာကြားရပြီး မည်သူဆိုတာ တွေ့ရခြင်းမရှိ။ ကြောက်စိတ်များ လွှမ်းမိုးလာသည်။ ထိုနေရာမှာ ဆက်နေလျှင် ပိုဆိုးမည်ဟု ထင်မှတ်နေသည်။

"မဖြစ်ဘူး၊ ဒီနေရာက အမြန်ပြေးမှပဲ"

ထိုသို့တွေးပြီး မောင်နန္ဒသည် ပြေးနေသည်။

"ကိုကို. . . ကိုကို. . . နန္ဒ"

"ကိုကိုနန္ဒ"

ထပ်မံ၍ အသံကြားလာပြန်သည်။ ၎င်းအသံသည် မိန်းကလေးတစ်ယောက်ရဲ့ အသံဖြစ်သည်။ မိန်းကလေးသည် အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။ မောင်နန္ဒသည် အနောက်မှခေါ်တဲ့ မိန်းကလေးရဲ့အသံကို ဂရုမစိုက်နိုင်. . .။ ကြောက်စိတ်များကြောင့် ပြေးနေသည်။

ဝတ်ရုံဖြူမိန်းကလေးသည် မောင်နန္ဒနောက်က လိုက်နေသည်။ အချိန်က ညဥ့်နက်ပိုင်းကို ရောက်နေ၍ လူတစ်ဦးတစ်ယောက်မှ သွားလာခြင်းမရှိ။ ကိုကျော်သိန်းတို့ ပြောတဲ့ သရဲဆိုတာကို ယုံကြည်သွားပေတော့သည်။ မောင်နန္ဒ ကြောက်ရွံ့ထိတ်လန့်ပြီး ထွက်ပြေးမှာ ကိုကျော်သိန်းနှင့်ကိုမော်ကြီးတို့ ရယ်မောပြီး ကျန်ရစ်ခဲ့ကြပေမယ့်. . . မိန်းကလေးကတော့. . .



# အခန်း(၁၁)

မောင်နန္ဒသည် အိမ်အတွင်းကို ရုတ်တရက် ဝင်လိုက်သည်။ မိသားစုများသည် အိပ်ချိန်တန်၍ အိပ်မောကျနေသည်။ မောင်နန္ဒသည် နေထိုင်ရာအခန်းထဲကို ဝင်လိုက်သည်။ ကိုယ်ပေါ်မှ အဝတ်အစားများချွတ်ပြီး ပတ်ဝန်းကျင်ကို ဂရုမစိုက်နိုင်၊ သူငယ်ချင်းများနှင့် သောက်ခဲ့တဲ့ ယမကာသည် လမ်းမှာတွေ့ကြုံခဲ့ရ၍ စိတ်ထဲမှာ တစ်မျိုးဖြစ်နေ၏။ ထို့အတူ ၎င်းအခန်းထဲမှာ အရာဝတ္ထုတစ်ခု ဝင်ရောက်လာပြီဟု ထင်မှတ်နေသည်။

မောင်နန္ဒသည် အဝတ်များလဲပြီး ကုတင်ပေါ်တွင် ထိုင်လိုက်ရာ. . .

"အမလေးဗျာ"

ရုတ်တရက် အော်လိုက်မိသည်။ စိတ်ထဲမှာ တုန်လှုပ်သွားသည်။ စာရေးစားပွဲမှာ သူ့ကိုကျောခိုင်းပြီး ထိုင်နေတဲ့မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရသည်။ ထိုမိန်းကလေးသည် သူ့ဇာ



www.burmeseclassic.com

www.burmeseclassic.com



ကျောပေးထိုင်နေသည်။ ဆံပင်များ အနောက်ဝဲကျပြီး၊ အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။

ထိုမိန်းကလေးသည် အခန်းထဲသို့ မည်သည့်အချိန်က ဝင်ရောက်လာခဲ့မှန်းမသိ၊ ပြတင်းပေါက်မှ တိုးဝင်လာတဲ့ လေနုကြမ်းတို့ကြောင့် ဆံပင်များလွင့်စင်နေသည်။

အချိန်မတော် အခန်းထဲကို မိန်းကလေးတစ်ယောက် ဝင်လာစရာ အကြောင်းမရှိ။ ၎င်းနှင့် လက်ထပ်မည့် ချယ်ရီဦးသည် အချိန်မတော် အခန်းထဲကို မည်သည့်အခါမှ ရောက်မလာတတ်။

ယခုရောက်ရှိနေတဲ့ မိန်းကလေးသည် မည်သူဖြစ်မလဲ ဆိုတာ စဉ်းစားရခက်နေသည်။

"ချယ်ရီ ဘာကြောင့်အချိန်မတော် အခန်းထဲ လာရတာလဲ"

"ချယ်ရီဦး မဟုတ်ဘူး၊ ဝတီဖူးပါ ကိုကို"

"ဘာ. . . ဝတီဖူး၊ ဟုတ်လား"

မောင်နန္ဒသည် ထိတ်လန့်တုန်လှုပ်ပြီး ကုတင်ပေါ်သို့ ထိုင်လျက်သား ကျသွားသည်။

သူမည်သည့်အခါမှ မျှော်လင့်မထားတဲ့ သူတစ်ယောက်၊ မိမိနေထိုင်ရာ အခန်းထဲကို ရောက်ရှိလာသည်။ မောင်နန္ဒသည် စားပွဲမှာ ထိုင်နေတဲ့သူကို စူးစိုက်ကြည့်နေသည်။

"သိပ်အံ့သြသွားသလား ကိုကို"

"မင်း. . . ဝတီဖူးမဟုတ်ဘူး၊ မင်း ဘယ်သူလဲ"

"ဝတီပါ ကိုကို. . . ကိုကို အသက်လောက်ချစ်မိတယ်ဆိုတဲ့ ဝတီပါ။ ကိုကိုပဲ ပြောတယ်လေ၊ ဝတီမရှိရင် ကိုကို တစ်ယောက်တည်း မနေတတ်ဘူးဆို။ အဲဒါကြောင့် ဝတီ ကိုကို့ဆီ ပြန်





လာတာပါ"

"မဟုတ်ဘူး. . . မဟုတ်ဘူး၊ ဝတီမဟုတ်ဘူး"

စိုးရိမ်ထိတ်လန့်စွာ အော်လိုက်သည်။ မောင်နန္ဒသည် ထွက်ပေါက်ကိုလည်း ရှာဖွေနေသည်။ သူထွက်ပြေးရင် ကောင်းမလား။

ဝတီသည် သူ့အခန်းထဲကို ဘယ်တော့အခါမှ ပြန်လာမှာမဟုတ်၊ မောင်နန္ဒသည် စားပွဲပေါ်မှာ ထိုင်နေတဲ့ ဝတီရဲ့အခြေအနေကို ကြည့်နေရာ၊ ဝတီသည် ငြိမ်သက်နေသလိုနှင့် လှုပ်ရှားနေသည်။ သူမရဲ့လှုပ်ရှားမှုသည် မောင်နန္ဒအတွက် ထိတ်လန့်တုန်လှုပ်စေသည်။

"ဟား. . . ဟား. . . ဟား ကိုကိုက ကျွန်မလာတာကို မကြိုက်လို့လား၊ အဲဒါဆိုလည်း ကျွန်မပြန်ပါ့မယ်"

"ပြန်. . . အခုပဲ ငါ့အခန်းထဲကထွက်သွား"

"ထွက်သွားမှာပါ ကိုကို. . . ဒါပေမယ့် တစ်ယောက်တည်းမဟုတ်ဘူး၊ ကိုကိုနဲ့အတူ သွားမှာပါ"

"ဘာ. . . မင်းဘာပြောတယ်"

"ဟုတ်တယ် ကိုကို. . . ကျွန်မတစ်ယောက်တည်း တစ်ဘဝမှာ နေရတာပျင်းတယ်၊ ကိုကို့ကိုလဲ သတိအမြဲရနေတယ်။ ကိုကို မလိုက်ရင်တော့ ကျွန်မဒီအခန်းထဲက ထွက်မသွားနိုင်ဘူး"

ထိုသို့ပြောပြီးနောက် ဝတီဖူးသည် ထိုင်ရာကထလိုက်သည်၊ မောင်နန္ဒသည် အနောက်ကိုဆုတ်ပြီး သူမကို မျက်တောင်မခတ်ကြည့်နေသည်။ ဝတီဖူးသည် စူးရှသောအကြည့်များဖြင့် မောင်နန္ဒအား ကြည့်နေသည်။ ဆံပင်များသည် မျက်နှာပေါ် ဝဲကျအုပ်မိုးထား၍ မျက်နှာကို သည်းသည်းကွဲကွဲ မြင်တွေ့ရခြင်းမရှိ။



www.burmeseclassic.com

www.burmeseclassic.com



သူမလာနေတာကိုကြည့်ပြီး ကြောက်စိတ်များ လွှမ်းမိုးနေသည်၊ ဆံပင်များသည် မျက်နှာပေါ်ဝဲကျ အုပ်မိုးထား၍ မျက်နှာကို သည်းသည်းကွဲကွဲ မြင်တွေ့ရခြင်းမရှိ။ သူမ လာနေတာကို ကြည့်ပြီး ကြောက်စိတ်များ လွှမ်းမိုးနေသည်။

"ဘယ်လိုလဲ ကိုကို၊ အခုတော့ လိုက်ရမှာ ကြောက်နေပြီလား၊ တမလွန်ဘဝမှာ နေရတာ လွန်စွာပျော်စရာ ကောင်းပါတယ်၊ ကိုကိုမရှိတဲ့ဘဝမှ နေရတာ မပျော်ဘူး၊ အဲဒါကြောင့် ကိုကို့ကို လာခေါ်တာပါ"

"မလိုက်ဘူး. . . မလိုက်ဘူး"

"ထွက်သွားစမ်း. . . အခုထွက်သွား"

"မသွားဘူး ကိုကို. . . ကိုကိုပါ တစ်ခါတည်းခေါ်သွားမယ်"

"ဟား. . . ဟား. . . ဟား"

သူမသည် မောင်နန္ဒအနားကို တရွေ့ရွေ့တိုးကပ်နေသည်၊ မောင်နန္ဒသည် အနောက်ကိုဆုတ်ပြီး ရှောင်နေသည်။ သူမက ပိတ်ထားသလိုဖြစ်၍ အပြင်ကို ထွက်ထွက်မရ။ သူမက အဖော်တွေကို ခေါ်လိုက်ရာ သုံးလေးယောက် ထွက်လာသည်။ ထွက်လာသူများရဲ့မျက်နှာကို သည်းသည်းကွဲကွဲ မြင်တွေ့ရခြင်းမရှိ အားလုံးသည် ကျယ်လောင်စွာရယ်ပြီး မောင်နန္ဒအနားကို တိုးကပ်လာကြသည်။ မောင်နန္ဒသည် အနောက်ကို လဲကျသွားသည်၊ ဝတီဖူး တို့အဖွဲ့သည် မောင်နန္ဒအားကြည့်ရင်း ရယ်နေကြရာ ၎င်းသည် ထိုအရာများကိုကြည့်ပြီး တုန်လှုပ်စွာဖြင့် သတိလစ်သွား ပေတော့သည်. . .။



# အခန်း(၁၂)

"သားလေး. . . မောင်နန္ဒ"

မိခင်ဒေါ်မာလာဆွေသည် မောင်နန္ဒအခန်းထဲကို ဝင်လိုက်ရာ မောင်နန္ဒသည် သတိလစ်လဲကျနေသည်၊

အခန်းတံခါးလဲ ဖွင့်နေသည်၊

ဒေါ်မာလာဆွေသည် မောင်နန္ဒရဲ့ဖြစ်ရပ်အတွက် လွန်စွာ ထိုးရိမ်သွားသည်၊ မောင်နန္ဒအား ပွေးထူလိုက်ပြီး အိမ်သားများအား ကျယ်လောင်စွာ ခေါ်လိုက်သည်၊ အိမ်သားများသည် မောင်နန္ဒအား ပွေးထူလိုက်ပြီး အိမ်သားများအား ကျယ်လောင်စွာ ခေါ်လိုက်သည်၊

အိမ်သားများသည် မောင်နန္ဒအနားသို့ ရောက်ရှိကာ သတိလစ်နေတဲ့ မောင်နန္ဒကို ပြုစုနေကြသည်၊ အိမ်သားများသည် မောင်နန္ဒမည်ကဲ့သို့ ဖြစ်သည်ဆိုတာ မသိအောင် ဖြစ်နေကြသည်၊



www.burmeseclassic.com

www.burmeseclassic.com



"သားလေး. . . မောင်နန္ဒ၊ မောင်နန္ဒ. . . မောင်လေး သတိရလာပြီလား"

ထိုသို့ခေါ်နေချိန်တွင် မှိန်းနေတဲ့ မျက်လုံးများပွင့်လာသည်။ ၎င်းကို မေးခွန်းများကို မဖြေ၊ အနားမှာရှိတဲ့သူတွေကိုသာ ကြည့်နေသည်။ အိမ်သားများသည် မောင်နန္ဒရဲ့ဖြစ်ရပ်အတွက် လွန်စွာ အံ့သြနေကြသည်။

"သား. . . လူလေး. . . မောင်နန္ဒ"

"သတိရလာပြီလားဟင်"

"ဟဲ့. . . ရေတစ်ခွက် ယူလာခဲ့စမ်း"

အိမ်ဖော်သည် သောက်ရေတစ်ခွက်ကို ယူလာရာ မောင်နန္ဒအား တိုက်လိုက်သည်။ အားလုံးသည် စကားမပြောနိုင် အခြေအနေကို ကြည့်နေကြသည်။

"သား. . . လူလေး. . . ဘာဖြစ်တာလဲ"

"ဝတီ. . . ဝတီ"

စကားကို ဆက်မပြောနိုင်။

"ဝတီ ဘာဖြစ်လဲ သား"

"ဝတီညက ကျွန်တော့်အခန်းထဲကို လာတယ်အဖေ"

"ဟင်. . . ဟုတ်လား. . . အခုဘယ်မှာလဲ"

ဝတီလာသည်ဟု ကြားလိုက်ရတဲ့အတွက်။ မိခင် ဒေါ်မာလာဆွေသည် ဝတီကို သမီးအရင်းတစ်ယောက်ကဲ့သို့ ချစ်သည်။ ဝတီမရှိသည့်နောက် မောင်နန္ဒကို ဂရုစိုက်နေရသည်။ ဒေါ်မာလာ စိတ်ထဲမှာ ယနေ့အချိန်ထိ မရှင်းမလင်းတာ တစ်ခုရှိသည်။ ဝတီ ဘယ်မှာလဲ. . . ဝတီဘယ်ရောက်နေလဲ. . . ဝတီနှင့်ပတ်သတ်ပြီး မောင်နန္ဒကိုမေးရာ သည်းသည်းကွဲကွဲ ဖြေကြားခြင်းမရှိ။ တိကျတဲ့





အဖြေတစ်ခုက ဝတီ။ ၎င်းကိုစိတ်ဆိုးပြီး ထွက်သွားသည်။ မောင်နန္ဒကို ချစ်နေတဲ့ ဒေါ်မာလာဆွေက မောင်နန္ဒစကားကို ယုံကြည်နေသည်။

ယခု မောင်နန္ဒက ဝတီလာတယ်ပြောတော့ တွေ့ချင်စိတ်များ ဖြစ်ပေါ်လာသည်။

"မသိဘူး. . . ဝတီမကောင်းဘူး၊ သူတစ်ယောက်တည်း လာတာမဟုတ်ဘူး၊ အဖော်တွေလည်း ပါတယ်။ ကျွန်တော့်ကိုလည်း သူနဲ့လိုက်ခဲ့ရမယ်တဲ့"

"အဲဒီတော့ သားလေးက ဘာပြောလိုက်လဲ"

"မလိုက်ဘူးလို့ ပြောလိုက်တယ် အမေ"

"သားပဲ ဝတီကို ချစ်တယ်ဆို"

"ဝတီကို မုန်းတယ်၊ သစ္စာမရှိတဲ့ မိန်းမ၊ ကျွန်တော့် အသည်းကိုခွဲတယ်၊ သူ့ကြောင့် အခုလိုခံစားနေရတာ အခု လာတော့လည်း အဖော်တွေနဲ့"

မောင်နန္ဒရဲ့စကားသည် မိခင်ဒေါ်မာလာဆွေ ဘယ်လိုမှ နားလည်ရမှန်းမသိအောင် ဖြစ်သွားသည်။ မောင်နန္ဒရဲ့ မျက်နှာကို တစ်ချက်ကြည့်လိုက်ရာ မောင်နန္ဒသည် ဝတီဖူးကို စိတ်နာနေသလို ဖြစ်နေသည်။ ဒေါ်မာလာဆွေသည် ၎င်းအား ချော့မော့နှစ်သိမ့်နေရာ မိခင်ဒေါ်မာလာဆွေရဲ့စကားကို လက်ခံနားထောင်နေသည်။

"အမေ"

မောင်နန္ဒသည် မိခင်ဒေါ်မာလာဆွေစကားကို လက်ခံပြီး နေထိုင်ရန် အခန်းထဲကို ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

လူတစ်ယောက်သည်ဒေါသထွက်လျှင်ဘယ်အရာကိုမှရှုမမြင်
အန္တရာယ်တို့လည်းဖြစ်၏။ ထိုလူသည်လူလောကတွင်အသက်တိုတတ်သည်။
ဒေါသကိုသတိနှင့်ရှင်းသည့်ပြီးရင်းနိုင်တွေးခေါ်ပါ။ ဓဝ

# အခန်း(၁၃)

"မောင်. . . ညက ကိုကျော်သိန်းတို့နဲ့ အရက်သွားသောက်တယ်ဆို"

ချယ်ရီမေးခွန်းကို မဖြေသေး။

လှပတဲ့ မျက်နှာလေးကို ကြည့်နေသည်။ မောင်နန္ဒသည် ချယ်ရီဦးရဲ့ အသံလေးကြောင့် စိတ်ထဲမှာ ကြည်နူးသလို ဖြစ်နေပြီး၊ တစ်ချိန်က အသက်လောက်ချစ်ရပါသည် သတ်မှတ်ထားတဲ့ ဝတီဖူးကို မေ့သွားသည်။

မောင်နန္ဒ စိတ်ထဲမှာ ဒွိဟတစ်ခုဖြစ်နေပြီး။ တစ်ခါတစ်ရံ ဝတီဖူးကို အသက်လောက်ချစ်သည်။ တစ်ခါတစ်ရံ သတ်ပစ်ချင်လောက်အောင် မုန်းသည်။ ယခု ချယ်ရီဦးကတော့ သူ့အနားမှာ အမြဲလိုရှိနေပြီး ပြုစုယုယနေသည်။

သူမရဲ့ပြုစုမှုသည် မောင်နန္ဒအတွက် ကျေနပ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင် . . . ဘာကြည့်နေတာလဲ၊ မေးတာ ဖြေဦးလေ"

"ချယ်ရီက လွန်စွာချောတယ်။ ဘယ်သူနဲ့တူသလဲလို့ ကြည့်နေမိတာ"

"မေးတာကို ဖြေဦးလေ မောင်ရဲ့"

"ဟုတ်တယ် ချယ်ရီ။ ကိုကျော်သိန်းက ဒီနေ့ပဲ ရန်ကုန်ကို ပြန်ရောက်လာတယ်။ မောင်နဲ့မော်ကြီး ပြုစုချင်တယ်လို့ ပြောလို့သောက်ကြတာပါ ချယ်ရီက မကျေနပ်လို့ မေးတာလား"

"မဟုတ်ဘူး၊ စိုးရိမ်လို့ မေးကြည့်တာပါ"

ချယ်ရီဦးစကားကသည် သူ့အတွက် ပျော်ရွှင်စရာဖြစ်ခဲ့သည် . . .

"အဲဒီစကားနဲ့ပဲ ချယ်ရီကို ချစ်နေရတာ"

ချယ်ရီဦးသည် မောင်နန္ဒအား ကြည့်လိုက်သည်။ ချယ်ရီဦး ရဲ့အကြည့်သည် လှောင်သလိုဖြစ်နေသည်။ ဒါကို မောင်နန္ဒ မသိပေ။

"ယုံရမှာလဲ မောင်ရယ်"

"တကယ်ပြောတာပါ ချယ်ရီ၊ မောင်ရဲ့ဘဝ အသက် ရှင်နေသရွေ့ ချယ်ရီတစ်ယောက်တည်းကိုသာ ချစ်မှာပါ"

"မောင် . . . စားကွာ၊ ပြီးရင် ကမ်းနားဘက်ကို လမ်း လျှောက်ထွက်ကြမယ်"

မောင်နန္ဒခေါင်းညိတ်လိုက်ပြီး ရှေ့မှာရှိနေတဲ့ စားစရာ များကို စားလိုက်သည်။ ၎င်းတို့နှစ်ယောက်သည် ကျန်းမာရေး အတွက် လမ်းလျှောက်ထွက်ရင်း ကော်ဖီဆိုင်မှာ ကော်ဖီ သောက်ရင်း စားစရာများ မှာထားခြင်း ဖြစ်သည်။

စကားကောင်းနေ၍ စားသောက်ရန်မေ့နေသည်။ ချယ်ရီဦး တားကို နားထောင်ပြီး မောင်နန္ဒသည် ကော်ဖီနှင့်မုန့်များကို စားသောက်နေသည်။

"ချယ်ရီ ဘာလာလုပ်တာလဲ"

အသံတစ်ခု ထွက်လာရာ ချယ်ရီဦးနှင့်အတူ မောင်နန္ဒပါ အသံလာရာကို ကြည့်လိုက်သည်။ အသံပိုင်ရှင်သည် အသက် သုံးဆယ်ဝန်းကျင် လူချောတစ်ယောက်ဖြစ်ပြီး . . . ထိုလူသည် ချယ်ရီဦးတို့ အနားကို ရောက်ရှိလာသည်။

"ကိုနိုင်ပါလား . . . ဘယ်ကိုလာတာလဲ"

"လုပ်ငန်းတစ်ခုကြောင့် လာတာပါ"

"အန်တီတို့ရော နေကောင်းရဲ့လား"

"ကောင်းပါတယ် ကိုနိုင့်ကိုတောင် မေးနေသေးတယ်"

"အိမ်ကို အလည်လာပါဦးလား"

"ဟုတ်တယ် . . . အဲဒါပါပဲ"

ကိုနိုင်အောင်နှင့် ချယ်ရီဦးတို့ ရယ်ရယ်မောမော ပြောနေ သည်။ မောင်နန္ဒသည် ၎င်းတို့စကားပြောတာကို မလိုလား၊ စိတ်ထဲမှာ မကျေနပ်သလို ဖြစ်နေသည်။ သို့သော် ကော်ဖီသောက် နေသည်။

ကိုနိုင်အောင်သည် ချယ်ရီဦးကို နှုတ်ဆက်ထွက်သွား သည်။

တစ်ယောက်နှင့်တစ်ယောက် လက်ပြ နှုတ်ဆက်ကြသည်။ ချယ်ရီဦးသည် ကိုနိုင်အောင်ကို မျက်စိဆုံးတဲ့အထိ ကြည့်နေ သည်။

"အဲဒီလောက် ကြည့်စရာ မလိုပါဘူး"

www.burmeseclassic.com



မောင်နန္ဒစကားကြောင့် ချယ်ရီဦး ရှက်သွားသည်။ ချယ်ရီဦးသည် အကြည့်ဦးလွှဲပြီး မောင်နန္ဒကို ကြည့်လိုက်သည်။

“မောင်ကလည်းကွယ်”

“ချယ်ရီအကြည့်က မရိုးသားဘူးလို့ ထင်တယ်”

“ မောင့်စကားကလည်း”

“မှန်တာပြောပါ အဲဒီလောက် စိတ်မဆိုးပါနဲ့”

မောင်နန္ဒသည် ဒေါ်သနှင့်ချယ်ရီဦးကို ကြည့်လိုက်သည်။ ချယ်ရီဦးသည် မောင်နန္ဒရဲ့ လုပ်ရပ်ပြုမှုတွေကို နားမလည်သလို ဖြစ်သွားသည်။

“ချယ်ရီက မျက်နှာများတတ်တဲ့ မိန်းမတစ်ယောက် မဟုတ်ပါဘူး. . . မောင်”

“တော်ပြီ မင်းငါ့ကို ဘာမှရှင်းပြမနေနဲ့”

သူမ ဘာမှမပြောတော့ပေ။

မောင်နန္ဒသည် ဒေါ်သမျက်လုံးများနှင့် ကြည့်နေရာ၊ ၎င်းအကြည့်သည် မီးဟုန်းဟုန်းတောက်လောင်နေသည်ဟု ထင်မှတ်နေသည်။ မောင်နန္ဒသည် လူတစ်မျိုး။ ၎င်းချစ်နေသူ တစ်ခြားယောက်ျားလေးတွေနှင့် အရောတဝင် စကားပြောနေတာကို မကြိုက်။

ယောက်ျားလေးတွေနှင့် စကားပြောတတ်တဲ့ ၎င်းချစ်သူရည်းစားတွေကို သတ်ပစ်ချင်လောက်အောင် မုန်းသည်။

ယခုလ ဒေါ်သစိတ်တွေကြောင့် ချယ်ရီဦးကို သတ်ချင်နေသည်။ ချယ်ရီဦးက ခေသူမဟုတ်။ မောင်နန္ဒရဲ့စိတ်ကို ကောင်းစွာသိနေသည်။ ထို့ကြောင့် ကျေနပ်စွာပြုံးလိုက်ပြီး။

“စိတ်မဆိုးပါနဲ့မောင်ရယ်. . . မောင်မကြိုက်ရင် ချယ်ရီ





ဘယ်ယောက်ျားလေးကိုမှ စကားမပြောတော့ဘူး”

မောင်နန္ဒ သူမကိုကြည့်နေသည်။

“လာပါမောင်ရယ်. . . စိတ်မဆိုးနဲ့တော့နော်”

သူမသည် စကားဆုံးသည်နှင့် ငွေရှင်းပြီး မောင်နန္ဒ လက်ကိုဆွဲပြီး ဆိုင်အပြင်ကို ထွက်ခဲ့သည်။ ၎င်းတို့နှစ်ယောက် ဆိုင်အပြင်ထွက်သွားတာကို တစ်နေရာကနေ ကိုနိုင်အောင် ကြည့်နေသည်။ ဒါကို မောင်နန္ဒမသိ။ ချယ်ရီဦးကတော့ ကောင်းစွာသိနေသည်။ ကိုနိုင်အောင်သည် ပြုံး၍ ချယ်ရီဦးကို လက်ပြနှုတ်ဆက်လိုက်သည်။

ချယ်ရီဦးက ကျေနပ်စွာပြုံးလိုက်သည်။ မောင်နန္ဒသည် ဒေါ်သကြောင့် ချယ်ရီဦးတို့ လုပ်ရပ်ကို မသိအောင်ဖြစ်နေသည်။

လူတစ်ယောက်သည် ဒေါ်သထွက်လျှင် ဘယ်အရာကိုမှ ဂရုမစိုက် အန္တရာယ်ကိုလည်း မမြင်။ ထိုလူသည် လူလောကတွင် အသက်ကိုကယ်သည်။ ဒေါ်သကို သတိနှင့် နှိုင်းယှဉ်ပြီး ရင်ဆိုင်တွေးခေါ်ပါ။

စာရေးဆရာကြီး မောင်မောင်အောင်မြင့် (ဝေါ) က တပည့်များကို အလေးပေးဆုံးမသည်။

ယခုမောင်နန္ဒဒေါ်သကြောင့် အသတ်တိုရန် လွန်စွာနီးကပ်နေသည်။ မောင်နန္ဒနှင့် ချယ်ရီဦးတို့သည် တိတ်ဆိတ်စွာ ထွက်လာခဲ့ရာ ချယ်ရီဦးသည် မောင်နန္ဒကို စကားများ အဆက်မပြတ်ပြောနေသော်လည်း ၎င်းကတော့ မည်ကဲ့သို့ ပြောဆိုခြင်းမရှိ၊ ရှေ့ကိုသာ ဦးတည်နေသည်။ ချယ်ရီဦးသည် မောင်နန္ဒနှင့် ဘေးချင်းတပ်လျှောက်လာနေသည်။



www.burmeseclassic.com

www.burmeseclassic.com

“အေး...အစ်မတော်ကနှင်းပွင့်တယ်ဆိုတော့
မင်းပြုသမျှကိုမင်းခံရလိမ့်မယ်...
အဲဒီကိုတော့အစ်မတော်မတတ်နိုင်ဘူး”



# ဝိညာဉ်တစ်ခုရဲ့ဆန္ဒ

“မောင် . . . ဘယ်သွားမလို့လဲ”

“အစ်မတော်ဆီ သွားမလို့ပါ”

မောင်နန္ဒ လုပ်ရပ်ကို ချယ်ရီဦး နားမလည်နိုင်ပေ။

သူမက သွားမည်ဟု ခေါ်သည်။ အသည်းအသန် ငြင်းဆိုနေသည်။ ယခု မည်သည့်စိတ်ပေါက်သည်မသိ ရှေ့ကထွက်လာရာ သူမသည် မောင်နန္ဒရဲ့ စိတ်ဒေါသကြောင့် ရယ်ချင်လာသည်။ ထို့အတွက်ကြောင့် . . .

ချယ်ရီဦးသည် မည်သည့်စကားမှ မပြောသေး၊ အနောက်က လိုက်လာသည်။ သူမသည် မောင်နန္ဒအားပြောဆိုရန် စကားလုံးလုံးများကို စဉ်းစားရွေးချယ်နေသည်။

“အစ်မတော်ဆီကို သွားမယ်ဆိုတော့ ဘာအလုပ်မို့လဲ မောင်”

“မင်းကို အစ်မတော်နဲ့ တိုင်မလို့”



www.burmeseclassic.com

www.burmeseclassic.com



"အစ်မတော်က အပြစ်မရှိသူကို အပြစ်မယူဘူး၊ အပြစ်ရှိသူကို ပြင်းထန်တဲ့အပြစ်ကို ပေးတတ်တယ် မောင်. . ."

သူမစကားကြောင့် မောင်နန္ဒသည် သူမကို စူးစိုက်စွာကြည့်လိုက်သည်။

"မောင်နဲ့ကျွန်မ ဘယ်သူက အပြစ်ပိုကြီးတယ်ဆိုတာ အစ်မတော် ပြောပြလိမ့်မယ်"

"တော်. . . တိတ်. . . ဘာမှ မပြောနဲ့တော့"

မောင်နန္ဒသည် ရှေ့ကနေ ထွက်သွားသည်။ ချယ်ရီဦးသည် အနောက်မှ သွက်လက်စွာ လိုက်ပါလာသည်။ မောင်နန္ဒသည် အစ်မတော်နန်းဆောင်ကို ဝင်ရောက်သွားသည်။ နန်းဆောင်အတွင်းမှာ လူတော်တော်များများ ရှိနေရာ၊ ရှိနေသူများသည် ရိုသေစွာထိုင်ပြီး အစ်မတော် ရှေ့မှာထိုင်နေကြသည်။

အစ်မတော်ရုပ်ထုရှေ့မှာ အသက် (၅၀)ကျော် အမျိုးသမီးကြီးတစ်ဦးက အစ်မတော်ဝင်ပူးပြီး လာသမျှသူတွေကို ပြောနေ၏။ ရောက်လာသူများကလည်း ဒုက္ခများစွာ ပြေပျောက်ရန်အတွက် လာရောက်မေးကြခြင်းဖြစ်သည်။

အမျိုးသမီးကြီးသည် အစ်မတော်ပူးပြီး ပြောနေခြင်းဖြစ်သည်။

"ဟိတ်. . . လူမိုက်လေး ဒီကိုလာစမ်း"

အမျိုးသမီးကြီး ခေါ်လိုက်တဲ့အသံကြောင့် မောင်နန္ဒ တုန်လှုပ်သွားသည်။ အမျိုးသမီးကြီးသည် ကိုယ်ခန္ဓာများကို တုန်ပြီး ခေါင်းကလည်း ဘယ်ညာခါးရမ်းနေသည်။

"ဟိတ်. . . လာလေ၊ ဘာလုပ်နေတာလဲ"

မောင်နန္ဒ ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားသည်။





အမျိုးသမီးကြီးသည် မောင်နန္ဒအား မျက်ထောက်နီကြီးနှင့်ကြည့်ပြီး ခေါ်နေသည်။

မောင်နန္ဒသည် အမျိုးသမီးကြီးခေါ်ရာကို သွားရမလား ပြန်ရင် ကောင်းမလားဟု စဉ်းစားနေသည်။ အမှားရှိသူများက အစ်မတော်ခေါ်ရာကိုသွားရန် ပြောနေကြသည်။

"သွားလိုက်လေ"

အသံနှင့်အတူ တွန်းလိုက်ရာ မောင်နန္ဒသည် ရှေ့ကိုရောက်ရှိသွားသည်။ ထို့နောက် တုန်လှုပ်စွာထိုင်လိုက်သည်။

"မင်းက. . . ငါ့ကို အာခံနေတာလား၊ မင်း အစ်မတော်ကို ရှောင်ပြေးနေတာကိုသိလို့ ရောက်လာအောင် ငါကတမင်ခေါ်လိုက်တာပဲ"

"မင်းရဲ့လုပ်ရပ်ကို မင်းသိရဲ့လား"

မောင်နန္ဒခေါင်းကို ခါလိုက်သည်။

"တယ်. . . သေတော့မှာပဲ၊ မင်းဟာ ဘဝဟောင်းတသားဖြစ်ခဲ့ဖူးလို့ ညှာနေတာနော်၊ တစ်ခြားလူဆိုရင် မင်းကို ကျားနဲ့ကိုက်သတ်လိုက်တာ ကြာပြီမှတ်"

"သားတော်ကို သနားပါအစ်မတော်"

"မင်း ဘာလုပ်ခဲ့တယ်ဆိုတာ သိရဲ့လား၊ အဲဒီအတွက် မင်းအပြစ်ကို မင်းဝန်ခံ၊ ငါးရက်အချိန်ပေးမယ်၊ အဲဒီလိုမှ ဝင်မခံရင် အစ်မတော်ကို အပြစ်မတင်နဲ့"

"သားတော်ကို ခွင့်လွှတ်ပါ"

မောင်နန္ဒသည် ခေါင်းကိုငုံ့ပြီး တောင်းပန်နေသည်။ မောင်. . . ဘယ်လိုပြစ်မှုများ ကျူးလွန်သည်ဆိုတာ မောင်နန္ဒ တစ်ယောက်မှ . . . မည်သူမှမသိပေ. . .



www.burmeseclassic.com

'ဘယ်သူ့ရပြု မိမိမှု
မိမိပြုတဲ့ကံ

မိမိသာခံ' ဟု မောင်နန္ဒရဲ့ဖခင်က ပြောခဲ့ဖူးသည်။ ဖခင်ရဲ့စကားကို ကြားယောင်နေသည်။ ဖခင်သည် မောင်နန္ဒကို ချစ်ခင်သော်လည်း အမှန်တရားကို ပို၍ခင်တွယ်သူတစ်ယောက် ဖြစ်သည်။

မောင်နန္ဒသည် ဖခင်ကို မှတ်နှာချင်းဆိုင်မနေရဲ။

"အေး. . . အစ်မတော်က ခွင့်လွှတ်တယ်ဆိုပေမယ့် မင်းပြုသမျှကံ မင်းခံရလိမ့်မယ်၊ အဲဒါကိုတော့ အစ်မတော် မကယ်နိုင်ဘူး"

"သားတော် သဘောပေါက်ပါတယ် အစ်မတော်"

"သားတော် သဘောပေါက်ရင် ပြီးတာပဲ၊ တစ်ခု ပြောချင်တာက သမီးတော်လေးဟာ လွန်စွာဖြူစင်တဲ့သူပဲ။ အဲဒီ အတွက် မည်းနက်တဲ့အစွန်းအထင်တွေ မဖြစ်ပေါ်စေချင်ဘူး. . . သားတော် စိတ်ကို ထိန်းပါ"

"သားတော် ကတိပေးပါတယ်"

မောင်နန္ဒသည် ကတိပေးလိုက်သည်. . . အစ်မတော်သည် ကျေနပ်စွာပြုံးလိုက်သည်။

ထိုအခါ ချယ်ရီဦးကလည်း အစ်မတော်ဝင်ပူးတဲ့ အမျိုးသမီးကြီးကို ပြုံးပြလိုက်သည်။

အမျိုးသသမီးကြီးက မျက်စိမှိတ်ပြလိုက်သည်။ ၎င်းတို့သည် အစ်မတော်နန်းကို ကျောခိုင်းပြီး ထွက်လာကြသည်။



# အခန်း(၁၄)

"မင်းဟာ လူမိုက်၊ တန်းတုန်အောင် မိုက်တဲ့သူပဲ"

"ကိုယ်လုပ်ရပ်ကို ကိုယ်သိမှာပေါ့"

စတဲ့စကားများသည် မောင်နန္ဒစိတ်ကို လှုပ်ရှားစေသည်။

ထိုစကားပြောလာသူသည် အမတော်နတ်နန်းမှ အသက် (၅၀) ကျော် အမျိုးသမီးကြီးဖြစ်သည်။ ထိုစကားကို မည်သည့်ရည်ရွယ်ချက်များဖြင့် ပြောလိုက် ရတာလဲ၊ မကောင်းတဲ့အလုပ်ဘာလုပ်ခဲ့မိလို့လဲ၊ သူပြောသလို တကယ်ရောလုပ်ခဲ့သလား. . .။

အဖြေထုတ်မရတဲ့ ပုစ္ဆာတွေက ခေါင်းထဲမှာနေရာအပြည့် ယူနေသည်။

မောင်နန္ဒသည် ကုတင်ပေါ်မှာနေရင်း စဉ်းစားနေမိသည်။ ချယ်ရီဦးကို ဒေါသဖြင့်ပြောလိုက်တာကို ပြောတာလား၊ ကိုယ်ဆိုင်မှုလား၊ တကယ်ပဲလား. . .။

အစ်မတော်က သူ့ဆီကိုရောက်လာအောင် ဖန်တီးခေါ်

www.burmeseclassic.com



လိုက်တာတဲ့။ ဘာဖြစ်တယ်မသိ။ ထိုနေ့မှ အစ်မတော်ဆီကို သွားချင်စိတ်ပေါ်လာသည်။ အစ်မတော်ကို တိုင်ရန်ဆုံးဖြတ်ထားတဲ့သူကို ကြိုတင်ပြီးပြောလိုက်တာတော့ လွန်စွာစိတ်ညစ်သွားသည်။

"ငါ့တို့ အချစ်ဆုံးဆိုတဲ့ အစ်မတော်က ဘာကြောင့်ဆူလိုက်ရတာလဲ၊ ငါကရော ဘာမဟုတ်တာလုပ်ခဲ့မိလို့လဲ၊ အစ်မတော်ပြောတာ ငါအခုထိသဘောမပေါက်သေးဘူး"

အတွေးများစွာနှင့် ပြည့်နှက်နေသည်။

နွေဦးကာလ မိုးလေရူးများ တိုက်ခတ်လာနေသည်ဆိုပေမယ့် ထိုနေ့တိုက်ခတ်နေတဲ့လေသည် ယခင်နေ့များထက်ပိုသည်ဟု ထင်မှတ်နေသည်။ ပြတင်းပေါက်မှလိုက်ကာသည် လွင့်စင်နေသည်။

"အဲဒီလောက်ပဲ စဉ်းစားနေရသလားကိုကို"

"အမလေးဗျာ"

အသံကြောင့် ရုတ်တရက်ထထိုင်လိုက်မိသည်။

အသံလာရာကို ကြည့်လိုက်ရာ ဝတ်စုံဖြူနှင့်မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရသည်။ မျက်နှာတွင် ဆံပင်များဖုံးကျနေ၍ သဲသဲကွဲကွဲမြင်တွေ့ရခြင်း မရှိ. . .။

ထိုမြင်ကွင်းကြောင့် စိတ်များချောက်ချားနေသည်။

"မင်းဘယ်သူလဲ. . ."

"ဘယ်သူရှိရမှာလဲကိုကိုရဲ့ ဝတီလေ. . . ကိုကို အသက်လောက် ချစ်ရပါတယ်ဆိုတဲ့ ဝတီပေါ့"

မောင်နန္ဒ သေချာကြည့်လိုက်သည်။ မျက်နှာကို သဲသဲကွဲကွဲ မြင်တွေ့ရခြင်းမရှိ။

"မဟုတ်ဘူး. . . မဟုတ်ဘူး. . ."

"ဟုတ်ပါတယ် ကိုကို. . . ကိုကိုမယုံဘူးလား ဝတီနိုင်



ငံ့တဲ့ အထောက်အထားပြမယ်"

"ဘာမှပြစရာမလိုဘူး မင်းအခု ငါ့အခန်းထဲက ထွက်သွားပါ"

"အဲဒီလို ပြောလို့မရဘူးလေကိုကိုရဲ့၊ ဝတီက သူစိမ်းတွေမှ မဟုတ်တာ. . . ကိုကိုရဲ့ အချစ်ဆုံးပဲ. . ."

"ဘာလဲ ချစ်ရီဦးရှိလို့ ဒီစကားပြောတာလား. . . အဲဒါဆို ချယ်ရီဦးကို သတ်လိုက်မယ်"

"မင်း. . . မင်း. . ."

"ကိုကို. . . ချယ်ရီဦးကို တကယ်ချစ်လို့ အဲဒီလောက်ဖြစ်နေတာလား"

"အဲဒါ မင်းနဲ့မဆိုင်ဘူး"

သူမစကားသည် မောင်နန္ဒအတွက် မခံရပ်စရာဖြစ်သွားရာ ဒေါသများလွှမ်းမိုးနေသည်။ မောင်နန္ဒသည် ထိုင်ရာက ထရန်ကြံပြင် နေပေမယ့် သူမရဲ့အကြည့်တွေကြောင့် ခက်နေသည်။

ဝတီသည် ဘာကြောင့်များ ဤမျှလောက် ဒုက္ခလာပေးတာလည်း မောင်နန္ဒစဉ်းစားမရအောင်ဖြစ်နေသည်။ ဝတီဖူးသည် တုန်းဟုန်းတောက်လောင်နေတဲ့ မျက်လုံးများဖြင့် ကြည့်နေရာ ထိုအကြည့်ကို မခံနိုင်အောင်ဖြစ်နေသည်။

"ဆိုင်တာပေါ့ကိုကို. . . ကိုယ်ပိုင်ဆိုင်တဲ့သူကို ဝင်ရောက်ပတ်သက်နေတာကို ချယ်ရီဦးက ဘာမှမလုပ်ရရင် ကိုကို့အသက်ကိုနှုတ်ယူသွားရမယ်"

"မင်း. . . မင်း. . ."

"ဘာလို့ အဲဒီလောက်ကြောက်ရွံ့တုန်လှုပ်နေရတာလဲကိုကို၊ ဝတီအကြောင်းကို ကိုကိုသိတယ်နော်၊ တစ်ခုမရရင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို ရအောင်ယူတတ်တယ်၊ ဒီနှစ်ခုထဲက ဘယ်အရာကို ရွေးချယ်မလဲ”

“ငါ့ကို မသတ်ပါနဲ့. . . မသတ်ပါနဲ့. . . ”

“ဟား. . . ဟား. . . ဒါဆိုချယ်ရီဦးကို သတ်ရမယ်ပေါ့ ဟုတ်လား”

မောင်နန္ဒသည် ဝတီဖူးစကားကိုလက်ခံပြီး ခေါင်းကိုညိတ်လိုက်သည်။ ဝတီဖူးသည်သဘောကျစွာ ရယ်လိုက်သည်။ ၎င်းရယ်မောသံသည် မောင်နန္ဒမခံနိုင်အောင် ဖြစ်သွားသည်။

“ဒါနဲ့များ ချယ်ရီဦးကို ချစ်တယ်လေး ဘာလေးနဲ့ တကယ်သေရမှာကျတော့ အချစ်တွေဘယ်မှာပျောက်ကုန်လဲ၊ တကယ်လည်း တရားပါလား၊ ကြာပါတယ် နှစ်ယောက်လုံးကိုပဲ သတ်တော့မယ်”

“မလုပ်နဲ့. . . မလုပ်ပါနဲ့”

“ဝုန်း. . . ဗုန်း”

“အား”

မောင်နန္ဒသည် ရုတ်တရက် အနောက်ကိုဆုတ်လိုက်ရာ အနောက်ကို လန်ကျသွားသည်။



# အခန်း(၁၅)

“သားလေး သတိရပြီလား”

ဒေါ်မာလာဆွေရဲ့ မေးခွန်းဖြစ်သည်။

မောင်နန္ဒသည် မှိတ်နေတဲ့မျက်လုံးတစ်စုံကို ဖွင့်ကြည့်လိုက်ရာ မြင်ကွင်း၌ ချယ်ရီဦးအပါအဝင် မိသားစုများစုံလင်စွာ ရောက်ရှိနေကြသည်။

“အမလေးဗျ”

မောင်နန္ဒသည် ရုတ်တရက်အနောက်ကို တွန့်သွားသည်၊ စိုးရိမ်စိတ်များလည်း လွှမ်းမိုးလာသည်။

မောင်နန္ဒလုပ်ရပ်အတွက် အံ့ဩကုန်ကြသည်။ မောင်နန္ဒ ဘာဖြစ်သွားတယ်ဆိုတာ မည်သူမှမသိပေ။

“သားလေးမောင်နန္ဒ ဘာဖြစ်တာလဲ”

“ဝတီ. . . ဝတီ. . . ”

“ဘယ်မှာလဲ ဝတီ”



www.burmeseclassic.com

www.burmeseclassic.com



မိသားစုများသည် မောင်နန္ဒစကားကိုလက်ခံပြီး ဝတီဖူးကို ရှာဖွေကြည့်နေသည်။ ဝတီဖူးကို တွေ့ရှိခြင်းမရှိ။

ငင်းရဲ့ လုပ်ရပ်ကို မည်သူမှနားမလည်နိုင်အောင် ဖြစ်သွားပြီး မောင်နန္ဒကို ကြည့်နေကြသည်။

"ဘယ်မှာလဲ ဝတီ"

"ဟိုမှာ. . . ဟိုမှာ. . . မင်းအခု ငါ့အခန်းထဲက ထွက်သွား ထွက်သွား မလာနဲ့. . ."

"အဲဒါ ချယ်ရီလေ သားရဲ့"

"မဟုတ်ဘူး. . . မဟုတ်ဘူး"

"ညက ကျွန်တော့်အခန်းထဲကိုလာတယ်၊ ကျွန်တော့်ကိုသတ်ဖို့တဲ့. . ."

"မဟုတ်ပါဘူး သားအိပ်မက်မက်နေတာနေမှာပါကွယ်"

"အိပ်မက်မဟုတ်ဘူး"

"အဲဒါ ဝတီမဟုတ်ဘူး၊ သားနဲ့ လက်ထပ်ယူရမယ့် ချယ်ရီဦးလေ သားရဲ့"

"ကျွန်တော့်ကို လိမ်ညာနေကြတာလား၊ သူ့ကို ကျွန်တော်ကောင်းကောင်းမှတ်မိတယ်၊ ညကလာသွားသေးတယ်"

မောင်နန္ဒစကားကို မိသားစုများက မယုံကြ၊ ချယ်ရီဦး လာလျှင် မိသားစုများသိကြပြီး ပြန်တဲ့အခါမှာလည်း မိသားစုများ သိကြသည်။ ချယ်ရီဦးရောက်လာသည်နှင့် မိခင်ဒေါ်မာလာဆွေနှင့် မိသားစုတွေကို နှုတ်ဆက်သည်။ ပြီးမှ မောင်နန္ဒနှင့်တွေ့စုံ စကားပြောသည်။ ချယ်ရီဦးရောက်လာလျှင် စားစရာများကျွေး မွေးပြုစုတတ်သည်။





"သားကလည်းကွယ် မဟုတ်တာ၊ သမီးကို အားနာစရာ ဖြစ်နေပြီ"

"ဟုတ်ပါတယ်မောင်လေး ဝတီဖူးမဟုတ်ဘူး ချယ်ရီဦးပါ"

မောင်နန္ဒမှားလည်းမှားစရာ ချယ်ရီဦးနှင့် ဝတီဖူးသည် ရုပ်ချင်းခွဲမရအောင်တူနေသည်။

ယခုမောင်နန္ဒမှားတာကို ဆန်းကြယ်တဲ့အရာမဟုတ် ငင်းတို့ပြောဆိုသံကိုကြားပြီး သတိရလာသည်။ ချယ်ရီဦးကို သတိထားကြည့်လိုက်သည်။

"ချယ်ရီ စိတ်မဆိုးနဲ့နော် မောင် တောင်းပန်ပါတယ်"

"ချယ်ရီစိတ်မဆိုးတတ်ပါဘူးမောင်"

မိသားစုများသည် ကျေနပ်စွာပြုံးနေကြရာ ဝမ်းသာမှုများ လွှမ်းမိုးနေသည်။ ချယ်ရီဦးသည်လည်း ကျေနပ်စွာ ပြုံးလိုက်ပေမယ့် ထိုအပြုံးများသည် အဓိပ္ပါယ်များစွာ ထွက်ပေါ်လာသည်။

ဒါကို မိသားစုများ မသိကြပေ. . .

မောင်နန္ဒရဲ့မိခင် ဒေါ်မာလာဆွေ မောင်နန္ဒအတွက် အဖြေတစ်ခု ရှာဖွေနေသည်။

ထိုကဲ့သို့သာနေလာလျှင် စိတ်ဝေဒနာရှင်တစ်ယောက် ဖြစ်သွားမည်ဟု စဉ်းစားနေသည်။

ငင်းကိစ္စကို ဒေါက်တာနှင့်တိုင်ပင်ရန် ဖြစ်သည်။

ထိုကိစ္စအတွက် ချယ်ရီဦးက အရေးကြီးသည်။

"ဝမ်းသာလိုက်တာ ချယ်ရီဦးရယ်"

"ရပါတယ် မောင်ရယ်"

"ဒေါ်ဒေါ် သမီးလေးကို ပြောစရာရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ ဒေါ်ဒေါ် ချယ်ရီဦး နားထောင်နေပါတယ်"

"သားလေးပြောနေတာကို စိတ်မဆိုးပါနဲ့ကွယ်"

"ဟုတ်ကဲ့ပါ ဒေါ်ဒေါ်"

"ကဲ. . . သားလေး မင်းပင်ပန်းနေမယ် အနားယူလိုက်ပါဦး"

"ဟုတ်ကဲ့. . . မေမေ"

"သမီး ချယ်ရီ"

"ရှင်. . . ဒေါ်ဒေါ်"

"ဒေါ်ဒေါ် သမီးကို ပြောစရာရှိလို့"

"ဟုတ်ကဲ့. . . ပြောပါဒေါ်ဒေါ်"

ဒေါ်မာလာဆွေ စကားကို သူမနားထောင်ပြီး ခေါင်းညိတ်နေသည်။ ဒေါ်မာလာဆွေသည် ကျန်ရှိသူများအား မောင်နန္ဒအား ဆေးတိုက်၊ မနက်စာကျွေးပြီး အနားယူခိုင်းရန် မှာကြားပြီး၊ ချယ်ရီဦးအားခေါ်ကာ အခန်းထဲက ထွက်လာခဲ့သည်။

ဒေါ်မာလာဆွေနှင့်ချယ်ရီဦးတို့သည် ဧည့်ခန်းအတွင်းကို ရောက်ခဲ့ကြသည်။

ဒေါ်မာာလဆွေသည် ၎င်း၏ရဲ့ဆန္ဒများအား ပြောပြနေသည်။

"ဟုတ်ကဲ့. . . ကျွန်မလည်း အဲဒီလိုစိတ်ကူးမိပါတယ်။ ဒေါ်ဒေါ်တို့ကို ပြောဖို့ခက်နေလို့ပါ"

"အမယ်လေး သမီးလေးရယ်၊ သားလေးကျန်းမာရေးအတွက်ပဲ၊ ကြာရင် သားလေးစိတ်ဝေဒနာရှင် ဖြစ်သွားမှာ စိုးရိမ်ရတယ်"

"ဒါဆို အဲဒီကိစ္စကို ဘယ်လိုအကောင်အထည်ဖော်ရင်



ကောင်းမလဲ ဒေါ်ဒေါ်"

"ဆရာဝန်က ပြောတယ်ဆိုပြီး နားချရမှာပေါ့ကွယ်"

"ခက်နေတာ ခရီးထွက်ဖို့ပြောတိုင်း ငြင်းနေတယ်"

"ဟုတ်တယ် သမီးချယ်ရီ၊ အစက သားလေးဟာ အမြဲတမ်း ခရီးထွက် အပန်းဖြေအနားယူတဲ့သူဟာ အခု ဘာကြောင့်များ ငြင်းဆိုနေသလဲဆိုတာ စဉ်းစားရခက်နေတယ်"

ဒေါ်မာလာဆွေသည် သားဖြစ်သူအတွက်ဆို အမြဲတမ်း အလိုလိုက်နေသူတစ်ယောက်။ မောင်နန္ဒ ဘာလုပ်ချင်လဲ၊ ငွေဘယ်လောက်လိုအပ်သလဲ မည်သူဆူ. . . ထုတ်ပေးလိုက်သည်။

ရှားရှားပါးပါး ထိုသားအတွက်သာ ဦးစားပေးနေရသည်။ ဒေါ်မာလာဆွေ ယောကျ်ားက နိုင်ငံခြားမှာ အလုပ်လုပ်နေသည်မှာ နှစ်အတန်ကြာသည်။ ပြန်လာလိုက်. . . ပြန်သွားလိုက်နှင့် မိသားစုအရေးကိုမကြည့်နိုင် ငွေရဖို့ကိုသာ အဓိကဖြစ်နေသည်။

"ဝတီဖူးမရှိတော့လိုများလား ဒေါ်ဒေါ်"

"အဲဒါတော့ ဒေါ်ဒေါ်လည်း မပြောတတ်ဘူး သမီး"

"ထားပါလေ၊ ဒါတွေဟာ ပြီးခဲ့ပြီပဲ၊ သူ့ကိုမေးရင် စိတ်မကောင်းတာကလွဲပြီး ဘာမှတတ်နိုင်မှာ မဟုတ်ဘူး"

"ကဲ. . . အဲဒီလိုပဲ ကောင်းပါတယ်ကွယ်"

နှစ်ယောက်သား ပြောဆိုပြီးနောက် ချယ်ရီဦးသည် ခရီးထွက်ရန်အတွက် ပြင်ဆင်စရာများကို ပြင်ဆင်ရန် အိမ်ကို ပြန်လာခဲ့လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဓာတ်ကြိုးများသည် တွဲလောင်းကြနေသည်။
နံရံများ၌ ကြွေပြားများသည် သွေးစများ စွန်းထင်းပေးကျန်နေသည်။
တစ်ချို့ ကြွေပြားများသည် အက်ကွဲနေသည်ကို
အထင်းသား တွေ့နေရသည်။

# အခန်း(၁၆)

ညနေခြောက်နာရီကျော်. . . ၇ နာရီထိုးရန်အချိန် နီးကပ်နေသည်။

မောင်နန္ဒနှင့် ချယ်ရီဦးတို့ ခရီးထွက်ရန် အဝေးပြေးဂိတ် သို့ ရောက်ရှိလာကြသည်။

၎င်းတို့သည် ကားလက်မှတ်ဝယ်ရန် ပြင်ဆင်နေသည်။

ကားလက်မှတ်များ လောလောဆယ် ကုန်သွားသလို ခရီးသွားများသည် ကားပေါ်ကို နေရာယူနေကြသည်။

"ဘယ်လိုလုပ်ကြမလဲ ချယ်ရီ"

"ဒီနားက တည်းခိုခန်းမှာ တစ်ညတည်းပြီး မနက်စောစောကားနဲ့ လိုက်ကြမယ်လေ"

"အဲဒါပဲ ကောင်းပါတယ်"

ချယ်ရီဦးသည် တည်းခိုခန်းကို ကိုယ်တိုင်ရွေးချယ်သည်။

မောင်နန္ဒသည် ဝတီထဖူးကို အမြဲတမ်းအနိုင်ယူ ဦးဆောင်



www.burmeseclassic.com

www.burmeseclassic.com



နေတတ်ပေမယ့် ချယ်ရီဦးတို့တော့ အနိုင်ယူလို့မရ. . .

ချယ်ရီဦးသည် မောင်နန္ဒကို ဆွဲယူသိမ်းသွင်းရာမှာ လွန်စွာတော်သည်။ မောင်နန္ဒရဲ့ စိတ်ရိုင်းများသည် လွန်စွာ ယဉ်ကျေးတဲ့ သိုးငယ်တစ်ကောင်လို ဖြစ်နေသည်။ ယခု ချယ်ရီဦးရဲ့ ဦးဆောင်ခေါ်ဆောင်ရာကို လိုက်လာသည်။ ချယ်ရီဦးသည် အဝေးပြေးအပြင် ဘက်က တည်းခိုခန်းအတွင်းသို့ ဝင်ရောက်လာသည်။

ထိုတည်းခိုခန်းကို တွေ့လိုက်ရတဲ့အတွက် စိတ်ထဲမှာ တစ်မျိုးခံစားလိုက်ရသည်။

ထိုတည်းခိုခန်းကို ဝင်ရောက်တည်းရမှာကို စိုးရိမ်ထိတ်လန့်နေသည်။

ချယ်ရီဦးကို ပြောချင်သည်။ တခြားတည်းခိုခန်းမှာ တစ်ညတာ အိပ်စက်ရန်ပြောချင်သည်။ ၎င်းအတွေးများသည် နောက်ကျသွားသည်။ သူမသည် တည်းခိုခန်းအတွင်းသို့ ဝင်ရောက်သွားရာ. . .

မောင်နန္ဒသည် တည်းခိုခန်းအပြင်ဘက်မှာ ကလေးတစ်ယောက် ပမာ နားမလည်သလို ရပ်နေခဲ့သည်။

ခဏအကြာတွင် ဝန်ထမ်းတစ်ယောက်နှင့် ချယ်ရီဦး ထွက်လာသည်။

"မောင်. . . လာလေ"

"တခြားတည်းခိုခန်းသွားတည်းရင် ကောင်းမလား"

"အခန်းခရှင်းပြီးသွားပြီ မောင်ရဲ့၊ ပစ္စည်းတွေတောင် အခန်းထဲရောက်သွားပြီမောင်ရဲ့"

"လာပါ မောင်ရယ်"

"အေးပါလေ. . ."





မောင်နန္ဒသည် ချယ်ရီဦးစကားကို နားထောင်ပြီး အတွင်းသို့ဝင်ရောက်လိုက်သွားရာ. . .

ဝန်ထမ်းလေးသည် ရှေ့ကနေထွက်သွားသည်။

၎င်းတို့ အနောက်ကလိုက်သွားကြသည်။

"ဟိုက်. . ."

ဒုတိယအကြိမ် တုန်လှုပ်သွားသည်။

မျက်လုံးရှေ့မှာ တွေ့လိုက်ရတဲ့ အခန်းနံပါတ် '၃၀' ဖြစ်သည်။

ထိုအခန်း '၃၀' သည် တစ်ခေါက်လာရောက် တည်းဖူးသည်။ ယခု ဒုတိယတစ်ခေါက် ရောက်လာပြန်ရာ. . .

မောင်နန္ဒသည် အခန်းဝတွင်ရပ်နေသည်။

ချယ်ရီဦးသည် သူ့ကို အတွင်းကိုဝင်ရန်ခေါ်လိုက် သည်။

စိတ်ထဲမှာ ကြောက်ရွံ့စိတ်များ လွှမ်းမိုးနေသည်။ ဆံပင်များထိုးထောင်ထလာသည်။

ကြက်သီးများ ထလာသည်။

စိတ်များ ခြောက်ခြားနေသည်။

"မောင်. . . ရေချိုးလိုက်ဦးလေ ပင်ပန်းလာတယ် မဟုတ်လား"

"ကောင်းတယ်. . . လန်းဆန်းသွားအောင် ရေချိုးလိုက်မယ်"

မောင်နန္ဒသည် အဝတ်များလဲပြီး ရေချိုးရန် ထွက်သွားသည်။ သူမသည် ဧည့်ခန်းအတွင်းမှာထိုင်ပြီး စောင့်နေသည်။

မောင်နန္ဒသည် ရေချိုးခန်းအတွင်းသို့ ဝင်လိုက်ရာ. . .

"အမယ်လေးဗျ"



www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်သွားသည်။ ရေချိုးခန်းအတွင်းမှာရှိတဲ့ ဓာတ်ကြိုးများ ပြတ်ကြနေသည်ကို တွေ့လိုက်ရသည်။

ဓာတ်ကြိုးများသည် တွဲလောင်းကြနေသည်။ နံရံများရှိ ကြွေပြားများသည် သွေးစများ စွန်းထင်းပေးကျန်နေသည်၊ တစ်ချို့ ကြွေပြားများသည် အက်ကွဲနေသည်ကို အထင်းသား တွေ့နေရသည်။ မောင်နန္ဒသည် ရေချိုးချင်စိတ်များ ပျောက်ကွယ်နေသည်။

ရေချိုးခန်းထဲမှာ ရေမချိုးဘဲ ရုတ်တရက်ထွက်လာရာ. . .

ချယ်ရီဦးသည် မောင်နန္ဒအား အံ့သြသလို ကြည့်နေသည်။

"မောင်. . . ဘာဖြစ်လို့ ရေမချိုးတာလဲ"

"ရေချိုးချင်တဲ့စိတ်မရှိလို့ မချိုးခဲ့တာပါ ချယ်ရီ"

"အဲဒါလည်း ကောင်းပါတယ်လေ၊ ရေပြောင်း မြေပြောင်း ဆိုတော့ အဆင်မသင့်ရင် နေမကောင်းဖြစ်တတ်တာပဲ"

"ဟုတ်တယ်. . . ချယ်ရီ၊ အဲဒီအတွက်ကြောင့်ပါ"

"မောင်. . . ခဏနေဦးနော်၊ ချယ်ရီ စားစရာ သွားမှာလိုက်ဦးမယ်"

"အပေါ်ကို ခေါ်လိုက်ပါလား ချယ်ရီရာ"

"ရပါတယ် မောင်ရယ်၊ ဒေါ်ဒေါ်က မှာလိုက်တယ်။ မောင့်ကို ဂရုစိုက်ပါတဲ့"

စကားပြီးဆုံးတာနှင့် ချယ်ရီဦးသည် အခန်းကို အသံစေ့ပြီး အပြင်ကို ထွက်သွားသည်။

မောင်နန္ဒသည် ကုတင်ပေါ်မှာလှဲ၍ ကျန်ရစ်ခဲ့ပေတော့၏။

သူမအခန်းအပြင်ကို ထွက်သွားမှ စိတ်ထဲတွင် တုန်လှုပ်





ချောက်ခြားလာသည်။

သူမကို အပြင်မသွားရန် ပြတ်သားစွာ တားမြစ်လိုက်ချင်ပေမယ့် တကယ်တမ်းကြတော့ ပြောရန် ခက်ခဲနေသည်။

ယခုတစ်ယောက်တည်း ထိုအခန်းထဲမှာ ကျန်နေရတာကို စိုးရိမ်နေသည်။

မှန်းကြပ်လာသည် အခန်းအပြင်ကို ထွက်သွားချင်သည်။

အတွေးပေါင်းများစွာကို အမည်ဖော်မရတဲ့အဆုံး ကုတင်ပေါ်မှာ လှဲအိပ်လိုက်သည်။

တစ်ယောက်သောသူက လာရောက်ခေါ်နေသလို ထင်မှတ်နေသည်။ မျက်စိများကို စုံမှိတ်နေရာမှ. . . ဖွင့်ရမှာကို ခက်ခဲနေသည်။

"အဲဒီလောက်ပဲ အိပ်နေရသလား ကိုကို"

ထွက်ပေါ်လာတဲ့အသံကြောင့် မှိတ်နေနတဲ့ မျက်လုံးကို ဖွင့်လိုက်ရာ အနီရောင်ဝတ်စုံဖြင့် မိန်းကလေးတစ်ယောက်ကို တွေ့လိုက်သည်။

"အမလေးဗျာ"

"လွန်စွာထိတ်လန့်သွားသလား ကိုကို"

မောင်နန္ဒသည် ရုတ်တရက်ထိုင်လိုက်သည်။ ၎င်းရှေ့မှာ ရပ်နေသူကို သေချာကြည့်နေသည်။

"မင်း. . . မင်း"

"ဟုတ်ပါတယ်. . . ကျွန်မ ဝတီဖူးပါ။ ဒီအခန်းထဲမှာ ကိုကိုသတ်လိုက်တဲ့ ဝတီဖူးပါ"

"မဟုတ်ဘူး. . . မင်းဘယ်သူလဲ"

"ဘာလို့များ. . . ကိုယ့်ကိုကိုယ် လိမ်ညာနေတာလဲ



www.burmeseclassic.com

www.burmeseclassic.com



ကိုကို. . .။ ကိုကိုမမှတ်မိရင် ဝတီပြောပြမယ် အဲဒီညက ရေချိုးနေတဲ့ ကျွန်မကို ကိုကို ရက်ရက်စက်စက် သတ်ခဲ့တယ်။ ကိုကို့ ကိုယ် အသက်လောက်ချစ်ရသူ တစ်ယောက်အနေနဲ့ ဒီ အခန်းထဲမှာပဲ နေခဲ့တယ်။ ကိုကိုပြန်လာတာကို စောင့်နေခဲ့တယ်။ အခု ကိုကို ရောက်လာတော့ အရမ်းကို ပျော်ရွှင်သွားတယ်။ အဲဒါကြောင့် အခု လာတွေ့တာပေါ့"

"မင်းရူးနေသလား။ မင်းကို ငါမသိဘူး၊ အခု အခန်းထဲက ထွက်သွား"

"အဲဒီလို ပြောလို့မရဘူး ကိုကို၊ နောက်ဆုံးအနေနဲ့ တစ်ခုပဲ တောင်းဆိုမယ်။ ကျွန်မကို သတ်လိုက်တဲ့အကြောင်း ကျွန်မမိဘတွေကို ဝန်ခံပါ၊ အဲဒီလို မလုပ်ရင်တော့ ကျွန်မကိုယ်တိုင် ကိုကို့ကို သတ်ရလိမ့်မယ်"

သူမစကားသည် မောင်နန္ဒအတွက် စိုးရိမ်သွားသည်။ လူ့လောကမှာ အသက်ရှည်ရှည်နေချင်ပေမယ့် သူမစကားက စိတ်ကိုတုန်လှုပ်စေသည်။

မောင်နန္ဒသည် ရှေ့မှာရပ်နေတဲ့ ဝတီဖူးအား ကြည့်နေသည်။

ဝတီဖူးသည် စူးရှတဲ့မျက်လုံးများဖြင့် ကြည့်နေရာ. . . သူမရဲ့ အကြည့်သည် မောင်နန္ဒအတွက် အယူခံဝင်ရန် ခက်နေတဲ့ တရားခံ တစ်ယောက်လို ဖြစ်နေသည်။

သူမစကားကို မည်ကဲ့သို့ဖြေရမလဲဆိုတာ စဉ်းစားရခက်နေသည်။

"မင်း. . . မင်း. . . မဟုတ်တာမလုပ်နဲ့နော်"

"ဘာအခုမှ ကြောက်နေတာလဲ ကိုကို. . . ဒီမှာတွေ့





လား"

သူမသည် အနောက်မှာ ဝှက်ယူလာတဲ့ ဓားကို ထုတ်လိုက်သည်။

"မင်း မဟုတ်တာတွေ မလုပ်နဲ့နော်"

"ကိုကိုက ကိုယ်လုပ်ပြီးတဲ့ လုပ်ရပ်ကိုတောင် ဝန်ခံရမှာ ကြောက်နေတော့ ကျွန်မက ဘာမှညှာတာစရာ မလိုတော့ဘူးပေါ့"

"အေး. . . မင်းက သိချင်မှတော့ ငါကပြောရတော့မှာပေါ့၊ ဟုတ်တယ် မင်းကို ငါကိုယ်တိုင်ရေချိုးခန်းထဲမှာ သတ်ခဲ့တာ။ အခုလည်း အဲဒီလိုပဲ ပြန်သတ်ရမယ်။ နောက်တစ်ခါ မလာနိုင်အောင်လို့"

စကားပြီးဆုံးသည်နှင့် မောင်နန္ဒသည် သူမကိုသတ်ရန် ထလိုက်သည်။

မောင်နန္ဒရဲ့စိတ်များကို သိနေတဲ့ ချယ်ရီဦးက သတိရှိစွာ အနောက်ကို မသိမသာ စုတ်နေသည်။

ဒေါသများ လွှမ်းမိုးနေတဲ့ မောင်နန္ဒကတော့ ချယ်ရီဦးအား သတ်ရန် ကြိုးစားနေသည်။

"သား. . . လူလေး မောင်နန္ဒ မှားမယ်သတိထား"

ထွက်ပေါ်လာတဲ့အသံများနှင့် အတူ အတွင်းသို့ ဝင်ရောက်လာပြီး မောင်နန္ဒအား ဖမ်းချုပ်လိုက်ကြသည်။

"လွှတ်. . . ကျုပ်ကို လွှတ်"

မောင်နန္ဒ ရုန်းကန်သော်လည်းမရ။

ရောက်ရှိလာသူများသည် မောင်နန္ဒရဲ့အမေ ဒေါ်ဟလာဆွေ တစ်ယောက်တည်းမဟုတ်. . . ချယ်ရီဦးရဲ့ ဆွေမျိုးအသိုင်းအဝိုင်း

www.burmeseclassic.com

www.burmeseclassic.com



များနှင့် မိတ်ဆွေများ. . . စုစုပေါင်း ဆယ်ယောက်ဝန်းကျင်။

နောက်ဆုံးတော့ လက်မြှောက်ပြီး နေလိုက်ရသည်။

"ဖြစ်မှဖြစ်ရလေ သားရယ်. . . မင်းအဲဒီလောက် မိုက်လုံး ကြီးလိမ့်မယ်လို့ မေမေတို့ မထင်ထားခဲ့မိတာ အံ့မှား၊ သား အဲဒီလိုလုပ်မယ့်အစား အမေ့ကို သတ်လိုက်တာမှ အကောင်းသား"

"အမေ့ကို ကျွန်တော်မသတ်ဘူး"

"အမေ့ကို ကျွန်တော်မသတ်ဘူး"

"သားအခု လုပ်ပုံက အမေ့ကို သတ်လိုက်တာနဲ့ အတူတူပဲပေါ့၊ သားအမေ့ကို ပြောစမ်း၊ ဘာလို့ သမီးလေး ဝတီဖူးကို သတ်လိုက်တာလဲ"

မောင်နန္ဒသည် မပြောဘဲ ငြင်းဆိုနေသည်။

အားလုံးက မေးပါများလာတော့. . .

"ဟုတ်ပါတယ် အမေ၊ ကျွန်တော် ဝတီကို သတ်ခဲ့ပါတယ်။ ဒါပေမယ့် မုန်းလို့သတ်တာ မဟုတ်ပါဘူး၊ ချစ်လို့ သတ်မိတာပါ"

"ဘယ်လို. . . ချစ်လို့ သတ်မိတာ ဟုတ်လား သား"

"ဟုတ်ပါတယ် အမေ. . . ဝတီကို သတ်ရတဲ့အကြောင်းကို ကျွန်တော် ပြောပြပါတော့မယ်"

မိခင်ဒေါ်မာလာဆွေသည် မောင်နန္ဒကို ကြည့်နေသည်။

မောင်နန္ဒမျက်နှာလေးသည် အိုနေသည်။

ဒေါ်မာလာဆွေရောက်ရှိလာရခြင်းမှာ တစ်ခြားကြောင့် မဟုတ်ဘူး ချယ်ရီဦးရဲ့အဖော်တစ်ဦး ဖုန်းဆက်ခေါ်လိုက်တဲ့အတွက်ကြောင့် ရောက်ရှိလာခြင်းဖြစ်ပြီး. . .





ခေါ်လိုက်ရတဲ့အကြောင်းမှာ ဝတီဖူးကို သတ်တဲ့အကြောင်း ပြချင်၍ဖြစ်သည်။

မောင်နန္ဒသည် ဝတီဖူးအား သတ်လိုက်ရတဲ့အကြောင်းများကို ပြောပြနေပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

“လူ့လောကမှာနေရင် လူတွေနဲ့ မပတ်သက်လို့တော့ မရဘူး
မောင်၊ အဲဒီလိုမှ မပတ်သက်ချင်ဘူးဆိုရင်တော့ လူတွေ မရှိတဲ့နေရာမှာ
နေမှပဲရမယ်”

# အခန်း(၁၇)

သာယာလှပတဲ့ အချိန်လေးတစ်ခု. . .

စိတ်များသည် ပင်လယ်မှဲ့ဖြတ်တိုက်လာတဲ့ လေနုအေးကြောင့် လန်းဆန်းနေသည်။

ရန်ကုန်-ပိုလ်တစ်ထောင် ဆိပ်ကမ်းမှာ အပန်းဖြေနေသူများစွာရှိသည်။

တစ်ချို့သည် ရန်ကုန်မြစ်လယ်မှာလှေလိုက်စီးပြီး အပန်းဖြေနေကြသည်။

ထိုအထဲမှာ မောင်နန္ဒနှင့် ဝတီဖူးတို့လည်း ပါနေသည်။

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ကျေနပ်ငြိမ်းစကားလေးတွေကို ပျော်ရွှင်စွာ ပြောနေကြသည်။

မောင်နန္ဒသည် ဝတီဖူးနှင့်စကားပြောရတာ ပျော်ရွှင်ပေမယ့် ဝတီအပေါ် မကျေနပ်မှုများက မကြာခဏ ဖြစ်ပေါ်မြဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝတီဖူးသည် လွန်စွာသဘောကောင်းသည်။

ဒုက္ခရောက်သူများကို ဖြူစင်စွာကူညီတတ်သည်။

ထို့အတွက်ကြောင့် ဝတီဖူးကို တွေ့ရှိသည်နှင့် ယောက်ျား မိန်းမများက ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ကြသည်။

ဝတီဖူး ထိုကဲ့သို့ ခင်မင်တာကို မောင်နန္ဒက မကျေနပ်။

ထိုလူများကို ခင်မင်မှုများ မပြုလုပ်ရန် မှာသည်။ ဝတီဖူးက ထိုကိစ္စနှင့် ပတ်သက်လျှင် လက်မခံ. . .

"လူ့လောကမှာနေရင် လူတွေနဲ့ မပတ်သက်လို့တော့ မရဘူး မောင်၊ အဲဒီလိုမှ မပတ်သက်ချင်ဘူးဆိုရင်တော့ လူတွေ မရှိတဲ့နေရာမှာ နေမှပဲရမယ်"

ထိုကဲ့သို့ ပြောတာ ပြဿနာ။

"အဲဒီလိုလုပ်တာနဲ့ မင်းကိုငါသတ်မိလိမ့်မယ် ဝတီ"

ထိုကဲ့သို့ ချိန်းခြောက်မှုသည် အကြိမ်ပေါင်းထောင်သောင်း မက ဖြူစင်တဲ့စိတ်တွေကြောင့် မောင်နန္ဒရဲ့စကားများသည် ဝတီဖူး အတွက် အရာမရောက်. . .

ဝတီဖူးကတော့ ၎င်းစိတ်ရင်းအတိုင်းသာ ဆက်လက် ကူညီ သည်။ ယခုလည်း. . .

ဝတီဖူးသည် မောင်နန္ဒရဲ့ဆန္ဒကြောင့် ဆိပ်ကမ်းကို ရောက်ရှိ လာခြင်းဖြစ်သည်။

"ဝတီ. . ."

"ဟင်. . . ပြောလေကိုကို. . . ဘာပြောမလို့လဲ"

"ကိုကို့ကို တကယ်ရော ချစ်ရဲ့လား"

"ဘာသဘောနဲ့ မေးတာလဲ ကိုကို. . . ဝတီဘဝမှာ ကိုကိုကလွဲရင် အစားထိုးစရာမရှိဘူး. . . အခုဘဝ၊ နောင် ဆယ်





ဘဝထိပဲ"

"ကိုကို. . . ဘယ်အရာကို သက်သေထားပြီး ယုံရမှာလဲ ဝတီ"

"ကိုကို့ စိတ်ထဲမှာရှိတာကို သတ်မှတ်ပြီး သက်သေ ထားလို့ရပါတယ်။ တစ်ခုပဲ ပြောချင်တာက ဝတီရဲ့စိတ်ကို ဝတီ ယုံတယ် ကိုကို"

"အဲဒါကြောင့် ပြောနေရတာပေါ့"

မောင်နန္ဒစကားကို ရုတ်တရက် ဝတီဖူး တုန့်ပြန်ခြင်းမရှိ။

မောင်နန္ဒသည် ဝတီဖူးရဲ့အပေါ်မှာ သံသယများစွာ ရှိနေ တယ်ဆိုတာကို ကောင်းစွာသိနေသည်။

ဝတီဖူးသည် တစ်ခါတစ်လေ ဗမောင်နန္ဒအပေါ် စိတ်ကုန် လာပေမယ့်. . . မသိစိတ်များက မောင်နန္ဒကို တစ်နေ့တစ်ခါမှ မတွေ့ရရင် မနေနိုင်အောင်ဖြစ်ရသည်။

ထိုအချက်သည ဝတီဖူးရဲ့ အားနည်းချက်တစ်ခုသာ ဖြစ် သည်။ ၎င်းအားနည်းချက်ကိုသိနေတဲ့ မောင်နန္ဒက သူမကို အမြဲလို အနိုင်ယူတတ်သည်။

"ဘာလဲ ကိုကို. . . ဝတီက ကိုကိုမကြိုက်တာ လုပ်နေ လို့လား"

"ပြောရရင်တော့ အများကြီးပဲ ဝတီ"

"အဲဒါတော့ တစ်ဖက်သတ် စွဲချက်လို့ပဲလို့ ဝတီထင် တယ်"

"ဝတီထင်တာ ကိုကို မတားလိုပါဘူး၊ ကိုကို မကြိုက် တာကို ပြောတာ၊ ဒါတွေပြောရင် ဒေါပွစရာတွေချည်းပဲ"

မောင်နန္ဒစကားသည် ဝတီဖူးအတွက် စိုးရိမ်စရာများသာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

ဝတီဖူးသည် အားငယ်တတ်သူတစ်ယောက်. . .

၎င်းကို ဒေါသများဖြင့်ပြောလျှင် စိတ်မကောင်းစွာ ဝမ်းနည်းတတ်သည်။ ယခု မောင်နန္ဒစကားကြောင့် သူမ ဒေါသထွက်ပြီး မောင်နန္ဒအား ကြည့်လိုက်သည်။

"ဝတီက ကိုကိုမကြိုက်တာ လုပ်တယ်ဆိုတာ ဘာတွေလဲ"

"ပြောပြီးပါရောလား. . . လူတွေနဲ့ မပတ်သတ်ရဘူးဆိုတာ၊ အမိက,က ယောကျ်ားလေးတွေပဲ၊ အခု ဝတီက လူတိုင်းနဲ့ ခင်တွယ်နေတာ ကမ္ဘာ့လူသားတွေဟာ ဝတီရဲ့ အသိမိတ်ဆွေလားလို့ ထင်မိတယ်"

"အဲဒါတော့ ကိုကိုရယ်။ စေတနာ အကျိုးပေးပေါ့"

"ကောင်းတယ် စေတနာတွေ၊ အဲဒီလောက် ပေါ်နေ ရင် ကြာရင် လူတောင်"

"ကိုကိုနော်"

"ရှင်းရှင်းပြောမယ်။ ကြာရင် မင်းကို သတ်မိမယ်၊ အဲဒါ မင်းကိုမုန်းလို့ မဟုတ်ဘူး၊ သူများတွေထက် ပိုချစ်လို့"

ဝတီဖူးသည် မောင်နန္ဒစကားကို တုန့်ပြန်ရန် စကားမရှိတော့. . . ဝတီဖူးသည် အားငယ်တဲ့စိတ်နှင့် မောင်နန္ဒအား ကြည့်လိုက်ပြီး၊ မောင်နန္ဒအား ဖြေသိမ့်တဲ့စကားပြောရန် ရွေးချယ်လိုက်သည်။

အချိန်သည် ညနေခြောက်နာရီ ကျော်နေပြီ။

ပြန်ရန် ဆုံးဖြတ်လိုက်သည်။

ထိုအချိန်မှာ ဆက်ယက်စကားပြောနေလျှင် . . .





မောင်နန္ဒသည် သူမအား ရန်ကုန်မြစ်ထဲကို တွန်းချ သတ်လိုက်ရမှာကို စိုးရိမ်နေသည်။

သူမသည် သေရမှာကို လွန်စွာကြောက်နေသည်။

www.burmeseclassic.com

လူသန်ကြီးများသည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်သည်။

ဝတီဖူးသည် လွန်စွာကြောက်ရွံ့နေသော်လည်း သတ္တိအပြည့်ထား၍ ထိုစိတ်များ ပျောက်ကွယ်နေသည်။

# အခန်း(၁၈)

"ကျွန်မကို မသတ်နဲ့ သေရမှာ ကြောက်လို့ပါ"

ဝတီဖူးသည် တောင်းပန်၍ တောင်းပန်နေသော်လည်း ရောက်ရှိလာသူက မီးဝင်းဝင်းတောက် မျက်လုံးများဖြင့် ကြည့်နေသည်။ လက်ထဲတွင် ရှည်လျားသော လှံကြီးကို ကျစ်ကျစ်ပါအောင် ဆုတ်ကိုင်ထားပြီး. . .

ရှေ့ကို တစ်လှမ်းခြင်းလျှောက်လှမ်းလာသည်။

လှံရှည်ကြီး ကိုင်ထားသူရဲ့နောက်တွင် တင်းပုတ်ကြီး ကိုင်ထားတဲ့ လူသန်ကြီးနှစ်ယောက်ပါ လိုက်လာသည်။

ဝတီဖူးသည် ထိုလူများကို တောင်းပန်သော အကြည့်များ ကြည့်ပြီး ထွက်ပြေးရန် နေရာများ ရှာဖွေနေသည်။

ရှေးဟောင်း အဆောက်အဦကြီးတစ်ခုရဲ့ အခန်းတွင်း ရောက်နေ၍ ထွက်ပြေးရန် နေရာမရှိ။

အခန်းနံရံတွင် ထုဖွင်းထားတဲ့ ပန်းချီပုံများသည် လွန်စွာ

www.burmeseclassic.com

www.burmeseclassic.com



ကြောက်စရာကောင်းသည်။

ရက်စက်နှိပ်စက်သော ပုံများဖြစ်၍ သူမစိတ်များကို ပို ထိတ်လန့်စရာကောင်းနေသည်။

တစ်ချို့ပုံများမှာ လူဝံကြီးများက လူတွေကို လိုက်ဖမ်းနေသည်။ တစ်ချို့ပုံများက ကျားကြီးက သမင်ကို လိုက်နေပုံ။

ထိုပုံထဲမှာ ထူးခြားသည်က လွန်စွာကြောက်စရာကောင်းတဲ့ လူသန်ကြီး သုံးယောက်က မိန်းကလေးတစ်ယောက်ကို နှိပ်စက်နေသည်။

နှိပ်စက်နေသူ လူသန်ကြီးများသည် သူမရှေ့က ရောက်ရှိသူများဖြစ်ပြီး၊ နှိပ်စက်ခံနေရတဲ့ မိန်းကလေးသည် သူမသာဖြစ်နေသည်။

ဝတီဖူးသည် လူသန်ကြီးများကို တောင်းပန်နေသော်လည်း ထိုလူသန်ကြီးတွေက လက်မခံ. . .

"တောင်းပန်နေစရာလိုဘူး၊ တောင်းပန်လို့လည်း မရဘူး၊ ကျုပ်တို့က ခိုင်းတဲ့အတိုင်း လုပ်ရတာ"

"ကျွန်မ သေရမှာ ကြောက်လို့ပါ"

"မရဘူးလို့ ပြောပြီးပြီပဲ၊ ဟေ့. . . ဒီမိန်းကလေးကို ဆွဲခေါ်ခဲ့"

"ခဏနေပါဦး. . . ကျွန်မကို မေးခွင့်တစ်ခုပြုပါ"

ဝတီဖူးရဲ့တောင်းဆိုမှုကို လူသန်ကြီးများက လက်ခံလိုက်ပြီး. . .

ခေါင်းတွေ ငြိမ့်တုငြိမ့်ပြီး သူမကို ကြည့်နေသည်။

"ကဲ. . . မေး၊ ဘာမေးမှာလဲ ကျုပ်တို့အတွက် အချိန်မရှိဘူး"





"ကျွန်မကို ဘယ်သူက ခေါ်ခိုင်းတာလဲ"

"ကျုပ်တို့ရဲ့ ဆရာကြီးက ခေါ်ခိုင်းတာပါ"

"ရှင်တို့ရဲ့ ဆရာကြီးက ဘယ်သူလဲ"

"ကျုပ်တို့ဆရာကြီး ဘယ်သူဆိုတာ ဟိုရောက်ရင် သိမှာပါ"

"အခုပဲ သိချင်ပါတယ်"

"ပြောလို့ မရလို့ပါ မိန်းကလေး"

"အဲဒီလိုမှ မသိရရင် ကျွန်မမလိုက်နိုင်ဘူး၊ သတ်ချင်ရင်လည်း ဒီမှာပဲ သတ်လိုက်ပါ၊ ကျွန်မသေရဲတယ်"

"ကောင်းပြီလေ. . . မင်းက သိချင်တယ်ဆိုတော့ ပြောရတာပေါ့"

လူသန်ကြီးများသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်သည်။ ဝတီဖူးသည် လွန်စွာကြောက်ရွံ့နေသော်လည်း သတ္တိအပြည့်ထား၍ ထိုစိတ်များ ပျောက်ကွယ်နေသည်။

သူမသည် လူသန်ကြီးများ ပြောလမယ့်စကားကို စောင့်မျှော်နေသည်။

"ကျုပ်တို့ကို ခိုင်းတဲ့ဆရာကြီးက သူပဲ"

"ဟင်. . ."

လူသန်ကြီးသည် နံရံရှိ ပန်ချီကားကို လက်ညှိုးညွှန်ပြလိုက်ရာ. . .

သူမလွန်စွာ အံ့ဩတုန်လှုပ်သွားသည်။

နံရံကိုကြည့်လိုက်ရာ. . .

လွန်စွာ ကြောက်စရာကောင်းတဲ့ လူတစ်ယောက် ကြာပွတ်ကြီးကို တင်းကျပ်စွာ ကိုင်ပြီးထိုင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှည်လျားသော နှုတ်ခမ်းမွှေး၊ မုတ်ဆိတ်မွှေးများနှင့် ခေါင်းပေါ်တွင် အနက်ရောင်ပဝါတစ်ခု ပတ်ထားသည်။

ကိုခန္ဓာသည် ထွားကြိုင်းနေသည်။

ထိုလူကို သေချာကြည့်လိုက်ရာ. . .

သူမအသက်လောက် ချစ်ရသူ မောင်နန္ဒနှင့် ရုပ်ခြင်း တူနေသည်။

"ကဲ. . . မိန်းကလေး ဘယ်လိုဆုံးဖြတ်မလဲ"

"ကျွန်မ လိုက်ခဲ့မယ်"

"ကောင်းပြီ. . . သွားကြမယ်၊ ဟော့ကောင်တွေ သူ့ကို ခေါ်ခဲ့"

လူသန်ကြီးသည် ရှေ့ကထွက်သွားသည်။

ကျန်သူများက မိန်းကလေးဝတီဖွးကို ခေါ်ပြီး အနောက်က လိုက်လာကြသည်။



# အခန်း(၁၉)

ထိုသို့လျှောက်လာကြရာ. . .

ဃမ်းခရီးသည် လွန်စွာကြမ်းတမ်းလှသည်။

တောလမ်းခရီးဖြစ်၍ နုနယ်တဲ့ မိန်းကလေးတစ်ယောက်ဖြစ်၍ လွန်စွာပင်ပန်းလှသည်။ အားအင်များ ကုန်ခမ်းလာသည်။

"အခုထိ မရောက်သေးဘူးလား"

"ဟိုအရှေ့က အဆောက်အဦကြီးပါပဲ"

အဆောက်အဦးကြီးသည် မည်းနက်လှသည့် ရှေးဟောင်းအဆောက်အဦကို ရောက်ရှိရာ သူမကြောက်ရွံ့နေသည်။

တုန်လှုပ်နေရာ. . .

အဆောက်အဦးအတွင်းသို့ဝင်ရမှာကို ကြောက်ရွံ့နေသည်။ တဖြည်းဖြည်းနှင့် နီးကပ်လာသည်။

"ကဲ. . . မိန်းကလေးရှေ့က သွားပါ၊ အပေါ်မှာ ကျုပ်တို့ ဆရာကြီး ရှိနေပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



“ရှင်တို့ပါ လိုက်ခဲ့ကြပါ”

“ကျုပ်တို့အနောက် လိုက်ခဲ့မှာပါ”

ထိုသို့ပြောဆိုပြီး လူသန်ကြီးများ အနောက်က လိုက်လာကြသည်။

“ရောက်လာကြပြီလား”

ထွက်ပေါ်လာတဲ့ အသံသည် ပတ်ဝန်းကျင်ကို လွှမ်းမိုးသွားသည်။

ထိုအသံသည် သူမရဲ့စိတ်ကို ခြောက်ခြားစေသည်။

သူမသည် အသံပိုင်ရှင်ကို ကြည့်လိုက်ရာ. . .

၎င်းသည် ခန့်ညားထည်ဝါတဲ့ ကုလားထိုင်ကြီးပေါ်တွင် ဝင့်ကြွားစွာ ထိုင်နေသည်။

လက်ထဲတွင် ကနုတ်ပန်းများနှင့် ပြည့်နှက်နေတဲ့ ကျောက်စီဓားကြီးကို ကိုင်ထားသည်။

ရှေ့တွင် တပည့်များ ထိုင်နေကြသည်။

သူမသည် ရှေ့ကိုမတိုးရဲ။ ထိုနေရာတွင် ရပ်နေသည်။

“သွားလေ”

“အား. . . အမလေး”

အနောက်မှ တွန်းလိုက်တဲ့အတွက် ဝတီဖူး ရှေ့ကို လွင့်သွားသည်။ သူမ ခေါင်းထောင်မော့ကြည့်လိုက်တော့ ကုလားထိုင်ပေါ်မှာ ထိုင်နေသူက ကျေနပ်စွာကြည့်လိုက်သည်။

“အမိန့်သတ်မှတ်မယ် နားထောင်”

“နေပါဦး. . . ကျွန်မမေးပါရစေ”

“မေး. . . ဘာများမေးမှာလဲ၊ ကျုပ်မှာ အချိန်မရှိဘူး ကျုပ်ရဲ့ကျားကြီးလည်း ဗိုက်ဆာလှပြီ”



“ကျွန်မမှာ ဘာအပြစ်ရှိလို့လဲ ကျွန်မရှင့်ကိုမသိဘူး”

“မင်း. . . ဘာကို မသိဟန်ဆောင်ပြီး မေးနေတာလဲ”

“ကျွန်မ ရှင့်ကိုမသိတာ အမှန်ပါ၊ ကျွန်မကို ရှင်းပြပါ”

“မင်း မသိချင်ဟန်ဆောင်တာလား။ တကယ်ပဲမသိတာလားဆိုတာ ကျုပ်မသိဘူး၊ မင်းကိုယ်မင်းပဲ အသိဆုံးနေမှာပါ”

“ကျွန်မမေးတာကိုသာ ဖြေပါ”

“ကျုပ်ခပ်တိုတိုပဲ ပြောမယ်။ မင်းဟာ ကျုပ်ရဲ့ အသက်လောက်ချစ်ရတဲ့ မိန်းကလေးတစ်ယောက်ပဲ၊ ဒါပေမယ့် ကျုပ်ရဲ့ စကားကို နားမထောင်ဘူး၊ မင်းအတွက် ကျုပ်မှာ နေ့စဉ် သောကရောက်နေရတယ်။ ကြာရင် မင်းကြောင့် ကျုပ်သေနိုင်တယ်။ အဲဒါကြောင့် မင်းမရှိမှ ကျုပ်ဘဝ အေးချမ်းလိမ့်မယ်”

“အဲဒါတော့ တစ်ဖက်သတ်လုပ်ရပ်ပဲ၊ ရှင့်ကို ကျွန်မ တွေ့ဖူးတာ ဒါဟာ ပထမဆုံးအကြိမ်ပဲ”

ဝတီဖူး၏စကားကို လက်ခံခြင်းမရှိ၊ ခေါင်းကိုဘယ်ညာ ခါရမ်းလိုက်ပြီး. . .

“ရဲမွှေတော်တို့ မိန်းကလေးကို ချုပ်လိုက်ကြ”

လူသန်ကြီးသည် ပြောသည့်စကားအား လက်ခံပြီး သူမအား ဖမ်းချုပ်လိုက်ကြသည်။

သူမသည် ကျယ်လောင်စွာ အော်ဟစ်ပြီး ရုန်းကန်နေသော်လည်း. . . အင်အားခြင်း မမျှတ၍ သူမသည် ထိုလူသန်များရဲ့ ချုပ်နှောင်ခြင်းကို ခံလိုက်ရသည်။

ဓားရှည်ကြီးကို ကိုင်ဆောင်ထားသည့် ခေါင်းဆောင်ကြီး [illegible]သာကျေနပ်နေသည်။

“လိုက်ခဲ့ကြ”

www.burmeseclassic.com



ပြောဆိုပြီး ရှေ့တထွက်သွားသည်။

တစ်ခန် လူသန်ကြီးများက ဝတီဖူးကိုဆွဲခေါ်ပြီး အနောက်က လိုက်ခဲ့ကြသည်။

သူမသည် ရှန်းကန်နေသည်။

ထိုလူများရဲ့ ခေါ်ဆောင်မှုကို တွဲလောင်းဆွဲ လိုက်ပါလာခဲ့ သည်။ ရှေ့ကထွက်သွားတဲ့ ခေါင်းဆောင်ကြီးသည် လသာဆောင် တွင် ရပ်လိုက်ရာ အဆောက်အဦသည် တောင်ထိပ်ပေါ်တွင် ရှိနေ၍ တောင်ကြီးသည် လွန်စွာမြင့်သည်။

တောင်စောင်းတွင် ကျားရဲတိရစ္ဆာန်များရှိနေသည်။

"ကျွန်မကို ဒီတောင်ပေါ်က တွန်းမချပါနဲ့ တောင်းပန် ပါတယ်"

"မရဘူး. . . ကျုပ်က ဆုံးဖြတ်ချက်ချပြီးရင် ပြန်ပြင်တယ် ဆိုတာ မရှိဘူး၊ မင်းရဲ့တောင်းပန်တာကို ကျုပ်လက်မခံနိုင်ဘူး"

"ဘာလုပ်နေတာလဲ"

စကားဆုံးသည်နှင့် လူသန်ကြီးများသည် လသာဆောင်ရဲ့ တံခါးကို ဖွင့်လိုက်ပြီး. . .

ကျန်ထစ်ယောက် ကျယ်လောင်တဲ့ အသံကြီးဖြင့် အော် လိုက်ရာ ပတ်ဝန်းကျင်တစ်ခုလုံးကို လွှမ်းမိုးသွားသည်။

ထိုအချိန်တွင်

"ဝေါင်း"

"ဖျောင်း. . . ဖျောင်း"

ထိတ်လန့်တုန်လှုပ်စရာကောင်းသည့် အသံနှင့်အတူ ကျားကြီးတစ်ကောင် ထွက်ပေါ်လာတာကို တွေ့လိုက်ရသည်။

ကျားကြီးသည် သွက်လက်သော ခြေလှမ်းများနှင့် ဘယ်ညာ





လျှောက်လှမ်းနေသည်။

ကြီးမားတဲ့ ကျားကြီးကိုတွေ့လိုက်ရ၍ သူမတုန်လှုပ်သွားပြီး စောစောက စွမ်းအားသတ္တိတွေ ပျောက်ကုန်သည်။

သေရမှာကို စိုးရိမ်ကြောက်နေသည်။

"အချိန်ရောက်ပြီ"

"သွားလေရော့ ဟာ"

"အား"

အော်သံနှင့်အတူ သူမသည် လေပေါ်မှဝဲ၍ တောင်အောက် သို့ ဦးတည်နေပေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

"ဥပဒ်နဲ့ကြောင့်ဥပဒ်နဲ့ဖြစ်ပါတယ်ကွာ၊
အိမ်မက်ဟာ အိမ်မက်ပါပဲ တကယ်မှ မဟုတ်တာပဲ"

# အခန်း(၂၀)

"အိပ်မက်ကြီးက တစ်မျိုးပါလား"

မောင်နန္ဒသည် ကော်ဖီကို တစ်ငုံစာသောက်ပြီး ပြောလိုက်သည်။

ဂတီဖူးကိုကြည့်လိုက်သည်။

ဝတီဖူးသည် သူမရဲ့အိပ်မက်အတွက် စိုးရိမ်သောကများ ပျောက်ရှိနေသည်။

မောင်နန္ဒကတော့ ထူးခြားမှုသိပ်မရှိ။

ခပ်ပေါ့ပေါ့ သဘောထားနေသည်။

"ဟုတ်တယ် ကိုကို၊ အဲဒီ အိမ်မက်ဟာ တစ်မျိုးပဲ ကိုကိုနဲ့တူတဲ့ သူတစ်ယောက်က ဝတီကို သတ်မှာစိုးရိမ်တယ်။ ဝတီ ကိုကိုနဲ့ ငယ်ငယ်ရွယ်ရွယ်နဲ့ ဝေးရမှာကို ကြောက်တယ်"

"ဝတီကလည်းကွာ၊ မဟုတ်တာတွေ ပြောနေပြန်ပြီ"

"မဟုတ်ဘူး ကိုကို၊ ဒီဖြစ်ရပ်တွေကို ဝတီသံသယရှိ

www.burmeseclassic.com

www.burmeseclassic.com



နေတယ်”

“ဥပဒါန်ကြောင့် ဥပဒါန်ဖြစ်ပါတယ်ကွာ၊ အိပ်မက်ဟာ အိပ်မက်ပါပဲ တကယ်မှ မဟုတ်တာဘဲ”

မောင်နန္ဒစကားသည် သူမအတွက် ခိုင်လုံခြင်းမရှိဟု ထင်မှတ်သည်။ တကယ်တော့. . .

သူမသည် အိမ်မက်မက်တဲ့ မနက်မှာပဲ မောင်နန္ဒကိုတွေ့ပြီး ထိုအကြောင်းကို ချက်ချင်းပြောပြသည်။

ထိုအိပ်မက် တကယ်မဖြစ်ပါစေနှင့်ဟု ဆုတောင်းမိသည်။

“ကိုကိုက မဖြစ်ဖူးလို့ ထင်နေလို့လား”

“ဖြစ်စရာ အကြောင်းမှ မရှိတာဘဲ ဝတီရာ”

“မပြောတော့ဘူး၊ ကိုကို့ကို ဝတီလာပြောတာ အတူ အညီရမလားလို့ တိုင်ပင်တာ အခုတော့ အလကားပဲ”

“အင်း. . . တစ်ခုအကြံရပြီ”

“ဘာများလဲ ကိုကို”

“အစ်မတော်မြနန်းနွယ်ကို ပွဲပေးပြီး တောင်းပန်ရင် ကောင်းမလား”

“အဲဒါ ကောင်းတယ်”

ဝတီဖူးသည် မောင်နန္ဒစကားကြောင့် ပျော်ရွှင်သွားသည်။

လက်တျန် ကော်ဖီကို သောက်လိုက်သည်။

ဝတီဖူးသည် မြနန်းနွယ်ကို ပွဲပေးတာကို ကျေနပ်သည်။

ပျော်ရွှင်သည်။

သောကတွေ ပျောက်ကွယ်သွားပြီဟု ထင်မှတ်ပြီး စိတ်ထဲမှာ တစ်ခုခုဖြစ်လာလျှင် ကန်တော့ပွဲ ပေးလေ့ရှိသည်။

အခက်အခဲအားလုံး ပျောက်ကွယ်သွားပြီဟု ထင်မှတ်လေ့





ရှိရာ၊ အမြဲတမ်းလို မြနန်းနွယ်ထံ အရောက်သွားလေ့ရှိသည်။

မောင်နန္ဒသည် ကော်ဖီဖိုးပေးလိုက်သည်။

နှစ်ယောက်သား ကော်ဖီဆိုင်အတွင်းက ထွက်လာခဲ့ကြပေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်ဘယ်သူ့ကိုမှ မစော်ကားဘူး၊
ဦးသွားတယ်ဆိုတာလဲ မဖြစ်နိုင်ဘူး၊
ခင်ဗျားသုဝဏ္ဏကို ခွင့်တောင်းတာပဲ ရှိတာပါ"

# အခန်း(၂၁)

ဝတီဖူးသည် ပွဲပေးပြီးတာတောင် စိတ်ထဲမှာ ရှင်လန်းမှုမရှိ ခါတိုင်း ပွဲပေးပြီးတာနှင့် စိတ်တွေ ပျော်ရွှင်နေတဲ့ ဝတီဖူး ယခုတော့ ထိုကဲ့သို့ မရှိ။

ပင်ပန်းနေသလို ဖြစ်နေသည်။

အရာဝတ္ထုတစ်ခုကို သတိရသလို လွမ်းဆွေးသလို ဖြစ်နေသည်။ ၎င်းလွမ်းဆွေးမှုသည် မည်သည့်အရာကြောင့်ဆိုတာ အမည်မဖော်နိုင်ဖြစ်နေသည်။

စိတ်တွေ ညှိုးနွမ်းနေ၍ အိမ်ပေါ်ကို မတက်၊ ခြံတွင်းမှာ ထိုင်နေသည်။

အဝေးမှ တိုက်ခတ်လာတဲ့ လေကို ရှူရှိုက်နေသည်။

လေရှူရှိုက်ရခြင်းသည် သူမစိတ်ကို လန်းဆန်းအောင် စွမ်းဆောင်နိုင်စွမ်း မရှိအောင်ဖြစ်နေသည်။

"ဝတီ. . . ဝတီ"

www.burmeseclassic.com

www.burmeseclassic.com



အသံလာရာ ကြည့်လိုက်ရာ. . .

အသက် ၂၀ ကျော် သားသားနားနား လူငယ်တစ်ယောက် ဖြစ်သည်။ လူငယ်သည် သူမထံသို့ ပြုံးရွှင်စွာ ဦးတည်လာနေ သည်။

“ဟဲ့. . . ကိုဇော်. . . ဘယ်ကလာတာလဲ”

“ဟိုဘက်ကို လာတာ၊ အဲဒီမှာ ငါ့သူငယ်ချင်းတစ် ယောက် နေတယ်”

“ငါကလည်း နင့်သူငယ်ချင်းမဟုတ်လို့လား”

“နင်လည်း ငါ့သူငယ်ချင်းပဲ၊ ဒါပေမယ့် မတူညီတာတွေ ရှိသေးတယ်လေဟာ”

“ဘာ. . . မတူညီတာတွေ ဟုတ်လား၊ နင့်စကားက ပုစ္ဆာ တစ်ပုဒ်ဖြစ်နေတယ်၊ ငါသိအောင် ရှင်းရှင်းပြောစမ်းပါဟာ”

“နင်ကလည်းဟာ ရိုးလွန်းလိုက်တာ”

“မသိလို့ မသိကြောင်း ပြောတာပဲဟာ”

ဝတီဖူးသည် မကျေနပ်တဲ့ မျက်စောင်းလေးတစ်ချက် ထိုး လိုက်ရာ မောင်ဇော်နောင်သည် ပြုံးစိစိနှင့် ဝတီဖူးကို ကြည့်နေ သည်။

တကယ်တော့. . .

မောင်ဇော်နောင်နှင့် ဝတီဖူးတို့သည် ကျောင်းနေဖက် သူငယ်ချင်းများဖြစ်ကြပြီး ဘွဲ့ရတော့လည်း အတူတူ၊ ဘာသာလည်း အတူတူဖြစ်သည်။ တစ်ယောက်အကြောင်းကို တစ်ယောက် ကောင်းစွာသိကြသည်။

ဝတီဖူးနှင့်မောင်နန္ဒ ချစ်သူများဖြစ်နေတာကို ၎င်းက ကောင်းစွာ သိနေသည်။



မောင်ဇော်နောင်က လူတစ်မျိုး. . .

မိန်းကလေးတိုင်းကို စိတ်ဝင်စားသည်။

ချစ်ရေးတော့ မဆို. . .

ဝတီဖူးအပါအဝင် အခြားသူငယ်ချင်းများက မောင်ဇော်နောင် ကို ထိုဘဝတွင် မိန်းမမရတော့ဘူး၊ လူပျိုကြီးဘဝနှင့်သာ သေဆုံး တဲ့အထိ နေသွားရမယ်၊ တစ်ချို့က ငှက်ပျောတုန်းနဲ့ နေမဲ့သူ။

တစ်ချို့က သီတင်းကျွတ်ကြီးဟာ ပြောဆိုနောက်ပြောင် ကြသည်။ သူငယ်ချင်းများရဲ့ ပြောဆိုမှုကို ဥပေက္ခာပြုထားသည်။

“ခက်တာပဲဟာ”

“ဘာခက်တာလဲဟာ နင်ကလည်း မသိလို့ မသိတာ ဘဲ”

“ဟဲ့. . . ငါမေးတာ ဖြေလေ. . . ဘာဖြစ်နေတာလဲ”

“ငါရှက်နေသလို ဖြစ်နေတယ်”

“ဇော်ရယ်. . . နင်ကလည်း”

“ပြောမယ့်ဟာ ပြောစမ်းပါ”

“အေးပါဟာ ငါပြောပါ့မယ်။ ငါအခုလာရတာ ငါ ကြိုက်နေတဲ့ ကောင်မလေးအိမ်ကို လာတာ”

“ဟေ. . . ဟုတ်လား. . . ဒါဆို ငါတို့အိမ်ဝယ်ပေးရ တော့မယ်ပေါ့”

“နင်ကလည်းဟာ. . . မဟုတ်တာ လွှဲပါစေ၊ ပယ်ပါ စေ”

မောင်ဇော်နောင် ဆုတောင်းလိုက်သည်။

ဝတီဖူးသည် နှစ်ခြိုက်စွာရယ်လိုက်မိသည်။

သူငယ်ချင်းများက မောင်ဇော်နောင် အိမ်ထောင်ပြုရင်

www.burmeseclassic.com

www.burmeseclassic.com



နေထိုင်ရန် အိမ်တစ်လုံး ဝယ်ပေးမည်ဟာ နောက်ပြောင်ပြော ဆိုသည်။

တကယ်တော့ မောင်ဇော်နောင်သည် လူဆင်းရဲတစ်ယောက် မဟုတ်. . . လူချမ်းသာ မိသားစုက ပေါက်ဖွားလာသူတစ်ယောက် ဖြစ်သည်။

"မကြောက်ပါနဲ့ဟာ. . . ငါတ နောက်တာပါ။ ဒါနဲ့"

"ပြောလေဟာ. . . ဘာပြောမလို့လဲ"

"နင် သူ့ကို ချစ်ရေးဆိုပြီးပြီလား"

"အဖြေရပြီးပြီဟာ"

"ဒါဆို. . . ငါတို့ လူကြီးလုပ်ပြီး လိုက်တောင်းပေးမယ် လေဟာ။ ဘယ်တော့ တောင်းပေးရမလဲ"

"ရပါတယ်ဟာ. . . ငါ့သူ့ဆီမှာ ခွင့်တောင်းရဦးမယ်"

"ဒါဆိုလည်း မြန်မြန်ပြောဟာ၊ ငါတို့ကတော့ အဆင် သင့်ပဲ"

"ဟေ့လူ. . . ရော့"

"အား. . ."

ထွက်ပေါ်လာတဲ့အသံနှင့်အတူ မောင်ဇော်နောင် အနောက် ကို လွင့်စင်လဲကျသွားသည်။

ထိုဖြစ်ရပ်ကြောင့် ဝတီဖူးထိုင်ရာက ထလိုက်သည်။

"ကိုကို မလုပ်နဲ့. . . မလုပ်နဲ့"

ဝတီဖူးသည် ရုတ်တရက်တားလိုက်သည်။

"မတားနဲ့. . . မတားနဲ့. . . ဒီကောင့်ကို အပြတ်ရှင်း ပစ်ရမယ်"

မောင်နန္ဒသည် ဝတီဖူး တားမြစ်နေတဲ့ကြားက မောင်



ဇော်နောင်ကို ဆက်လက်တိုက်ခိုက်ရန် ကြိုးစားနေသည်။

မောင်ဇော်နောင်သည် ပါးစပ်မှထွက်လာတဲ့ သွေးစများကို သုတ်ပြီး၊ မကျေနပ်တဲ့အကြည့်များဖြင့် ကြည့်လိုက်သည်။

အကြောင်းမဲ့ အထိုးခံလိုက်ရတဲ့အတွက် ဒေါသများ ထွက် လာသည်။

"ကိုကို မှားမယ်"

"ဘာကြောင့် မှားရမှာလဲ"

"ဝတီ. . . နင်မရှင်းနဲ့ ဒီလူ့ကို ငါရှင်းမယ်"

"လာပါ. . . ခင်ဗျားလို ကြာတူလီကို ကျုပ်ကလည်း ရှင်းရဲတယ်"

"ကိုကို ဝတီစကားကို နားမထောင်ဘူးလား၊ ဇော် ငါတောင်းပန်တယ်ဟာ"

"ဘာလို့ တောင်းပန်ရမှာလဲ၊ မင်းနဲ့အဲဒီလူ ကြိုက်နေ လို့လား"

"ဒီစကားဟာ ဝတီကို စော်ကားသလို တစ်ဖက်သားရဲ့ ဂုဏ်သိက္ခာကိုပါ ထိခိုက်စေပါတယ် ကိုကို"

"ဘာစော်ကားတယ် ဟုတ်လား၊ အခုတော့ ငါ့ကို ပြန်ပြီး ပြောနေပြီပေါ့။ အဲဒီလူကြောင့်"

"ဝတီက မှန်တဲ့ဘက်ကရပ်ရမှာပဲ ကိုကို၊ ကိုကို့လုပ်ရပ် ကို ပြန်စဉ်းစားပါ ဘယ်သူက မှားတယ်၊ မှန်တယ် ဆိုတာ"

ဝတီစကားသည် မောင်နန္ဒအတွက် ဒေါသထွက်စရာ ဖြစ် နေသည်။

တကယ်တော့

မောင်နန္ဒသည် ဝတီဖူးအပေါ် အမြဲသံသယ ဝင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းယောကျ်ားလေးတွေနှင့် စကားပြောတာတွေ့ရင် ပြဿနာများ ရှာတတ်သည်။

ဝတီဖူးသည် မောင်နန္ဒ ထိုကဲ့သို့ ပြဿနာရှာမှုကြောင့် သူငယ်ချင်းများနှင့် စိတ်ဝမ်းကွဲရပေါင်း များလှသည်။

ထိုအတွက်ကြောင့်. . .

မောင်နန္ဒကို တစ်ခါတစ်လေ စိတ်ကုန်လာသည်။

လမ်းခွဲရန် စိတ်ကူးမိပေမယ့် တင်းကြပ်တဲ့ ချည်နှောင်မှုတွေကြောင့် အခက်ကြုံနေရသည်။

နှစ်ဖက်မိဘတွေကလည်း သဘောတူထားကြသည်။

ထိုနေရာမှာ. . . မောင်နန္ဒအပေါ် မကျေနပ်တာ တစ်ခုရှိသည်။

၎င်းသည် မိန်းကလေးတွေကို တစ်ယောက်ပြီးတစ်ယောက် တွဲပြီး ကျေနပ်ပျော်ရွှင်နေသည်။

"ဘာမှစဉ်းစားစရာမလိုဘူး၊ မင်းဟာ မကြာခင် ငါ့ရဲ့ တရားဝင်ဇနီးမယားဖြစ်တော့မယ်။ ငါ့စကားကို နားထောင်"

"မှန်တာလုပ်ရင်တော့ နားထောင်မှာပဲ၊ မဟုတ်တာ လုပ်နေရင်တော့ နားထောင်မှာ မဟုတ်ဘူး"

"ဘာ. . . ဘာပြောတယ် ပြန်ပြောစမ်း"

"ကိုကို ကြားပြီးသား စကားပဲ၊ ဘာပြောစရာရှိမှာလဲ"

ဝတီစကားသည် မောင်နန္ဒအတွက် ဒေါသထွက်စရာ ဖြစ်နေရာ၊ မောင်နန္ဒသည် ဝတီဖူးကို ဒေါသအကြည့်မျိုးဖြင့် ကြည့်လိုက်သည်။ ပတ်ဝန်းကျင်ကို ဂရုစိုက်ရမှာကို မေ့နေသည်။

"ဘာ. . ."

"ဟော့လူ. . . ခင်ဗျား၊ အဲဒီလို မလုပ်ပါနဲ့"





ကိုဇော်နောင်ရဲ့ တားမြစ်မှုကြောင့်. . .

ဝတီဖူးကို ရိုက်ရန်မြှောက်တင်လိုက်တဲ့ လက်များသည် မိုးပေါ်မှာပဲ ရပ်တန့်သွားသည်။

ထို့နောက်. . .

ဒေါသမျက်လုံးများဖြင့် မောင်ဇော်နောင်အား ကြည့်လိုက်ပြီး။

"မင်းလားကွာ"

"အား. . ."

အော်သံနှင့်အတူ မောင်နန္ဒလဲကျသွားသည်။ ရုတ်တရက်ဆိုတော့ ဝတီဖူး ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားသည်။

တကယ်တော့

မောင်နန္ဒသည် ဝတီဖူးကို မတိုက်ခိုက်ရ၍ မောင်ဇော်နောင်အား တိုက်ခိုက်ရာ. . . မောင်ဇော်နောင်သည် သွက်လက်စွာ မောင်နန္ဒရဲ့လက်ကို ဖမ်းလိုက်ပြီးနောက် လိမ်လိုက်သလို ခြေထောက်ကလည်း မောင်နန္ဒရဲ့ဘယ်ခြေထောက်ကို ဖြတ်ကန်လိုက်သည်။

ရုတ်တရက် တိုက်ခိုက်ခံလိုက်ရတဲ့အတွက် ခုခံနိုင်စွမ်းမရှိအောင် ဖြစ်သွားသည်။

"ကျုပ်သူငယ်ချင်း မျက်နှာကြောင့် ခင်ဗျားသက်သာသွားတယ်လို့ မှတ်ပါ"

"ကျုပ်ကို ဘယ်လိုလူစား မှတ်နေလို့လဲ"

မောင်နန္ဒသည် လက်ကို နှိပ်ပြီးထလိုက်သည်။

"အေးပေါ့ဗျာ. . . ဒီတစ်ခါတော့ ခင်ဗျားဦးသွားတာကို"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ဘယ်သူ့ကိုမှ မစော်ကားဘူး၊ ဦးသွားတယ် ဆိုတာလဲ မဖြစ်နိုင်ဘူး၊ ခင်ဗျားလုပ်ရပ်ကို ခုခံတာပဲ ရှိတာပါ"

"သူငယ်ချင်း ဝတီ၊ နင့်ကို ငါတစ်ခုပြောချင်တယ် သူဟာ နင့်ကိုယ်ခန္ဓာနဲ့အတူ အသက်ကိုပါ အန္တရာယ်ပြုမယ့် သူ သူ့ကို သတိထားပါလို့ ပြောခဲ့ချင်ပါတယ်"

စကားဆုံးသည်နှင့် မောင်ဇော်နောင်သည် သူတို့ကို ကျော နိုင်းပြီး ထွက်သွားသည်။

မောင်နန္ဒသည် မောင်ဇော်နောင်ကို နားကျည်းတဲ့ စကား ပြောလိုက်ချင်ပေမယ့် နောက်ကျသွားပေတော့သည်။



# အခန်း(၂၂)

"နင်ဟာ မြွေပွေးကို ခါးပိုက်,ပိုက်ထားသလို ဖြစ်နေပြီ ဝတီ၊ တစ်ချိန်ကျရင် နင့်ခန္ဓာကိုယ်နဲ့အတူ အသက်ကိုပါ အန္တရာယ် ပေးနိုင်တယ်"

ထိုစကားသည်

ဝတီဖူးအတွက် သောကရောက်နေရသည်။

ဇော်နောင် မည်သည့်အဓိပ္ပါယ်ကိုရည်ရွယ်ပြီး ပြောခဲ့သည် ဆိုတာကို နားမလည်နိုင်အောင် ဖြစ်နေသည်။

အချစ်ဆုံးချစ်သူ မောင်နန္ဒကရော သူမကို တကယ်ဒုက္ခ ရောက်အောင် လုပ်မှာလား။

မောင်နန္ဒက သူမကို ထိုကဲ့သို့ ပြုလုပ်ရင်း. . .

ဘယ်လို ရင်ဆိုင်မလဲ။

ရင်ဆိုင်နိုင်စွမ်းရော ရှိပါ့မလား။

တကယ်တော့

www.burmeseclassic.com

www.burmeseclassic.com



ဝတီဖူးသည် မောင်နန္ဒကို အသက်လောက်ချစ်သည်။

ထို့ကြောင့်လည်း မိဘများနှင့်အတူ ပြည်ပနိုင်ငံကို လိုက်သွားခြင်းမရှိ။ ဝတီဖူးရဲ့ မိသားစုအားလုံးက ပြည်ပမှာ. . .

ဝတီဖူးတစ်ယောက်သာ အဒေါ်နှင့်အတူ မြန်မာနိုင်ငံမှာ နေခဲ့ခြင်းဖြစ်သည်။

ထိုသို့နေခဲ့ရသည်မှာ မောင်နန္ဒကြောင့်။ မောင်နန္ဒကိုချစ်လို့

"အချစ်ဆိုတာ တစ်ဦးတစ်ယောက်ထဲအတွက် မဟုတ်ဘူး၊ အားလုံးနဲ့ သက်ဆိုင်တယ်။ ဒါတွေကို သိထားဖို့လိုတယ်။ တခြားအချစ်အကြောင်းကို မပြောတော့ဘူး၊ လိုအပ်တာကိုပဲ ပြောမယ်။ တစ်ယောက်နဲ့တစ်ယောက် ချစ်သူတွေဖြစ်တယ်ဆိုတာ မျှတမှုရှိမှ ကောင်းတယ်။ တစ်ယောက်က အချစ်ပိုနေရင် ပိုတဲ့သူမှာ သောကတွေကြီးပဲ ဖြစ်နေတယ်။ မောင်နန္ဒကို ချစ်တယ်ဆိုရင် မပိုစေနဲ့၊ စည်းတစ်ခုံ တားထားရမယ်။ အဲဒါကို နင်သိမယ်လို့ ငါထင်တယ်"

ဇော်နောင်ရဲ့စကားဖြစ်သည်။ ဇော်နောင်လို့ လူအေးလူကောင်းတစ်ယောက် တစ်ဖက်သား ဒုက္ခရောက်မှာကိုမလိုလား။

မှန်ကန်တာတွေကိုပဲ မျှော်လင့်သည်။

ဝတီဖူးသည် ဇော်နောင့်စကားများကို အပြန်လှန် စဉ်းစားနေသည်။ အချိန်သည် ညဉ့်နက်လာပြီမို့ အိပ်၍မပျော်။

ထိုနေ့က ဖြစ်ရပ်သည် သူမအတွက် ဘယ်နှစ်ကြိမ်ဖြစ်ခဲ့မှန်း မရည်တွက်နိုင်ပေ။ မောင်နန္ဒသည် သူမကို ချစ်တယ်ဟုသာ ပြောဆိုပေမယ့် အပြစ်မရှိ အပြစ်ရှာတတ်သည်။

တစ်ခါတစ်ရံ မောင်နန္ဒကို စိတ်ကုန်ပေမယ့် လမ်းခွဲရန် စဉ်းစားသော်လည်း ၎င်းစဉ်းစားမှုသည် အရာမထင်။





"ဟဲ့. . . သမီးဝတီ အခုထိ မအိပ်သေးဘူးလား"

"အိပ်မပျော်သေးဘူး၊ တီတီရာ"

"အချိန်ကလည်း ညဉ့်နက်လှပါပြီ၊ မနက် ခေါင်းကိုက်နေဦးမယ်"

"တီတီပြောတာ သမီး နားလည်ပါတယ်"

"နားမလည်တာများ ရှိသေးလို့လား သမီး"

"ရှိနေသလိုပဲ"

"ဘယ်. . . ဘယ်လို"

ဝတီဖူးစကားသည် အတူနေသော အဒေါ်နားမလည်အောင် ဖြစ်သွားပြီး. . .။

ဝတီဖူးကို ကြည့်လိုက်သည်။

သူမမျက်နှာသည် ညှိုးငယ်နေသည်။ ခါတိုင်း ဝတီဖူးရဲ့ မျက်နှာသည် လန်းဆန်းနေသည်။ ယခုတော့ ထိုကဲ့သို့မဟုတ်. .

ဝတီဖူးသည် ပြောဆိုရန် စကားစရှာဖွေနေသည်။

စက္ကန့်အတန်ကြာလာပေမယ့် ထွက်ပေါ်လာခြင်း မရှိ။

"အော်. . . သိပြီ၊ နေ့ခင်းက မောင်နန္ဒနဲ့ စကားများခဲ့တယ် မဟုတ်လား"

"ဟုတ်တယ်. . . တီတီ"

"ချစ်သူတွေပဲ သမီးရယ် ဒီလောက်တော့ ရှိမှာပေါ့"

"မဟုတ်ဘူး တီတီ၊ ဇော်နောင့် စကားကြောင့်"

"တီတီ ရှင်းအောင်ပြောပါ"

"ဇော်နောင်ပြောတာကို လက်ခံရမလို ဖြစ်နေပြီ၊ ဒီနေ့က ဇော်နောင်နဲ့ စကားပြောနေတဲ့အချိန်မှာ ဘာမှမပြောဘဲ လက်သီးနဲ့ ဝင်ထိုးတယ်"

www.burmeseclassic.com



"ဟယ်. . . မောင်နန္ဒကလဲ"

"အဲဒါနဲ့ မောင်ဇော်နောင်က ဘာမှမပြောဘူးလား"

"ပြောတာပေါ့. . . သူက လက်မှမခံတာ၊ ဒီကြားထဲ ထက်ပြီး ထိုးဖို့ ကြိုးစားတယ်။ အဲဒီအချိန်မှာ ဇော်နောင်က အရင်ဦး အောင် ထိုးတာပေါ့၊ တော်တော်နာသွားတယ်"

"အဲဒီတော့ မောင်နန္ဒက ဘာဆက်လုပ်လဲ"

ဝတီဖူးစကားသည် အဒေါ်ဖြစ်သူ စိတ်ဝင်စားသွားသည်။

အဒေါ်ဖြစ်သူသည် မောင်နန္ဒနှင့် ဝတီဖူး မကြာခဏ စကားများစာကို အမြဲတမ်း ကြုံတွေ့ရပြီး. . .

ကြားရတာလည်း အခါခါ။

အဒေါ်ဖြစ်သူသည် မောင်နန္ဒရဲ့လုပ်ရပ်ကို မကြိုက်။

မောင်နန္ဒက ဝတီဖူးကို အမြဲနိုင်သည်။

မိဘဆွေမျိုးများ ဂရုစိုက်ပြုစုထားတဲ့ တူမကို ယခုကဲ့သို့ နှိပ်စက်နေတာကို မကျေမနပ် ဖြစ်ရသည်။ အဒေါ်ဖြစ်သူက မောင် နန္ဒနှင့်လမ်းခွဲရန် အမြဲတမ်းပြော ဆိုသော်လည်း ဝတီဖူးက လက်မခံ ခဲ့ပေ. . .

"ဇော်နောင်က လက်ဦးမှုယူပြီးလုပ်လိုက်တော့ ဘာမှ လုပ်လို့မရခဲ့ဘူး။ အဲဒီမှာဇော်နောင်က ကျွန်မကို မှာသွားတယ်"

"မောင်ဇော်နောင်က ဘာမှာသွားလဲ"

"ကိုကို့ကို သတိထားတဲ့၊ ကိုယ်ခန္ဓာထက် အသက်ကို ပါ အန္တရာယ်ပြုလိမ့်မယ်တဲ့ ဒီလူဟာ လူကောင်း တစ်ယောက် မဟုတ်ဘူးတဲ့"

"အဲဒါတော့ စဉ်းစားစရာပဲ၊ တီတီလည်း အဲဒီလိုပဲ တွေးမိတယ်။ အေးပေါ့လေ. . . ဒီကိစ္စကို သမီးစဉ်းစားပေါ့လေ။ တီတီကတော့ ဘာမှမပြောဘူး၊ မောင်နန္ဒဟာ သမီးနဲ့ လတ်တွဲ ရမှာပါ"

"ကျွန်မ ရှုံးလိမ့်မယ် တီတီ"

"ရှုံးတယ်ဆိုရင် တော်သေးတာပေါ့ကွယ်"

အဒေါ်ရဲ့စကားကြောင့် ဝတီဖူးမှာ စဉ်းစားစရာ တစ်ခု ထပ်မံ တိုးလာပြန်သည်။ သူမသည် မောင်နန္ဒကို ဘယ်လိုပုံစံနှင့် ခရီးဆက်ပြီး ချစ်သူ အဖြစ် သတ်မှတ်ရမှာလဲ။

လမ်းခွဲရရင် ကောင်းမလား. . .

စဉ်းစားရင်းက အာရုံဦးဘက်ကိုဦးတည်နေပေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com

စိတ်ထဲတွင် တုန်လှုပ်ချောက်ခြားသွားပြီး…
ရုတ်တရက် ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားသည်။
အစကတော့
လွတ်လပ်စွာ ပျော်ပါးခဲ့သည်။
မောင်နန္ဒရဲ့ဆန္ဒကို နွယ်နွယ်ထွန်းက တားမြစ်ခြင်း မရှိ။
လိုက်လျောသည်။ ယခုတော့

# အခန်း(၂၃)

"ဘာ မောင်က မသတ်ရဲဘူး မဟုတ်လား"

"ဟုတ်တယ် မောင် ဝတီကို မသတ်ရက်ဘူး၊ သူဟာ သတ်ရလောက်တဲ့ အပြစ်မရှိပါဘူး"

"မောင့်မှာ အပြစ်မရှိပေမယ့် ကျွန်မမှာတော့ အပြစ်ရှိနေတယ်"

"ဘာ. . . ဘယ်လို နွယ်နဲ့ပြဿနာရှိခဲ့လို့လား. . ."

မောင်နန္ဒသည် ရှေ့မှာထိုင်နေတဲ့ နွယ်နွယ်ထွန်းကို ကြည့်လိုက်ရာ. . . နွယ်နွယ်ထွန်းသည် မောင်နန္ဒအား ပြန်လည်၍ မော့ကြည့်လိုက်သည်။

သူမရဲ့အကြည့်သည် နွဲ့လျလျဖြစ်သည်။

နွယ်နွယ်ထွန်းသည် လွန်စွာရက်စက်သော မိန်းမတစ်ယောက်ဖြစ်ပြီး. . . လိုချင်တာကို ရအောင်ယူတတ်သည်။

တကယ်တော့ နွယ်နွယ်ထွန်းသည် မောင်နန္ဒကို တကယ့်



www.burmeseclassic.com

www.burmeseclassic.com



ချစ်တာမဟုတ်။ မောင်နန္ဒရဲ့ပိုင်ဆိုင်မှုတွေကိုမက်မောလို့ ချစ်ဟန်ဆောင်နေခြင်းဖြစ်သည်။

ဒါကို မောင်နန္ဒမသိ။

မောင်နန္ဒသည် မိန်းမတွေနှင့် ရှုပ်ထွေးနေတတ်သူ။

မိန်းမတွေနှင့် နေရတာကို ပျော်ရွှင်နေတတ်သည်။

မိဘများရဲ့ ချမ်းသာကြွယ်ဝမှုသည် မောင်နန္ဒအတွက် အထောက်အကူ များစွာရရှိစေသည်။

မောင်နန္ဒသည် ဝတီဖူးကိုသာ ချုပ်ချယ်ထားပြီး ၎င်းကျတော့ မိန်းကလေးတွေနှင့် ရှုပ်ပွေသည်။

ဒါကို ဝတီဖူးသိပေမယ့် မျက်မြင်သက်သေမရှိ၍ အခက်တွေ့နေရသည်။

"နွယ်နဲ့ ပြဿနာမရှိပေမယ့် မောင်နဲ့တော့ ပြဿနာရှိပြီ"

"နွယ်နဲ့ ပြဿနာဟုတ်လား၊ ဘာပြဿနာလဲ နွယ်"

"နွယ့်မှာ. . . ဟိုဟာ ဖြစ်နေပြီ မောင်ရဲ့"

"ဘယ်လို နွယ်"

နားမလည်နိုင်အောင် ဖြစ်သွားသည်။

မောင်နန္ဒသည် နွယ်နွယ်ထွန်းကို ကြည့်လိုက်သည်။ သူမရဲ့မျက်နှာသည် ချက်ချင်းပျက်သွားသည်ကို ကောင်းစွာ သိလိုက်ရသည်။

စိတ်ထဲတွင် တုန်လှုပ်ခြောက်ခြားသွားပြီး. . .

ရုတ်တရက် ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားသည်။

အစတတော့

လွတ်လပ်စွာ ပျော်ပါးခဲ့သည်။





မောင်နန္ဒရဲ့ဆန္ဒကို နွယ်နွယ်ထွန်းက တားမြစ်ခြင်း မရှိ။

လိုက်လျောသည်။ ယခုတော့ ဘာဆက်လုပ်ရမလဲ. . . ရုတ်တရက်ဆိုတော့ ကောင်းတဲ့အဖြေထွက်ပေါ်လာခြင်း မရှိအောင်ဖြစ်နေသည်။

"ဟုတ်တယ်မောင်. . . နွယ့်မှာ ကိုယ်ဝန်ရှိနေပြီ၊ အဲဒါကြောင့် ပြောရတာပါ"

"နွယ့်မှာကိုယ်ဝန်ရှိတာနဲ့ ဝတီကိုဘာလို့သတ်ရမှာလဲ"

"မသတ်လို့ မရဘူးမောင်၊ ဝတီဖူးရှိနေရင် နွယ်တို့ရဲ့ချစ်ခရီးလမ်းက ဖြောင့်ဖြူးမှာ မဟုတ်ဘူး၊ မောင့်မိဘများက ဝတီကိုပဲ လကထပ်ခိုင်းမှာ သေချာတယ်။ အဲဒီလိုဖြစ်သွားရင် နွယ်ကဘယ်ခံနိုင်မှာ၊ နွယ့်မှာလင်မပေါ်ဘဲကလေးအမေ ဖြစ်သွားမှာပေါ့။ ကလေးရဲ့နောင်ရေးကိုလည်း အခက်တွေ့စေပါတယ်မောင်"

"အဲဒါဆို နွယ့်ကို မောင်ဘာလုပ်ပေးရမလဲ"

"ဘယ်လိုလုပ်ရမလဲ ဟုတ်လားမောင်၊ ပြောရက်လိုက်တာ မောင်ရယ်၊ နွယ့်စကားကို မောင်သဘော မပေါက်သေးဘူးလားမောင်ရယ်"

"အဲဒါကိုပဲ စဉ်းစားနေတာနွယ်"

မောင်နန္ဒစကားသည် နွယ်နွယ်ထွန်းအတွက် ဒေါသထွက်စရာ ဖြစ်သွားပြီး မကျေနပ်တဲ့အကြည့်ဖြင့် ကြည့်လိုက်သည်။

သူမရဲ့အကြည့်ကို မောင်နန္ဒ မခံနိုင်အောင် ဖြစ်နေသည်၊

တကယ်တော့ မောင်နန္ဒသည် နွယ်နွယ်ထွန်းကို ချစ်နှစ်သက်လို့ မဟုတ်။ အပျော်သဘော စိတ်ထွက်ပေါက်ရှာတဲ့သဘောနှင့်တွဲနေခြင်းဖြစ်သည်။

ယခုမောင်နန္ဒရဲ့ ပျော်ရွှင်မှုများသည် အချုပ်ထောင်ငှ



www.burmeseclassic.com

www.burmeseclassic.com



ကျရောက်သလို ခံစားလိုက်ရသည်။

"မောင်. . . စဉ်းစားမရရင် နွယ်ပြောတဲ့အတိုင်းလုပ်ပါ။ ပြောတဲ့အတိုင်း မလုပ်ဘဲ ထင်တာလုပ်ရင်တော့ မောင့်ကို နွယ်ကိုယ်တိုင်သတ်ပြီး စက်တိုင်ပေါ်တက်လိုက်မယ်"

"နွယ့်စကားကလည်းကွာ မဟုတ်တာဘဲ"

"တကယ်ပြောတာ မောင်၊ နွယ့်စကားကို မယုံဘူး ဆိုပြီး လုပ်ကြည့်လေ။ နွယ် ဘာလုပ်မယ်ဆိုတာ သိသွားလိမ့်မယ်"

"ကောင်းပြီလေ. . . အဲဒါဆို မောင်ဘာလုပ်ရမလဲ"

"နွယ်ပြောသလို လုပ်လေ၊ ဝတီဖူးကို သတ်ပြီးရင် နွယ်နဲ့မောင်တို့ ပြည်ပကိုသွားပြီး အတူတူနေကြမယ်"

မောင်နန္ဒသည် နွယ်နွယ်ထွန်းစကားကို ခေါင်းငုံ့နားထောင်နေသည်။

တကယ်တော့ ဝတီဖူးသည် မောင်နန္ဒကို စိတ်သောကရောက်အောင် မလုပ်ခဲ့။

ပြောသလို နေထိုင်ပြီး. . . ဂရုစိုက်တတ်သည်။

ဝတီဖူးကိုမကြိုက်တဲ့အချက်ရှိသည်။ ထိုအချက်က ယောက်ျားလေးတွေနှင့် စကားပြောဆိုခြင်း ဖြစ်ရာ. . .

ထိုကိစ္စနှင့်ပတ်သက်ပြီး မကြာခဏ စကားများကြသည်။

စကားတစ်ခါများတိုင်း ဝတီဖူးကို သတ်ချင်စိတ်များ မကြာခဏ ပေါ်လာသည်။

ယခု နွယ်နွယ်ထွန်းပြောလာတော့ အခက်တွေ့ရသည်။

"ကောင်းပြီလေ. . . အဲဒီအတွက် နွယ်က ဘာတွေကူညီမလဲ"

"မောင့်အနားမှာ အမြဲရှိနေမှာပါ။ လိုအပ်တာတွေ





အကုန်ကူညီပေးမယ်လေ"

"ကောင်းပြီလေ. . . နွယ့်ဆန္ဒကို ဘယ်နေ့ အကောင်အထည်ဖော်မလဲ"

"တစ်လအတွင်းပေါ့မောင်ရယ်၊ ပါတ်စ်ပို့လုပ်ရဦးမှာပဲ"

"ကောင်းပြီလေ. . . မောင်တို့ အကောင်အထည်ဖော်ကြတာပေါ့"

မောင်နန္ဒစကားသည် နွယ်နွယ်ထွန်းအတွက် ကျေနပ်စရာဖြစ်သွားပြီး မောင်နန္ဒအနားကို တိုးကပ်ပြီး ပခုံးပေါ် မေးလေးတင်လိုက်သည်။ ထို့နောက်. . .

ချွဲနွဲ့သော လေသံလေးဖြင့် ကြင်နာစကားများ ပြောနေပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ခြားနေရာမှာဆို ဝတီဖူးပြန်သွားသည်။
ယခုတော့ပြန်ရန် အချိန်မရှိ။
မိန်းမကောင်းတစ်ယောက်အနေဖြင့်
ပြန်ရန်မသင့်တော်သေးရင်းအချိန်တွင်

# အခန်း(၂၄)

ပျော်ရွှင်ကြည်နူးမှုများသည် ကမ္ဘာမှာရှိသူများက သူမလောက် ပျော်ရွှင်လိမ့်မည် မထင်. . .။

သူမဆိုတာ တစ်ခြားသူမဟုတ်။

ဝတီဖူး

ထိုနေ့. . .

ဝတီဖူးနှင့် မောင်နန္ဒတို့သည် ပြင်ဦးလွင် (မေမြို့) ကို ခရီးထွက်ကြရန်ဖြစ်ရာ. . .

ထိုခရီးသည် ဝတီဖူးကိစ္စကြောင့်ဖြစ်သည်။

သူမ မိဘများပိုင်ဆိုင်ထားတဲ့ ခြံလုပ်ငန်းကို သွားရောက်ကြည့်ရန်ဖြစ်သည်။

ခါတိုင်း ဒေါ်လေးသွားတတ်ပေမယ့်. . .

ယခုအခါတော့ ဒေါ်လေး နေမကောင်းဖြစ်နေ၍ ဝတီဖူးတို့သွားရန် တာဝန်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝတီဖူးသည် တစ်ယောက်တည်း မသွား၊ မောင်နန္ဒအား အတူလိုက်ရန် ခေါ်သွားသည်မို့ လိုက်ရန်ဆုံးဖြတ်ခဲ့သည်။

အဝတ်အစား သေတ္တာများနှင့် အိမ်က စတင်ထွက်လာခဲ့သည်။ အချိန်သည် ညဂနာရီကျော်နေသည်။

တရွေ့ရွေ့နဲ့မောင်းနှင်လာခဲ့၍ အချိန်စက္ကန့်များသည် ည ၁၂ ကျော်လောက်ရောက်တဲ့အချိန် မျက်စိများက မှေးမှိန်လာသဖြင့် အနီးနားရှိတည်းခိုခန်းတွင် အနားယူရန် ဝတီအား ပြောလိုက်သည်။

မောင်နန္ဒက . . .

"ဒီနားက တည်းခိုခန်းတစ်ခုမှာ တစ်ညအိပ်ပြီး မနက်စောစော ကားနဲ့သွားကြတာပေါ့"

"မောင့်သဘောပဲလေ . . ဝတီ မတားတော့ပါဘူး"

မောင်နန္ဒသည် တည်းခိုခန်းရှိ ကောင်တာကို သွားရောက်ပြီး နှစ်ယောက်အခန်းတစ်ခန်း ငှားလိုက်သည်။

အခန်းနံပါတ်က (၃၀) ဖြစ်သည်။

မောင်နန္ဒသည် အရှေ့ကနေ အဝတ်သေတ္တာကြီးကို သယ်ပြီး ထွက်သွားရာ . . .

ဝတီဖူးသည် အနောက်မှ လိုက်ပါသွားသည်။

တည်းခိုခန်းသည် ကြီးမားတဲ့ အဆောက်အဦကြီးဖြစ်ပြီး လူသူများရှင်းနေသည်။

ထိုတည်းခိုခန်းတွင် လာရောက်တည်းခိုသူများမှာ လူချမ်းသာများ အဓိက တည်းခိုတာများသည်။

မောင်နန္ဒသည် အခန်းတံခါးကို ဖွင့်လိုက်သည်။

"ဒီတည်းခိုခန်းက အတော်ကို အဆင့်မြင့်တယ်နော်





အခန်းတံခါးကို လာရောက်နေသည်။

သူမသည် အခန်းတံခါးဖွင့်ပေးလိုက်ရာ . . .

ရည်မှန်းချက်များ ပျက်သွားသည်။

မောင်နန္ဒမဟုတ်

အခြားယောက်ျားတစ်ယောက်ဖြစ်သည်။

တုန်လှုပ်သွားသည်။

"စိတ်မရှိပါနဲ့ဗျာ . . ကျွန်တော်အခန်းမှားသွားလို့"

"ဟုတ်ကဲ့ ရပါတယ်"

ထိုလူသည် ပြောပြီးထွက်သွားချိန်တွင် မောင်နန္ဒ ပြန်ရောက်လာသည်။

၎င်းကိုတွေ့လိုက်ရ၍ ဒေါသများထွက်သွားသည်။

"ခုနက ဘယ်သူလဲ၊ ဟိုလူ ဇော်နောင် မဟုတ်လား"

"မဟုတ်ပါဘူး မောင်ရဲ့"

"ဒါဆို ဘယ်သူလဲ၊ ဘာလာလုပ်တာလဲ"

"ဝတီမသိဘူးမောင်၊ အခန်းမသိလို့ လာမေးတာ"

"နေရာတိုင်းမှာ ဒီအတိုင်းကြီးပဲ"

မောင်နန္ဒသည် စကားပြီးဆုံးသည်နှင့် အခန်းအတွင်းသို့ ဝင်ရောက်သွားရာ ဝတီဖူးသည် အနောက်မှ လိုက်ပါလာသည်။

မောင်နန္ဒသည် အအေးပုလင်းကို စားပွဲပေါ်ကိုတင်ပြီး ထိုင်ချလိုက်သည်။ မောင်နန္ဒစိတ်ဆိုးတာကို ဝတီဖူး မနေတတ်အောင် ဖြစ်နေသည်။

"ဝတီကို အဲဒီလောက် အထင်မသေးပါနဲ့မောင်"

"မင်းကို ငါ အထင်သေးတယ်ဆိုတာ တစ်ခြား မဟုတ်ဘူး၊ ယောက်ျားတွေနဲ့ ပတ်သတ်နေလို့ပဲ။ အဲဒီလို လုပ်နေရင်အော



www.burmeseclassic.com

www.burmeseclassic.com



အခန်းတံခါးကို လာရောက်နေသည်။

သူမသည် အခန်းတံခါးဖွင့်ပေးလိုက်ရာ. . .

ရည်မှန်းချက်များ ပျက်သွားသည်။

မောင်နန္ဒမဟုတ်

အခြားယောကျ်ားတစ်ယောက်ဖြစ်သည်။

တုန်လှုပ်သွားသည်။

"စိတ်မရှိပါနဲ့ဗျာ. . . ကျွန်တော်အခန်းမှားသွားလို့"

"ဟုတ်ကဲ့ ရပါတယ်"

ထိုလူသည် ပြောပြီးထွက်သွားချိန်တွင် မောင်နန္ဒ ပြန်ရောက်လာသည်။

၎င်းကိုတွေ့လိုက်ရ၍ ဒေါသများထွက်သွားသည်။

"ခုနက ဘယ်သူလဲ၊ ဟိုလူ ဇော်နောင် မဟုတ်လား"

"မဟုတ်ပါဘူး မောင်ရဲ့"

"ဒါဆို ဘယ်သူလဲ၊ ဘာလာလုပ်တာလဲ"

"ဝတီမသိဘူးမောင်၊ အခန်းမသိလို့ လာမေးတာ"

"နေရာတိုင်းမှာ ဒီအတိုင်းကြီးပဲ"

မောင်နန္ဒသည် စကားပြီးဆုံးသည်နှင့် အခန်းအတွင်းသို့ ဝင်ရောက်သွားရာ ဝတီဖူးသည် အနောက်မှ လိုက်ပါလာသည်။

မောင်နန္ဒသည် အအေးပုလင်းကို စားပွဲပေါ်ကိုတင်ပြီး ထိုင်ချလိုက်သည်။ မောင်နန္ဒစိတ်ဆိုးတာကို ဝတီဖူး မနေတတ်အောင် ဖြစ်နေသည်။

"ဝတီကို အဲဒီလောက် အထင်မသေးပါနဲ့မောင်"

"မင်းကို ငါ အထင်သေးတယ်ဆိုတာ တစ်ခြား မဟုတ်ဘူး၊ ယောကျ်ားတွေနဲ့ ပတ်သတ်နေလို့ပဲ။ အဲဒီလို လုပ်နေရင်တော့



လမ်းခွဲသွားဖို့ပဲ ရှိတော့တယ်"

"ဘာပြောတယ်၊ ဘယ်လိုပြောလိုက်တယ် မောင်"

"ထပ်ပြောစရာ မလိုတော့ဘူးလို့ ထင်တယ်"

မောင်နန္ဒစကားသည် လွန်စွာ ပြတ်သားနေပြီး ဒေါသများ ထွက်ပေါ်လာသည်။

ဝတီဖူး စိတ်ညစ်ကြေကွဲသွားသည်။

တစ်ခြားနေရာမှာဆို ဝတီဖူး ပြန်သွားသည်။

ယခုတော့ ပြန်ရန် အချိန်မရှိ။

မိန်းမကောင်းတစ်ယောက်အနေဖြင့် ပြန်ရန် မသင့်တော်ပေ၊၎င်းအချိန်တွင် မောင်နန္ဒ ဟန်းဖုန်းမှ ခေါ်သံထွက်ပေါ်လာရာ မောင်နန္ဒသည် တစ်ဖက်က ဖုန်းနံပါတ်ကို ကြည့်လိုက်သည်။ ထိုင်ရာမှ ထွက်ပြီး အပြင်ဝရံတာကို ထွက်ပြီး နားထောင်နေသည်။

"နွယ်ဖါမောင်၊ ဘာလုပ်နေလဲ"

"ဝတီနဲ့ စကားပြောနေတယ်"

"နွယ်ပြောတာ မလုပ်သေးဘူးလား"

"မင်းလာမယ်ဆိုလို့ စောင့်နေတာ"

"ဒါဆို အခုပဲ လာခဲ့မယ်"

စကားပြောပြီးနောက် မောင်နန္ဒသည် အခန်းအတွင်းသို့ ဝင်ရောက်လာသည်။

"ဘယ်သူ ဆက်တာလဲ မောင်"

"အရေးကြီးတဲ့ လူတစ်ယောက်ဆက်တာ ဝတီ"

စကားပြီးတာနှင့် မောင်နန္ဒသည် အခန်းတံခါးကို ဖွင့်လိုက်ရာ. . . ထိုလုပ်ရပ်ကို နားမလည်အောင် ဖြစ်သွားသည်။

"ဘာဖြစ်လို့ တံခါးဖွင့်လိုက်ရတာလဲ မောင်"

www.burmeseclassic.com



"ကိစ္စရှိလို့ ဖွင့်လိုက်တာလေ"

"ဘာကိစ္စလဲ မောင်"

"မကြာခင် သိရမှာပါ"

မောင်နန္ဒလေသံသည် ပြတ်သားလှသည်။

စိတ်ထဲတွင် တစ်မျိုးဖြစ်သွားသည်။

အခါတိုင်းပြောနေတဲ့ မောင်နန္ဒရဲ့အသံနှင့် အခုအသံက ကွာခြားနေသည်။ ထိုအချိန်တွင်

အခန်းဝမှာ မိန်းကလေးတစ်ယောက် လာရပ်သည်။

ရုတ်တရက်မြင်ကွင်းကြောင့် ဝတီဖူး နားမလည်အောင် ဖြစ်သွားသည်။ နွယ်နွယ်ထွန်းသည် ဝတီဖူးကို ကြည့်ပြီး အခန်းတွင်းသို့ ဝင်ရောက်လာသည်။

"ဒါ ဘာလုပ်တာလဲ မောင်"

"ကျွန်မ. . . ရှင်နဲ့စကားပြောစရာရှိလို့ ရောက်တာ မဝတီဖူး"

"ကျွန်မ ရှင့်ကိုမသိဘူး"

"မကြာခင် ရှင်သိရမှာပါ။ ကျွန်မနာမည် နွယ်နွယ်ထွန်း ဟောဒီက မောင်နဲ့လက်ထပ်ထားတဲ့ သူပါ"

"မဟုတ်ပါဘူး. . . မဖြစ်နိုင်ဘူး"

"အဲဒါတော့ မတတ်နိုင်ဘူး၊ ခုဏက ဖုန်းဆက်တာ ကျွန်မဆက်လိုက်တာပဲ"

"မဖြစ်နိုင်ဘူး. . . ရှင် အခုကျွန်မတို့အခန်းထဲက ထွက်သွားပါ၊ ကျွန်မအော်လိုက်ရင် ရှင့်အတွက် မကောင်းပါဘူး"

"ကျွန်မက အဲဒီလောက် သရဲဘောမကြောင်ပါဘူး"

"ကျွန်မ ဒီအခန်းထဲက ထွက်သွားမှာပါ၊ အခု မဟုတ်





သေးဘူး၊ ရှင်နဲ့ ရှင်းပြီးမှ သွားမှာပါ"

"ဘာမှ ရှင်းစရာမလိုဘူး၊ အခု ထွက်သွားပါ။ မောင် ဒီမိန်းမကို အခန်းထဲက မောင်းထုတ်ပေးပါ။ မောင် ဘာလို့ မောင်း မထုတ်တာလဲ"

"နွယ်. . . အချိန်မရှိဘူး၊ မင်းကိစ္စကို မြန်မြန်ရှင်းပါ"

"ရှင်းမှာပါ. . . မောင်က မစတော့လည်း နွယ်ကပဲ စရတာပေါ့"

"ရော့"

"အား"

နွယ်နွယ်ထွန်းသည် အသင့်ပါလာသော ဓားဖြင့် ဝတီဖူးကို ထိုးလိုက်သည်။ ဝတီဖူးသည် ရှောင်လိုက်သော်လည်း နောက်ကျ သွားသည်။

"ရှင်က ကျွန်မကို ဓားနဲ့ထိုးတယ်"

ဝတီဖူးသည် ဒေါသဖြစ် ရင်ဆိုင်ရန် ထလိုက်ချိန်မှာ မောင်နန္ဒက အနောက်မှ ဖမ်းချုပ်လိုက်သည်။

ဝတီဖူး လှုပ်မရအောင် ဖြစ်သွားသည်။

နွယ်နွယ်ထွန်းအတွက် အခွင့်ရသွားသည်။

အချက်ပေါင်းများစွာ ထိုးလိုက်သည်။

ဝတီဖူးသည် ရုန်းကန်သော်လည်း အားချင်းမမျှ၍ လက် မြှောက်အရှုံးပေးရသလို ဖြစ်သွားပြီး. . .

"ကျွန်မကို မသတ်ပါနဲ့. . . မသတ်ပါနဲ့"

တောင်းပန်နေသည်။

"မောင်. . . ကျွန်မကို မသတ်ပါနဲ့၊ ကျွန်မကို ကယ်ပါဦး မောင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဝတီဖွားသည် မောင်နန္ဒကို တောင်းပန်သော်လည်း အကြဲ တွှနေ၍ လက်မခံ။

နောက်ဆုံးတွင် ဝတီဖွားသည် မားဒဏ်ရာများနှင့် သေဆုံး သွားလေတော့သည်။

# အခန်း(၂၅)

ထိုနေ့ မနက်ခပ်စောစောတွင် မောင်နန္ဒသည် တည်းခိုခန်း က ထွက်လာခဲ့သည်။

လက်ထဲတွင် ခရီးဆောင် သေတ္တာကြီးကို ဆွဲထားသည်၊ ၎င်းထွက်ခဲ့သည့် အချိန်မှာ လေးနာရီမထိုးသေး။ တည်းခိုခန်းရှိ ဝန်ထမ်းမှာ အိပ်ယာက ထခါစဖြစ်သည်။

အခန်းကို သေချာရှင်းလင်းပြီးမှ ထွက်ခဲ့သည်မို့ ခြေရာ လက်ရာမကျန်ရစ်ခဲ့ပေ။

တည်းခိုခန်းအပြင်ဘက်တွင် နွယ်နွယ်ထွန်းက စောင့်နေ ရာ အသင့်ရှိနေသည်။

မောင်နန္ဒသည် ခရီးဆောင်သေတ္တာကြီးကို ကားအနောက် ခန်းမှာထည့်ပြီး ကားကို ဆက်လက်မောင်းလာလိုက်လေတော့ သည်။

နွယ်နွယ်ထွန်းသည် ၎င်းလုပ်ရပ် အောင်မြင်သွားသည့်

www.burmeseclassic.com



အတွက် ပျော်ရွှင်နေသည်။

မောင်နန္ဒမျက်နှာကို ကြည့်လိုက်ရာ မျက်နှာသည် ပျော်ရွှင်မှုများ ကင်းမဲ့နေသည်။

ကားလေးသည် အရှိန်ပြင်းစွာ မောင်းနှင်လာသည်။

မိနစ်နှစ်ဆယ်လောက် မောင်းပြီးနောက် ခြံကျယ်ကြီးတစ်ခုရှေ့ကို ရောက်ရှိလာသည်။

ခြံထဲတွင် ကြီးမားတဲ့ အပင်ကြီးများ ရှိနေပြီး. . .

ရှေးဟောင်းအိမ်ကြီးတစ်လုံးလည်း ရှိနေသည်။

၎င်းတို့သည် ကားပေါ်မှ ဆင်းပြီး၊ ခြံကြီးအတွင်းသို့ ဝင်လိုက်ကြသည်။ ပတ်ဝန်းကျင်သည် တိတ်ဆိတ်နေသည်။

မောင်နန္ဒနှင့် နွယ်နွယ်ထွန်းတို့သည် အိမ်ကြီးအပေါ်သို့ တက်လိုက်ကြပြီး ပြူင်တူထိုင်လိုက်ကြသည်။

"မောင်. . . ဒီအလောင်းကို ဘယ်လိုဖျောက်ကြမလဲ"

"မင်း ဘယ်လို စိတ်ကူးထားလဲ"

"မောင့်ကို ပိုင်ဆိုင်ချင်လို့သာ အခုလိုလုပ်လိုက်ရတာ။ အဲဒီနောက်ဆက်တွဲကို မစဉ်းစားမိဘူး"

"အဲဒါဆိုရင်လည်း မင်းပဲ စဉ်းစား၊ ငါက မင်းပြောတဲ့အတိုင်း လုပ်ပြီးပြီ"

မောင်နန္ဒစကားသည် မာကျောပေမယ့်. . . သူမအကြံအောင်မြင်နေ၍ ပျော်ရွှင်နေသည်။

"ဒါဆိုရင်လည်း ဒီအလောင်းကို ဖျောက်ဖို့ကိစ္စ နွယ်တာဝန်ယူမယ်။ ဒီအတွက် နွယ့်ကို ပိုက်ဆံငါးသိန်းပေးရမယ်"

"ဘာ. . . ဘယ်လို. . . ဘယ်လိုပြောလိုက်တယ်"

"ဟုတ်တယ် မောင်. . . ဒီအလောင်းကို လူတွေမသိမှ



မောင် အဖမ်းမခံရမှာလေ၊ သိသွားရင် မောင်သေဒဏ်နဲ့ရမှာပေါ့"

"ငါ သေဒဏ်အပေးခံရရင် မင်းလဲပါတာပဲ"

"နွယ်က မိန်းမလေ မောင်ရဲ့၊ နွယ်သတ်တယ်ဆိုတာ ဘယ်သူက ယုံမှာလဲ မောင်ရဲ့"

"ဩော်. . . မင်းက ဒီလိုဖြစ်နေမှကို၊ အေး. . . အေး မင်းတောင်းတဲ့ ပိုက်ဆံငါးသိန်းကို ငါပေးမယ်"

"ဘယ်တော့ပေးမှာလဲ မောင်၊ အချိန်သိပ်မရှိတော့ဘူးနော်"

"အခုပဲ ပေးလိုက်မှာပါ"

မောင်နန္ဒ၏စကားကြောင့် နွယ်နွယ်ထွန်း ပျော်ရွှင်သွားသည်။

တကယ်တော့နွယ်နွယ်ထွန်းသည် မောင်နန္ဒကို ချစ်မြတ်နိုးသူမဟုတ်. . . မောင်နန္ဒထံမှ မြောက်များစွာသော ငွေကြေးကို ရယူလိုစိတ်ဖြင့် ထိုကဲ့သို့ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မောင်နန္ဒသည် ဒေါသမျက်လုံးဖြင့် နွယ်နွယ်ထွန်းကို ကြည့်လိုက်သည်။

"ရော့. . ."

မောင်နန္ဒသည် ဓားတစ်ချက်ထပြီး. . . နွယ်နွယ်ထွန်းရဲ့ရင်ဘတ်ထဲကို ဓားနဲ့ထိုးသွင်းလိုက်သည်။

ထိုသို့ပြုလုပ်တာကို ရှောင်လိုက်ပေမယ့် နောက်ကျသွားပြီ၊ မောင်နန္ဒရဲ့ လုပ်ရပ်ကို ခံလိုက်ရသည်။

နွယ်နွယ်ထွန်းသည် ရုန်းကန်သော်လည်း ခွန်အားမရှိတော့၍ ငြိမ်းထန်တဲ့ ဝေဒနာကို ခံစားနေရသည်။

မောင်နန္ဒရဲ့စိတ်များသည် ကျွဲရိုင်းတစ်ကောင်လို ဖြစ်နေ

www.burmeseclassic.com



သည်၊ ဝတီဖူးကို သတ်ပြီးတည်းက စိတ်တွေရိုင်းနေခဲ့တာ၊

ယခု နွယ်နွယ်ထွန်းကိုပါ အသေသတ်ရန် ကြိုးစားနေသည်။

"မောင်. . . မောင်"

"မင်းကို ငါသတ်မယ်. . . မင်းသေမှ ငါ့ဘဝ အေးချမ်းမယ်"

"ရှင်. . . ရှင်"

မောင်နန္ဒသည် နွယ်နွယ်ထွန်းကို အဝေးသို့ ပစ်လွှတ်လိုက်သည်။

"ဝုန်း"

"အား"

ဒေါသစိတ်များ ထိန်းချုပ်မရနိုင်အောင်ဖြစ်ပြီး. . . အနီးရှိ ထိုင်ခုံဖြင့် နွယ်နွယ်ထွန်းကို ရိုက်လိုက်ရာ ဦးခေါင်းပေါ် ကျသွားသည်။

နွယ်နွယ်ထွန်းသည် ထိုနေရာတွင် အသက်ပျောက်တွယ် သွားပေတော့မည်။



# အခန်း(၂၆)

"ကဲ. . . ဒါပါပဲဗျာ. . . ကျွန်တော်ဝတီဖူးကို တကယ် သတ်မိခဲ့ပါတယ်"

"မိုက်လိုက်တာ သားရယ်၊မင်းအခု အဖမ်းခံရတော့မယ်"

ဒေါ်မာလာဆွေသည် ဒေါသဖြင့် ပြောလိုက်သည်၊ မောင် နန္ဒသည် မိခင်ရဲ့စကားကြောင့် တုန်လှုပ်သွားသည်၊ ထိုစကားသည် ဒုတိယအကြိမ်ကြားလိုက်ရခြင်း ဖြစ်သည်။ ပထမအကြိမ်ပြောခဲ့သူ မှာ နွယ်နွယ်ထွန်းဖြစ်ရာ. . . အခု မိခင်ရဲ့ စကားဖြစ်သည်။

ဝတီဖူးကို ချစ်လျှက်နှင့်သတ်ခဲ့မိတာကို ကြီးမားတဲ့ အမှား တစ်ခုဖြစ်သည်ဟု ထင်မှတ်လိုက်မိသည်။

"ကျွန်တော့်ကို မဖမ်းပါနဲ့. . . ကျွန်တော့်ကို မဖမ်းကြ ပါနဲ့၊ ကျွန်တော်တောင်းပန်ပါတယ်"

မောင်နန္ဒသည် မိခင်နှင့်အတူ အနီးရှိလူများအား တောင်း



www.burmeseclassic.com

www.burmeseclassic.com



ပန်နေသည်။ ၎င်း၏ တောင်းပန်မှုကို မည်သူမှ လက်ခံခြင်းမရှိ။ မျက်နှာများသည် တင်းမာနေသည်။

မောင်နန္ဒ အသိစိတ်တစ်ခုဝင်လာသည်။

ထိုအသိစိတ်က . . .

"မင်းလုပ်တာကို မင်း ဘာလို့မခံရဲရမှာလဲ၊ မင်း ယောကျ်ား မဟုတ်ဘူးလား၊ မင်းလောက်မိုက်တဲ့သူ လောကမှာ ရှိနေတာ အမေဖြင့် ရှက်လွန်းလို့"

"မေဒါ ဒေါ်ပြောတာ မှန်ပါတယ်။ ကိုနန္ဒဟာ လူ့လောက မှာ မနေသင့်တဲ့ လူတစ်ယောက်ပါ သူ့ကို သက်ဆိုင်ရာကို အပ် လိုက်တာ အကောင်းဆုံးပါ"

"ကျွန်ုပ်ကို တောင်းပန်ပါတယ် ချယ်ရီ၊ ကိုကို့ကို အဲဒီလို မလုပ်ပါနဲ့ အဲဒီလိုတော့ မလုပ်ပါနဲ့"

ထိုသို့ပြောပြီး မောင်နန္ဒသည် ရုတ်တရက် ထရပ်လိုက်ပြီး ဝရံတာဘက်ကို ဦးတည်ထွက်ပြေးပြီးနောက် အောက်တို ခုန်ချရန် ကြိုးစားနေသည်။ အားလုံးက မလုပ်ရန် တားမြစ်နေပေ မယ့် . . .

"အား . . ."

အော်သံသည် ပတ်ဝန်းကျင်တစ်ခုလုံးကို လွှမ်းမိုးသွား သလို မောင်နန္ဒသည် အပေါ်ဝရံတာမှ အောက်ကို ခုန်ချလိုက်ချိန်တွင် ဆူညံတဲ့အသံများက ကမ္ဘာလောကကြီးကို တုန်လှုပ် သွားစေအောင် ဖန်တီးလိုက်သလို ဖြစ်ပြီး အားလုံးသည် မောင်နန္ဒအား အပေါ်ထပ် ကနေ အောက်ထပ်ကို ကြည့်နေကြရင်း။

(စာဖတ်သူများ ခင်ဗျာ၊ ယခု မောင်နန္ဒ ဝရံတာမှ ခုန်ချအသေခံသွားတဲ့ ပုံစံဖြစ်၍ ဝတ္ထုကို အဆုံးသတ်ရင် လက်ခံ





နိုင်ကြရဲ့လားဟု မေးချင်ပါတယ်။ စာရေးသူက ထိုကဲ့သို့ ဇာတ်လမ်း ကို အဆုံးသတ်လိုက်ရတာကို ဘဝင်မကြဘူး။ ဇာတ်ကောင်တစ် ကောင်ကို ထိုကဲ့သို့ ရက်စက်စွာမလုပ်သင့်ဘူးထင်မှတ်မိ၍ ညာညာ တာတာလေးဖြစ် ဇာတ်လမ်းလေးကိုသိမ်းရန် စိတ်ကူးမိပါသည်)

"သမီးလေး ချယ်ရီဦးကို တစ်ခုလောက်မေးချင်တယ်"

"ဟုတ်ကဲ့ မေးပါ ဒေါ်ဒေါ်"

"သားလေး . . . အခုလို လုပ်တယ်ဆိုတာ ဘယ်လို လုပ်သိလဲ"

"ဟောဟိုက ဦးလေးကံညွှန့်ကြောင့်ပါ ကိုနန္ဒအခုလို လုပ်တယ်ဆိုတာ သူက အားလုံးသိနေတယ်။ အဲဒါကြောင့် ကိုနန္ဒကို ခြောက်လှန့်နေတာပါ အမှုပေါ်အောင်လုပ်တဲ့နည်းပေါ့"

ချယ်ရီဦး၏စကားသည် မောင်နန္ဒအတွက် တုန်လှုပ်ခြောက် ခြားစရာဖြစ်သွားသည်။

တကယ်တော့

ချယ်ရီဦးသည် မောင်နန္ဒကို ချစ်မြတ်နိုးသူမဟုတ် . . .

ဝတီဖူးသေဆုံးသွားတာကြောင့် ယခုကဲ့သို့ ပြုလုပ်နေရခြင်း ဖြစ်သည်။ ချယ်ရီဦးနှင့် ဝတီဖူးတို့သည် အမွှာညီမဖြစ်ပြီး ဝတီဖူးက မြန်မာနိုင်ငံမှာ ကျွန်ရစ်ခဲ့ပြီး၊ ချယ်ရီဦးကတော့ ပြည်ပမှာနေထိုင် သည်။

ပြန်ရောက်လာတော့ ဝတီဖူးသေဆုံးသွားသည်ကို သိရ၍ ဝမ်းနည်းကြေကွဲသွားသည်။

ဒေါသများလည်း ထွက်လာသည်။

ချယ်ရီဦးက ဝတီဖူးလိုမဟုတ် ပြတ်သားသည်။ လုပ်ရဲ သည်။



www.burmeseclassic.com

www.burmeseclassic.com



ချယ်ရီဦးစကားကို ကြားရတော့။

မိခင်ဒေါ်မာလာ ဒေါသထွက်သွားသည်။

ဒေါ်မာလာသည် ဝတီဖူးကို သမီးအရင်းတစ်ယောက်ကဲ့သို့ ချစ်သည်။ မောင်နန္ဒကိုလည်း ဝတီဖူးဘယ်သွားသလဲဟု မကြာခဏ မေးတတ်သည်။ မောင်နန္ဒက အရှုးလုပ်နေသည်။

ဒေါ်မာလာသည် ဒေါသမျက်လုံးများဖြင့် ကြည့်လိုက်သည်။

"မင်း. . . လူမိုက်ပဲ၊ တကယ့်လူမိုက်. . . မင်းလိုလူကို သားတော်စပ်ရတာ ရှက်လွန်းလို့၊ သွား. . . မင်းအခု ငါ့အရှေ့က ထွက်သွား"

"ကျွန်တော့်ကို အဲဒီလိုမပြောပါနဲ့ မေမေ၊ ကျွန်တော့် လုပ်ရပ်ကို ကျွန်တော်ခံပါ့မယ်"

"မင်းအခုမှ ဒီစကားကို ပြောရလား၊ စောစောက ပြောရမှာပေါ့၊ အခု မင်းမျက်နှာကို မကြည့်ချင်ဘူး"

"ဟုတ်ကဲ့ပါ ကျွန်တော့်အပြစ်ဒဏ်ကို ကျွန်တော် ခံပါ့ မယ်"

ထိုအချိန်တွင် မောင်နန္ဒသည် တိုက်အပေါ်မှ ပြေးသွားသည်။ အားလုံးသည် မောင်နန္ဒ အနောက်ကို လိုက်နေကြသည်။

ခေါ်သံများကလည်း ဝန်းကျင်ကို လွှမ်းမိုးနေသည်။

မောင်နန္ဒသည် သွက်လက်စွာ ပြေးနေသည်။ အနောက်တခေါ်သံများကို ဂရုမစိုက်နိုင်. . .။

ထိုအချိန်တွင် မောင်နန္ဒသည် ကားလမ်းတစ်ဖက်ကို ဖြတ်ကူးနေရာ. . .

"မောင်နန္ဒ. . . ဟိုမှာ. . . ကား. . . ကား"



"ကျွီ. . ."

"ဝုန်း. . ."

"အား. . ."

အော်သံများနှင့်အတူ မောင်နန္ဒသည် မြေပေါ်သို့ လွင့်စင်ကြသွားပေတော့၏။

ကိုယ်ခန္ဓာမှ ထွက်ပေါ်လာတဲ့ သွေးများ ပျံ့ကြဲသွားရာ. . . အနီးရှိသူများအတွက် ကြေကွဲစရာ ဖြစ်နေသည်။

ဒေါ်မာလာနှင့် မိသားစုများသည် မောင်နန္ဒအား ကြေကွဲစွာဖြင့် ကြည့်နေပေမယ့် အသက်မဲ့သွားတဲ့ မောင်နန္ဒမှာတော့ မည်သည့်အရာကိုမှ မသိနိုင်အောင် ဖြစ်သွားပေရာ။

မကောင်းမှုပြုလုပ်သူတို့ရဲ့ သွားရာလမ်းသည် ထိုနေမှ တစ်ပါး တစ်ခြားတစ်နေရာမရှိဟု ထင်မှတ်နေမိတော့သည်။

ပရလောကသားများကို စုံစမ်းရှာဖွေနေသော

မင်းပုည

www.burmeseclassic.com